www.burmeseclassic.com

အဏ္ဏဝါစိုးမိုး

# ဆုတောင်းမဆုံးစေနဲ့စောကလျှာ

လက်ရွေးစင်ဝတ္ထုတိုများ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

အဏ္ဏဝါစာပေ

အမှတ် ၄၅၇(က)၊ ပြည်သာယာလမ်း၊ ၁၆/၃ ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ ၅၇၇၈၆၆၀ ၀၉-၅၁၆၆၄၁၂

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အဏ္ဏဝါစိုးမိုး

# ဆုတောင်းမဆုံးခဲ့သောကာလများ

## လက်ရွေးစင်ဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

◆ ဆုတောင်းမဆုံးစေနဲ့စောကလျာ၊ လက်ရွေးစင်ဝတ္ထုတိုများ
◆ အဏ္ဏဝါစိုးမိုး
စာမူခွင့်ပြုချက် ◆ ၅၀၀၀၀၃၀၁၁၁
မျက်နှာဖုံးခွင့်ပြုချက် ◆ ၅၀၀၁၀၈၀၂၁၁
အကြိမ် ◆ ပထမအကြိမ်
၂၀၁၁-ခုနှစ်၊ ဖေဖော်ဝါရီလ
အုပ်ရေ ◆ ၅၀၀
တန်ဖိုး ◆ ၁၅၀၀ ကျပ်
မျက်နှာဖုံး၊ ပန်းချီ ဒီဇိုင်း ◆ ဆြာအဏ္ဏဝါ
ကွန်ပျူတာစာစီ၊ စာမျက်နှာဖွဲ့ ◆ စိုးလွင် (usoelwin.allstar@gmail.com)
မိုးသစ္စာ - စာစီစာရိုက်၊ မိတ္တူလုပ်ငန်း
ဖလင် ◆ ကိုဦးနှင့်ညီများ
စာအုပ်ချုပ် ◆ ကိုမြင့်
ထုတ်ဝေသူ ◆ ဦးစိုးမြင့် (အဏ္ဏဝါစာပေ)
အမှတ် ၃၅၇(က)၊ ပြည်သာယာလမ်း၊
၁၆/၃ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။
ပုံနှိပ်သူ ◆ ဦးကျော်မင်းဇင်၊ ရွှေသဇင်ပုံနှိပ်တိုက်၊
အမှတ်(၂၅၁)၊ (၃၉)လမ်း-အထက်၊
ကျောက်တံတားမြို့နယ်၊ ဖုန်း - ၃၈၆၄၁၉

| |
|---|
| စိုး‌မိုး၊ အဏ္ဏဝါ ၈၉၅. ၈၃ |
| ဆုတောင်းမဆုံးစေနဲ့စောကလျာ (ဝတ္ထုတိုများ) / အဏ္ဏဝါစိုးမိုး - ရန်ကုန်၊ |
| အဏ္ဏဝါစာပေ၊ ၂၀၁၁။ |
| ၁၉၁-စာ၊ ၁၂ စင်တီ x ၁၈ စင်တီ။ |
| (၁) ဆုတောင်းမဆုံးစေနဲ့စောကလျာ (ဝတ္ထုတိုများ) |

## အဏ္ဏဝါစိုးမိုး ၏ ထွက်ပြီးစာအုပ်များ

၁။ ပန်းပန်မှုနန်းဆန်တော့သည်
၂။ ပျားတစ်စက်
၃။ အိတ်ဆောင် R/O
၄။ အဏ္ဏဝါစိုးမိုးဝတ္ထုတိုများ
၅။ ဒုက္ခရသဝတ္ထုတိုများ
၆။ ချစ်ခရီးကရှည်နေဦးမည်
၇။ နှုတ်ဆက်ခဲ့ပါတယ်စင်ကာပူ
၈။ ဟီးဟီးဟားဟားမော်တော်ကား
၉။ ခရီးဆောင်ဟာသများ
၁၀။ တို့ရွာကမဏိစန္ဒာ
၁၁။ မဖြူတုတ်တို့အကြောင်း
၁၂။ အဏ္ဏဝါခရီးသည်
၁၃။ ပင်လယ်ပျော်ကြီး
၁၄။ အိုပယ်ကြီး၏နောက်ဆုံးနေ့များ
၁၅။ သင်္ဘောသား၏ဂန္ထဝင်ကလဲ့စား
၁၆။ နှစ်ပေါင်းလေးဆယ်ကြာသောခါဝယ်
၁၇။ ပိန်ကုတ်တရလုလင်
၁၈။ အဖေအလိုရှိသည်
၁၉။ ဖတ်စရာအလင်းတန်းများ
၂၀။ ဧည့်သည်ရှိမှဖြစ်မည်
၂၁။ ဆရာမနိုင် ကျောက်ကလိုင်သိုက်
၂၂။ နိုင်ငံခြားသင်္ဘောက R/O ၏အလုပ်များ
၂၃။ ညိုမရဲ့လင်

(ဆုတောင်းမဆုံးစေနဲ့စောကလျာ)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကုသိုလ်စိတ်ကလေးထွက်ပြေးသွားတယ် | ၉ |
| ၂။ | ကိုယ်ပျက်ဝိဇ္ဇာ | ၂၀ |
| ၃။ | မေးမြန်းခြင်းသည်းခံပါ | ၃၀ |
| ၄။ | ရွှေပြည်စိုးသူ့ထက်ကဲ | ၄၇ |
| ၅။ | သေရင်မပြီးပါ | ၅၉ |
| ၆။ | သွားကြဦးမလားနိုင်ငံခြား | ၆၇ |
| ၇။ | အဘိုးသေသည့်နေ့ | ၇၈ |
| ၈။ | မေတ္တာဆွဲအားခြားနားပြီထင့် | ၉၃ |
| ၉။ | နှစ်ပေါင်းငါးဆယ်ကြာသောခါဝယ် | ၁၀၂ |
| ၁၀။ | လေထဲတွင်စိုက်ထားသောကျောက်တိုင် | ၁၂၀ |
| ၁၁။ | လောကီစျာန်နှင့်မထိုက်သည့်စရိုက်များ | ၁၃၄ |
| ၁၂။ | အမှီကောင်း | ၁၅၁ |
| ၁၃။ | ထက်ရပ်ရွာဆီကလက်ပတ်နာရီအကြောင်း | ၁၆၄ |
| ၁၄။ | ဆုတောင်းမဆုံးစေနဲ့စောကလျာ | ၁၇၇ |




# အမှာစာ

ဆုတောင်းမဆုံးစေနဲ့စောကလျာ လက်ရွေးစင်ဝတ္ထုတို များသည် ကလျာမဂ္ဂဇင်းမှာ ဖော်ပြခဲ့သည့် ကျွန်တော့်ဝတ္ထုတို (၁၄)ပုဒ်ကို စုစည်းထားတာဖြစ်သည်။ ဆုတောင်းမဆုံးစေနဲ့ စောကလျာနှင့် အခြားဝတ္ထုတိုများဖြစ်သည်။ ဝတ္ထုတို (၁၄)ပုဒ် လုံးသည် ကလျာမဂ္ဂဇင်းမှာ ဖော်ပြခဲ့တာတွေချည်းဖြစ်လို့ ကလျာဝတ္ထုတိုများဆိုလျှင်လည်း မှန်ပါသည်။

"ဆရာအဏ္ဏဝါ ဘာတွေလျှောက်ရေးတာလဲ . . .၊ အဲဒီ ဝတ္ထုတွေကို ကျွန်မဆီကို မပို့ပါနဲ့ . . .၊ နောက်ထပ်တစ်ပုဒ် ရေးပေးပါဦး"

ဒါက ကလျာမဂ္ဂဇင်း၏အယ်ဒီတာချုပ် ဆရာမကြီး ဒေါ်ကလျာက ကျွန်တော့်ကို တယ်လီဖုန်းဆက်ပြီးပြောသည့် စကားဖြစ်သည်။ ကျွန်တော်ရေးပို့သည့် ဝတ္ထုတိုကိုဖတ်ကြည့်ပြီး သူမကြိုက်လို့ ကျွန်တော့်ကို အသိပေးတာဖြစ်သည်။ နောက်တစ်ပုဒ် ရေးပေးရန် တောင်းဆိုသည်။ ဆရာမကြီးသည် ယဉ်ကျေးသိမ်မွေ့သူဖြစ်၍ ပေါက်ကရ စာတွေကိုရေးသည့် ကျွန်တော့်ကို မကြာခဏ ပယ်လေ့ရှိသည်။

ကျွန်တော်ကလည်း လင်လိုချင်လို့ ရှစ်ရှစ်ဖြစ်ပြီး ဒုက္ခ ရောက်နေသည့် အပျိုကြီးတွေအကြောင်း၊ တရားစခန်းတွေကို



www.burmeseclassic.com

www.burmeseclassic.com

သွားပြီး လင်မယားချင်ဟန်ဆောင်နေသည့် အပျိုကြီးတွေအကြောင်း၊ တရားရိပ်သာတွေသွားပြီး မုဆိုးမ၊ တစ်ခုလပ် နှင့် အပျိုကြီးတွေကို သွားဖန်နေသည့် မုဆိုးဖို၊ တစ်ခုလပ်၊ လူပျိုကြီးတွေအကြောင်း ရေးပို့သည်။ ကျွန်တော့်ဇနီး ဒေါ်ဖြူတုတ်နှင့် အဆင်မပြေလို့ ကျွန်တော် တရားစခန်းဝင်သည့်အကြောင်း၊ ဆယ်ရက်စခန်းဝင်တာ ဘာတရားမှမရဘဲ အိမ်ပြန်ရောက်လာသည့်အကြောင်းတွေကို ရေးသည်။ ဝတ္ထုနာမည်က (တရားစခန်းမှ မယားအခန်းသို့) ဟူ၍လည်းကောင်း၊ (တရားရိပ်သာမှ မယား အိပ်ရာသို့) ဟူ၍လည်းကောင်း ရေးပို့ရာ ဆရာမကြီး စိတ်ပျက်သွားဟန်တူသည်။ အဲဒီလို မဖွယ်မရာစာတွေနှင့် အယုတ္တ အနတ္တတွေကို ဆရာမကြီးက လုံးဝ မကြိုက်လို့ သတိပေးတာဖြစ်သည်။

**ဆုတောင်းမဆုံးစေနဲ့စောကလျာ** ဝတ္ထုတိုတွေကတော့ ဆရာမကြီးကိုယ်တိုင်ကြိုက်လို့ ရွေးချယ်ပြီး ကလျာမဂ္ဂဇင်းမှာ ဖော်ပြပေးခဲ့သည့် ဝတ္ထုတိုတွေဖြစ်သည့်အပြင် ကျွန်တော်ကိုယ်တိုင်ကြိုက်သည့် ဝတ္ထုတိုတွေဖြစ်လို့ လက်ရွေးစင်ဝတ္ထုတိုများလို့ နာမည်ပေးလိုက်ရတာဖြစ်သည်။ ကလျာလက်ရွေးစင် ဝတ္ထု တိုများပင်ဖြစ်သည်။

စာချစ်သူများ ကျေနပ်ကြလိမ့်မည်ဟုထင်ပါသည်။ အားပေးဖတ်ရှုသည့်အတွက် ကျေးဇူးတင်ပါသည်။

အဏ္ဏဝါစိုးမိုး



# ကုသိုလ်စိတ်ကလေးထွက်ပြေးသွားတယ်

ကိုအဏ္ဏဝါတို့သင်္ဘောကြီးသည် ကနေဒါနိုင်ငံ ဗင်ကူးဗားမြို့ဆိပ်ကမ်းမှာ ဆိုက်ကပ်ပြီး မကြာမီမှာပင် ကနေဒါနိုင်ငံမှာ နေထိုင်ကြသည့် မြန်မာလူမျိုးတွေ သင်္ဘောပေါ်ကို ရောက်လာကြသည်။ ဘယ်ကသတင်းရပြီးသိလို့ လာကြတာလဲဟု မေးကြည့်ရာ သူတို့အဖြေက လွယ်ကူသည်။ ကနေဒါနိုင်ငံဆိပ်ကမ်းတွေမှာ ဆိုက်ကပ်လာမည့် နိုင်ငံခြားသင်္ဘောတွေရဲ့ အကြောင်းအရာ အသေးစိပ်ကို ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ကပေးပို့တဲ့အတိုင်း နေ့စဉ်ထုတ်သတင်းစာတွေမှာ ပါလာသည်ဟုဆိုသည်။ ခေတ်မီတိုးတက်တဲ့ နိုင်ငံတွေရဲ့ အဆင့်အတန်းရှိ၍ တိကျသေချာသော လက္ခဏာသဘောပေပဲ ဟု ကိုအဏ္ဏဝါ တွေးမိသည်။

ကနေဒါနိုင်ငံရောက် မြန်မာလူမျိုးတွေ မြန်မာသင်္ဘောသားတွေပါသည့် နိုင်ငံခြားသင်္ဘောတွေပေါ်ကို လာလည်



www.burmeseclassic.com

www.burmeseclassic.com



ကြသည့်အကြောင်းရင်းသည် တစ်ခြားနိုင်ငံတွေမှာ ရောက်ရှိနေကြသည့် မြန်မာလူမျိုးတို့၏ဆန္ဒနှင့် တစ်ထပ်တည်းအတူတူပင်ဖြစ်သည်။ မိမိတို့နေထိုင်ရာ နိုင်ငံဆိပ်ကမ်းသို့ မြန်မာသင်္ဘောသားတွေပါသည့် နိုင်ငံခြားသင်္ဘောတစ်စီး ဆိုက်ကပ်လာပြီဆိုလျှင် မိသားစုလိုက် ထိုသင်္ဘောသို့ သွားလည်ကြသည်။ မြန်မာလူမျိုးတွေနှင့် မြန်မာစကားကို ဝအောင် ပြောကြသည်။ မြန်မာ့အစားအစာများဖြစ်သည့် မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ ပဲပြုတ်ဆီဆမ်း၊ ရေနွေးကြမ်းနှင့် လက်ဖက်သုပ်၊ ဂျင်းသုပ်တွေကိုစားကြသည်။ မြန်မာပြည်အကြောင်း၊ ရန်ကုန်မြို့ကြီးအကြောင်း၊ ရွှေတိဂုံစေတီတော်ကြီးအကြောင်းတွေကို မေးကြမြန်းကြ ပြောကြဆိုကြဖြင့် ညနေမိုးချုပ်မှ ကိုယ့်အိမ်ကိုယ်ပြန်ကြသည်။ သင်္ဘောမထွက်သေးဘူးဆိုလျှင် နောက်နေ့မှာလာကြပြန်သည်။ သင်္ဘောသားတွေအတွက် စားစရာမျိုးစုံယူလာသည်။ လက်ဆောင်ပစ္စည်း အဝတ်အထည်မျိုးစုံကို သယ်လာကြသည်။ မြန်မာသင်္ဘောသားတွေပါသည့် သင်္ဘောတွေပေါ်ကို နိုင်ငံခြားရောက် မြန်မာလူမျိုးတွေ လာလည်ကြတာဟာ သူတို့အိမ်တွေမှာ မစားမသောက်နိုင် ငတ်ပြတ်နေ၍ သင်္ဘောမှာလာစားကြတာမဟုတ်ဘူးဆိုတာ သေချာသည်။ အဓိကအကြောင်းက မြန်မာပြည်ကို အောင့်မေ့သည်။ မြန်မာစကားပြောသံကိုကြားချင်သည်။ မြန်မာလူမျိုးတွေကို တွေ့ချင်သည်။





မြန်မာပြည်အကြောင်းကို ကြားချင်သည်။ မြန်မာလူမျိုးအချင်းချင်း ရှေးဟောင်းနှောင်းဖြစ်တွေ ပြောပြီး ပျော်ပျော်ပါးပါးနေချင်၍ ဖြစ်သည်။

သူတို့ကဖိတ်၍ သူတို့နေထိုင်ရာအိမ်တွေကို လိုက်လည်လျှင် သူတို့နေထိုင်ကြပုံတွေကို မြင်ရသည်မှာရင်နင့်လွမ်းမောဖွယ်ရာဖြစ်တော့သည်။ သပ်ယပ်သန့်ရှင်းသည့် ဧည့်ခန်းထဲမှာ မန္တလေးနန်းတော်ကြီး၏ မြို့ရိုးနှင့်ကျုံးပုံပန်းချီကားကြီးကို တမြတ်တနိုးချိတ်ဆွဲထားတာတွေ့ရမည်။ အမျိုးဂုဏ်ဇာတိဂုဏ်ကိုဖော်ပြချင်၍ မြန်မာမှုအနုပညာပစ္စည်းတွေဖြစ်သည့် ကောက်ရိုးပန်းချီ၊ သစ်ထွင်းပန်းချီ၊ ရွှေချည်ငွေချည်ထိုးပန်းချီကားနှင့် ပန်းပုလက်ရာလေးများကို တယုတယ အလှပြထားကြသည်။ မည်သည့်ဘာသာကို ကိုးကွယ်သူပင်ဖြစ်စေ၊ ရွှေတိဂုံစေတီတော်ကြီးပုံနှင့် မဟာမြတ်မုနိပုံတော်ကို အိမ်ဦးခန်းမှာ တရိုတသေချိတ်ဆွဲပူဇော်ထားကြသည်။ အော် . . . သူတို့တွေဟာ ဒီတိုင်းပြည်မှာပျော်လို့နေကြသူတွေမဟုတ်ပါကလားဟု သတိရမိ၍ သနားမိသေးတော့သည်။

ယခု ကိုအဏ္ဏဝါတို့ သင်္ဘောရောက်လာသည့် ကနေဒါနိုင်ငံ ဗင်ကူးဗားမြို့မှာ နေထိုင်ကြသည့် မြန်မာလူမျိုးတွေသည်လည်း ကိုအဏ္ဏဝါတို့ မြန်မာသင်္ဘောသားတွေကို တွေ့ချင်၍ လာကြခြင်းဖြစ်သည်။ မြန်မာစကားကို ဝအောင်ပြောကြသည်။

www.burmeseclassic.com



သင်္ဘောကကျွေးသည့် မြန်မာအစားစာတွေကို တဝ စားကြသည်။ မြန်မာပြည်အကြောင်းကို မေးကြသည်။ ရွှေတိဂုံစေတီတော်ကြီး ပိုပြီး သပ္ပါယ်လာတယ်ဆိုတာ ဟုတ်သလား၊ ဧရာဝတီမြစ်ကူးတံတားကြီး ထိုးပြီးသွားပြီဆို မင်းသားဝင်းဦးနဲ့ ကောလိပ်ဂျင်နေဝင်းတို့ ကွယ်လွန်သွားကြပြီဆိုတော့ သူတို့နေရာမှာ ဘယ်သူတွေနဲ့အစားထိုးကြသလဲ စသည်ဖြင့် ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်နေတော့သည်။

သူတို့ဆီက ထူးခြားသည့်သတင်းစကားတစ်ခုကို ကြားသိလိုက်ရသည်။ ရန်ကုန်မြို့ကမ္ဘာအေးဘုရားလမ်းမှာ သီတင်းသုံးသည့် ချမ်းမြေ့ရိပ်သာဆရာတော်ဘုရားသည် ကမ္ဘာလှည့်ပြီး ဝိပဿနာတရားပြလာရာ အမေရိကန်နိုင်ငံမှတဆင့် ကနေဒါနိုင်ငံဗင်ကူးဗားမြို့ကို ကြွရောက်လာပြီး ဝိပဿနာဆယ်ရက်စခန်း ဖွင့်ထားသည်ဟူ၍ ဖြစ်သည်။ ယခုသင်္ဘောပေါ်မှာရောက်နေသည့် ကိုခင်မောင်ညိုနှင့် ဇနီးမဆူဇင်တို့သည် ဆရာတော်၏တရားစခန်းမှာ ဝေယျာဝစ္စဆောင်ရွက်နေကြသူတွေဖြစ်၍ သင်္ဘောမှာ ကြာကြာမနေနိုင်တော့ဘဲ ယခုပင်ပြန်ကြရမည်ဟု ဆိုပါသည်။ ဒီသတင်းစကားကိုကြားတော့ ကိုအဏ္ဏဝါ ဝမ်းသာသွားသည်။ နိုင်ငံခြားတိုင်းပြည်ကိုလာပြီး ဝိပဿနာ တရားပြနေသည့် ဆရာတော်ကို ဖူးမြော်ကန်တော့ချင်စိတ် ဖြစ်ပေါ်သွားသည်။





"ကျွန်တော်တို့ပါလိုက်ခဲ့မယ် . . . ခဏလေးစောင့်ပါ ရေချိုးပြီး အဝတ်အစား လဲလိုက်ပါရစေ"

"ရတယ် . . . ရတယ် . . . အေးအေးဆေးဆေးလုပ်ပါ"

ကိုအဏ္ဏဝါ အဆွယ်ကောင်း၍ ရေယာဉ်မှူး ဦးတင်စိုးနှင့် ဒုတိယအရာရှိ ကိုညီညီတို့ပါ လိုက်ပါကြသည်။ ဆရာတော်၏ ခရီးစရိတ်နှင့် နဝကမ္မအလှူငွေ ထည့်ကြပါဟု သင်္ဘောမှာ ကောက်ခံရာ ဒေါ်လာလေးရာရသည်။ ဆရာတော်ကိုလှူရန် နို့ဆီ၊ သကြား၊ လိမ္မော်သီး၊ ပန်းသီးနှင့် စည်သွပ်ဗူး မျိုးစုံကိုပါ ရိက္ခာစတိုထဲမှ သယ်ယူသွားကြသည်။

ကိုအဏ္ဏဝါတို့လူစုကို တင်ဆောင်လာသည့် ကိုခင်မောင်ညို၏ကားသည် ဗင်ကူးဗားမြို့ထဲကိုမဝင်ဘဲ မြို့အပြင် ပင်လယ်ကမ်းစပ်က အပန်းဖြေဥယျာဉ်ကြီးတစ်ခု အတွင်းကို မောင်းဝင်လာခဲ့သည်။ ထင်းရှူးပင် အုပ်အုပ်ဆိုင်းဆိုင်းကြီးတွေ အစီအရီ ပေါက်နေသည့် ကတ္တရာခင်းလမ်းကလေးက ကွေ့တစ်ခါ ကောက်တစ်လှည့်ဖြင့် စိမ်းစိုနေသည့် ကုန်းကမူလေးကိုတက်သည်။ အနိမ့်ပိုင်းပန်းချုံလေးတွေထဲကိုဝင်သည်။ အုပ်ဆိုင်းညို့မှိုင်းနေသည့် လှိုမြောင်လေးကိုဖြတ်သည်။ တောလမ်းကလေးတစ်လျှောက်မှာ ကိုယ်ပိုင်ဥယျာဉ်၊ ကိုယ်ပိုင်လမ်း၊ မကျူးကျော်ရ၊ မဖျက်ဆီးရဆိုသော ဆိုင်းဘုတ်ကလေးများကို



www.burmeseclassic.com

www.burmeseclassic.com



မကြာခဏ တွေ့ရသည်။ နောက်ဆုံးမှာ ညီညာပြန့်ဖြူးသည့် ပင်လယ်ကမ်း စပ်ကထင်းရှူးပင်ကြီးတွေရဲ့ အရိပ်အောက်မှာ ပြုလုပ်ထားသည့် ယာယီတရားစခန်းကို ရောက်သွားကြပါသည်။

ရောင်စုံရွက်ဖျင်တဲကြီးဖြင့် ပြုလုပ်ထားသောယာယီ တရားရိပ်သာထဲမှာ နိုင်ငံခြားသားတွေနှင့်မြန်မာလူမျိုးယောက်ျား မိန်းမနှစ်ဆယ်အစိပ်လောက်ကို ဆရာတော်က အင်္ဂလိပ်ဘာသာ စကားဖြင့် တရားဟောနေသည်။ ဆရာတော်၏အသံသည် တည်ငြိမ်တိုးညှင်းသော်လည်း ကြည်လင်ပြတ်သားသည်။ ရိုးရှင်း ပြီး နားလည်လွယ်သည့် အင်္ဂလိပ်စကားလုံးတွေကို သုံးနေ၍ ကိုအဏ္ဏဝါတို့လို တရားနှင့်မနီးစပ်သူတွေတောင် နားလည်နိုင် တာကို သတိထားမိသည်။

ကိုအဏ္ဏဝါတို့လူစု ကံကောင်းတယ်ပဲပြောရမလား၊ တရားနာပရိသတ် ကံဆိုးတယ်ပဲပြောရမလားမသိ၊ ကိုအဏ္ဏဝါ တို့လူစု ရွက်ဖျင်တဲကြီးအတွင်းဝင်ပြီး ဆရာတော်ကို ရှိခိုးဦးချ လိုက်သည်နှင့်တပြိုင်နက် ဗင်ကူးဗားမြို့မှ အပန်းဖြေဥယျာဉ်ကြီး သို့ ပို့လွှတ်ထားသောလျှပ်စစ်မီးပြတ်သွားသည်။ ဆရာတော်၏ အသံကိုဖမ်းယူအသံသွင်းနေသည့် အသံဖမ်းစက်ကိုပါ ခေတ္တ ပိတ်လိုက်ရသည်။ ဆရာတော်၏ တရားဟောခြင်းကိုလည်း ခေတ္တ ရပ်နားလိုက်ရသည်။ တရားဟောရပ်သွားသော ဆရာ တော်သည် ကိုအဏ္ဏဝါတို့ကို မြန်မာတွေလားဟုမေးပြီး နှုတ်





ဆက်ပါသည်။ သင်္ဘောနဲ့ရောက်လာတဲ့ သင်္ဘောသားတွေပါ ဘုရားဟု လျှောက်ထားပြီး နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်း များကို ကပ်လှူကြပါသည်။ ဆရာတော်နှင့်အတူ မြန်မာပြည်မှ ပါလာသည့် ကပ္ပိယ ဦးကြည်ဝင်းက လက်ခံယူပါသည်။

ဆရာတော်က ကိုအဏ္ဏဝါတို့လူစုကို ငါးပါးသီလပေး ရန်အတွက် (ဩကာသရကြရဲ့လား) ဟုမေးပါသည်။ ကိုအဏ္ဏ ဝါတို့လူစုကလည်း အများနှင့်မဟုတ်ဘဲ သုံးယောက်တည်းနွဲ့ရ မည့်ပွဲဖြစ်၍ မဝံ့မရဲဖြင့် (ရ. . . .ရ. . . .ရပါတယ် ဘုရား) ဟု တုန်တုန်ရီရီ လျှောက်ထားလိုက်ရသည်။ ကိုအဏ္ဏဝါတို့လူစု သည် ဩကာသကို အများနဲ့စုပေါင်းပြီး တဝေါဝေါဖြင့်ရောဂေါ သောဂေါ လုပ်လာခဲ့ကြသူတွေဖြစ်သည်။ အခုလို သီးသီး သန့်သန့် ပီပီသသ ဆိုကြရသောအခါမှာတော့ (အပယ်ငါးပါး၊ ကတ်ခြောက်ပါး၊ အရပ်ပျက် ခုနှစ်ပါး၊ ဝိတ်မ,သည့်တရား ရှစ်ပါး၊ ဗျတ်သေနတ်တရားကိုးပါး တို့မှ အခါခပ်သိမ်းကင်းလွတ်ငြိမ်း သည်ဖြစ်၍) စသည်ဖြင့် အိုးနင်း ခွက်နင်း ကန်တော့လိုက်ကြ ပါသည်။ ဆရာတော်က မဟာကရုဏာတော်ဖြင့် ပြုံးတော်မူပါ သည်။ (ဗမာစကားနားမလည်တဲ့ နိုင်ငံခြားသားတွေရှေ့မှာမို့ တော်သေးတာပေါ့ကွာ)ဟုစိတ်ထဲက အမိန့်ရှိနေဟန်တူပါသည်။

ဆရာတော်သည် ကိုအဏ္ဏဝါတို့လူစုကို ငါးပါးသီလ ချီးမြှင့်ပြီး လောကီလောကုတ္တရာနှစ်ဖြာအကျိုးတိုးများစေမည့်



www.burmeseclassic.com

www.burmeseclassic.com



ပဋိသန္ဓာရစကားဖြင့် တရားအတိုချုံးမြွက်ပါသည်။ ပင်လယ်ထဲမှာ သက်စွန့်ဆံဖျားရှာဖွေလို့ရတဲ့ စီးပွားဥစ္စာကို စားလည်းစား၊ စုလည်းစု၊ လှူလည်းလှူပါဟု ဆုံးမတော်မူသည်။ ရတနာသုံးပါးနှင့် မိဘဆရာတည်းဟူသော အနန္တောအနန္တငါးပါးကို ကိုးကွယ်ဆည်းကပ်၍ မပြတ်နှလုံးသွင်းပါဟု မှာကြားတော်မူပါသည်။

"ဒီဒကာကြီး အသက်ဘယ်လောက်ရှိပြီလဲ"

သုံးယောက်ထဲမှာ အသက်အကြီးဆုံးဖြစ်နေသည့် ကိုအဏ္ဏဝါကို လက်ညှိုးထိုးပြီးဆရာတော်ကမေးသည်။

"ငါးဆယ့်ငါးနှစ်ပါဘုရား"

"ငါးဆယ့်ငါးနှစ်ဆိုတာ မငယ်တော့ပါဘူး. . .၊ သားမယားအတွက်ချည်း လုပ်မနေနဲ့ ကိုယ့်အတွက်လုပ်ဘို့ အချိန်ရောက်နေပြီ၊ ကျောင်းနားကန်းနားကပ်ဦးနော် "

"တပည့်တော်က တောင်ဥက္ကလာမှာ နေတယ်ဘုရား . . .၊ ဆရာတော့်ကျောင်းနဲ့ သိပ်ပြီးမဝေးလှပါဘူး"

အန္တပုထုဇဉ်အကြမ်းစားပုဂ္ဂိုလ်တွေကို သနားတတ်ဟန်တူသည့် ဆရာတော်သည် ကိုအဏ္ဏဝါကိုကြည့်ပြီး ဒုတိယအကြိမ်ပြုံးတော်မူပါသည်။ ဆရာတော်နှင့် ကိုအဏ္ဏဝါတို့လူစု အချီအချပြောဆိုနေကြတာကို နားထောင်ပြီးဝမ်းသာပီတိဖြစ်နေသည့် ကိုခင်မောင်ညိုက မီးပြတ်သွားသည့်အတွက် အခုလိုစကားပြောခွင့်ရတာ ကိုအဏ္ဏဝါတို့ ကံကောင်းသည်ဟုဆိုပါသည်။ ကပ္ပိယ





ဦးကြည်ဝင်းကလည်း ဆရာတော်သည် တရားဟောနေစဉ်မည်သူ့ကိုမှ စကားလက်ခံပြောလေ့မရှိဟုဆိုသည်။ ကနေဒါလိုနိုင်ငံမှာ လျှပ်စစ်မီးပြတ်တောက်သွားရလောက်အောင် ကံကောင်းသူတွေဟုဆိုလိုဟန်တူပါသည်။ ကိုယ့်အကြောင်းကို ကိုယ်သိသည့် ကိုအဏ္ဏဝါတို့လူစုကတော့ အကုသိုလ်ကောင်တွေဝင်လာလို့ ကနေဒါနိုင်ငံဗင်ကူးဗားမြို့ကြီးက လျှပ်စစ်မီးတောင်ပြတ်သွားပြီး တရားဟောတာ ရပ်သွားလေသလားဟု တွေးနေမိလေသည်။

ဆရာတော်နှင့် ကိုအဏ္ဏဝါတို့လူစု ပြောစရာစကားတွေကုန်သွားသည်နှင့်တပြိုင်နက် လျှပ်စစ်မီးပြန်လင်းလာသည်။ ဆရာတော် တရားဆက်ဟောသည်။ ကိုအဏ္ဏဝါတို့က ဝိပဿနာတရားကိုရော အင်္ဂလိပ်စကားကိုပါနားမလည်၍ ယာယီတရားမဏ္ဍပ်ထဲမှ အသာထလစ်လာခဲ့ကြသည်။ ရွက်ဖျင်တဲကြီးထဲမှ အပြင်ကိုထွက်ပြီး ပင်လယ်ကမ်းစပ်က အပန်းဖြေဥယျာဉ်ကြီးအတွင်းလျှောက်ကြည့်ကြသည်။

" ဒီဥယျာဉ်ကြီးကို ပိုလန်သူဌေးတစ်ယောက်က ဒေါ်လာဆယ့်တစ်သန်းနဲ့ဝယ်ပြီး ဆရာတော်ကို ယာယီတရားစခန်းဖွင့်ဘို့ လှူထားတာဗျ၊ ဆရာတော်ကြိုက်သလို အသုံးပြုနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုခင်မောင်ညိုက ကိုအဏ္ဏဝါတို့လူစုကို ဉယျာဉ်ကြီးအတွင်း လိုက်ပြရင်းပြောပြသည်။ ကိုအဏ္ဏဝါ အရမ်းအံ့သြသွားလေသည်။ ကိုအဏ္ဏဝါသည် ဆရာတော်ကိုမေ့သွားပြီး ပိုလန်လူမျိုးသူဌေးကြီးကိုသာ စိတ်ဝင်စားနေလေတော့သည်။ နိုင်ငံခြားသား သန်းကြွယ်သူဌေး မဟာစေတနာရှင်ဖြစ်သည်။ ပိုလန်လူမျိုးဖြစ်နေ၍ ပိုပြီးစိတ်ဝင်စားမိသည်။ ပိုလန်နိုင်ငံသည် ရုရှားက ကျောထောက်နောက်ခံပြုပေးထားသော ကွန်မြူနစ်အာဏာရှင် အစိုးရလက်အောက်တွင် နှစ်ပေါင်းငါးဆယ်မျှ လူးလိမ့်ခံခဲ့ရသည်။ ပိုလန်လူမျိုးအများအပြား ပြည်ပနိုင်ငံများသို့ထွက်ပြေးခိုလှုံခဲ့ကြရသည်။ မကြာသေးသောကာလကမှ ဆော်လစ်ဒါရတီအလုပ်သမားပါတီ အာဏာရလာပြီး ဒီမိုကရေစီနိုင်ငံဖြစ်လာသော ပိုလန်နိုင်ငံမှသန်းကြွယ်သူဌေးတစ်ယောက်သည် ကနေဒါနိုင်ငံမှာ ဒေါ်လာဆယ့်တစ်သန်းတန်အပန်းဖြေဉယျာဉ်ကြီးကို ဝယ်ယူပိုင်ဆိုင်နေ၍ စိတ်ဝင်စားစရာကောင်းနေသည်။

အဲဒါထက်ပိုပြီးစိတ်ဝင်စားစရာကောင်းတာက ပိုလန်လူမျိုးအများစုသည် ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသည်။ အီတလီနိုင်ငံရောမမြို့ရှိ ဗာတီကန်နန်းတော်က ရိုမန်ကက်သလစ်ဂိုဏ်းချုပ် ပုတ်ရဟန်းမင်းကြီး ဂျွန်ပေါလ်သည်ပင်လျှင် ပိုလန်နိုင်ငံသားဖြစ်နေသည်။ ခရစ်ယာန်ဘာသာကို သက်ဝင်ယုံကြည်သော ပိုလန်လူမျိုးသန်းကြွယ်သူဌေးဖြစ်ပါလျှက် ဗုဒ္ဓဘာသာရဟန်းတော်တစ်ပါးကို တရားစခန်းဖွင့်ရန် ဒေါ်လာဆယ့်တစ်သန်းတန် ဉယျာဉ်ကြီးကို လှူဒါန်းထားသည်ဆိုလို့ စိတ်မဝင်စားဘဲ မနေနိုင်အောင်ဖြစ်နေတော့သည်။ ရွက်ဖျင်တဲကြီးထဲမှာ တရားရှုမှတ်နေကြသည့် နိုင်ငံခြားသားတွေထဲက ဘယ်သူဖြစ်နိုင်မလဲဟု စိတ်ကူးဖြင့် မှန်းဆကြည့်မိသည်။ မဟာစေတနာရှင်သန်းကြွယ်သူဌေးကြီးကို ကြည်ညိုသည့်စိတ်ဖြင့် သိချင်မြင်ချင်သောဆန္ဒ ပြင်းပြနေသည်။ ကိုခင်မောင်ညိုကို မေးကြည့်မိသည်။





"ပိုလန်သူဌေးကြီးက ဘယ်သူလဲဗျ၊ အမှတ်တရ ဓာတ်ပုံရိုက်ယူချင်လို့ပါ"

"အာ . . . အဲဒီကောင် ကနေဒါမှာမရှိဘူးဗျ၊ သူ့ကိုယ်ပိုင်ဇိမ်ခံသင်္ဘောပေါ်မှာ ကောင်မချောချောလေး သုံးလေးကောင်တင်ပြီး အလာစကာကို ငါးမျှားဘို့ ထွက်သွားတာတစ်ပတ် ဆယ်ရက်လောက်ရှိပြီ"

"ဗျာ . . . မှားပါတယ်"

ကိုအဏ္ဏဝါ စိတ်ပျက်သွား၍ သူ့ထိပ်ပြောင်ကြီးကို တဗျင်းဗျင်း ကုတ်လိုက်မိသည်။ ပိုလန်သူဌေးကိုကြည်ညိုနေသည့် ကုသိုလ်စိတ်ကလေးသည်လည်း စိတ်ပျက်သွားသည့် စေတသိက်ကလေးနှင့်အတူ ထွက်ပြေးသွားလေတော့သည်။

ကလျာ ၊ ၂၀၁၀ ခုနှစ် ၊ ဒီဇင်ဘာလ။



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်ပျက်ဝိဇ္ဇာ

၁၉၆၀-ခုနှစ်မှာ သာကေတမြို့ကြီးဖြစ်ပေါ်လာတော့ ပုသိမ်ညွန့်၊ စက်ဆန်း၊ အလီမူလာရပ်ကွက်ကြီးတွေကို ဖျက်ပြီး ပြောင်းရွှေ့ကြရသည်။ ပုသိမ်ညွန့်ရပ်ကွက်ထဲက ကျွန်တော်တို့ နေသည့် ဘုန်းကြီးကျောင်းလေးသည်လည်း ဖျက်ရမည့်အထဲ မှာပါသည်။ မီးရထားလမ်းဘေးနှင့် ဟိုတစ်စုသည်တစ်စု ကျူး ကျော်ဆောက်ထားသည့် တဲအိမ်တွေ ဘုန်းကြီးကျောင်းတွေ အကုန်လုံးရွှေ့ပြောင်းကြရသည်။

သာကေတမြို့ကိုရောက်တော့ ၇-ရပ်ကွက်ထဲက ဘုန်း ကြီးကျောင်းတွေစုပြီး နေရာချထားသည့် ကျောင်းစုဆိုတဲ့နေရာ မှာ မြေကွက်ရသည်။ ရသည့်မြေကွက်မှာ ကျောင်းဆောက်ပြီး နေကြသည်။ ကျွန်တော်တို့ကျောင်းနှင့် ကျောချင်းကပ်မှာ ကျောက်ချောင်းဆိုသည့်ရွာဟောင်းကလေးရှိခဲ့သည်။ ရွာထဲက ဦးကျောက်ခဲ၊ ဒေါ်သန်းမြမိသားစုနှင့် ကျွန်တော်တို့ ဘုန်းကြီး ကျောင်းသားတွေ ခင်မင်ရင်နှီးသွားကြသည်။ ကျောင်းသားတွေ



ထဲမှာ ကျွန်တော်နှင့် ကျွန်တော့်သူငယ်ချင်း ကိုအောင်လှတို့ သာ ကျောင်းတက်နေကြသော်လည်း ကျွန်တော့်အစ်ကို အပါ အဝင် သုံးလေးယောက်က တပ်မတော်ရေတပ်မှာ အမှုထမ်း နေကြသော ဘုန်းကြီးကျောင်းသား ရေတပ်သားတွေဖြစ်သည်။ ကျွန်တော်က ၁၉၅၈-ခုနှစ်အထိ ကျောင်းပညာရေးတစ်တန်းမှ မအောင်သေး၍ အတန်းကျောင်းတက်နေသည်။ ကိုအောင်လှ က ပြည်တော်သာခေတ်မှာ ၇-တန်း အောင်ပြီးဖြစ်၍ ဂျူဗလီ ဟောမှာဖွင့်ထားသည့် ပန်းချီကျောင်းကိုတက်နေသည်။

တစ်နေ့မှာတော့ ဦးကျောက်ခဲနှင့် ဒေါ်သန်းမြတို့က ကျွန်တော့်အစ်ကိုကို အကြံတစ်ခုပေးသည်။ ဒီရွာလေးဟာ မကြာမီဖျက်ပြီး ပြောင်းရွှေ့ရမယ်လို့ သတင်းထွက်နေတယ်၊ ဒီရွာထဲက အိမ်လေးတစ်လုံးကို ဝယ်ထားလိုက်ရင် မမှားဘူး၊ ရွာဖျက်ပြီး မြေကွက်တွေအစားပေးတဲ့အခါ မြို့ထဲမှာ မြေတစ် ကွက် ရလိမ့်မည်ဟု အကြံပေးသည်။ ရောင်းမည့်အိမ်ရှိလားဟု မေးကြည့်ရာ ရွာထိပ်မှာရှိတဲ့ ထန်းပင်အောက်က မောင်တင်နိုင် ရဲ့ အိမ်လေးကို ပြန်ရောင်းမယ်ဟု ပြောသည်။ ကျွန်တော်တို့ စိတ်ဝင်စားသွားသည်။

ကျွန်တော်တို့ ညီအစ်ကိုတွေ တိုင်ပင်ကြသည်။ ရောင်း မည်ဆိုသည့် အိမ်ကလေးကို သွားကြည့်ကြသည်။ ခြေတန်ရှည် အိမ်ကလေးဖြစ်သည်။ ဝါးထရံကာ၊ ဓနိမိုး၊ ပျဉ်ခင်းထားသော်



www.burmeseclassic.com

www.burmeseclassic.com



ရှည်း တံခါးတွေမရှိသော အိမ်ကလေးဖြစ်၍ ရွာထိပ်က သာလာယံဇရပ်ကလေးနှင့်ပင် တူသေးတော့သည်။ တံခါးမရှိရုံသာမက အိမ်ပိုင်ရှင်ကိုပါ မတွေ့ရ၍ အိမ်ပေါ်တက်ကြည့်ကြသည်။ အိမ်ထဲမှာ ဘာမှမရှိ၊ ဘုရားစင်မရှိ၊ မီးဖိုဆောင်မရှိ၍ အိမ်နှင့်မတူဘဲ သုသာန်ဇရပ်နဲ့ ပိုတူသည်။

အိမ်၏အလယ် ခေါင်တည့်တည့်၊ ခေါင်းရင်းဘက် ကျကျနေရာမှာ အမြဲတန်း ထောင်ထားဟန်တူသည့် နီကြောင်ကြောင် အရောင်အဆင်း မထွက်တော့သည့် ဇာခြင်ထောင် တစ်လုံးကို တွေ့ရသည်။ ခြင်ထောင်က အမြဲတန်း ချထားသည့်အတွက် ခြင်ထောင်နှုတ်ခမ်း ကို မ, ဝင်အိပ်ပြီး၊ အိပ်ရာကထလျှင် မ, ထွက်၍ သွားချင်ရာ သွားနေသည့် လက္ခဏာတွေ့ရသည်။ ခြင်ထောင်၏ အပေါက်အပြဲတွေကို အပ်ချည်ဖြင့်မချုပ်ဘဲ စက္ကူစုတ်နှစ်ခုကို ကော်သုတ်၍ အတွင်းနှင့်အပြင် နှစ်ဘက်က ဖိကပ်ထားပြီး အပေါက်တွေကို ပိတ်ထားသည်။ ကိုတင်နိုင်ဆိုသူသည် ပြီးစလွယ် ပစ်စလက်ခတ်သမား၊ ပေ့ါပေ့ါနေ ပေ့ါပေ့ါစားသည့် လူမျိုးဆိုတာကို ရိပ်စားမိပြီဖြစ်သည်။ ခြင်ထောင်အပြင်မှာ အင်္ဂလိပ်ဝတ္ထုစာအုပ်တစ်အုပ်နှင့် အရက်ပုလင်း အခွံတစ်လုံး လဲနေတာတွေ့ရသည်။ ဆေးလိပ်ပြာတွေကလည်း နေရာအနှံ့မှာ ပြန့်ကျဲနေသည်။ အရက်သောက်သည့် အကြမ်း





ပန်းကန်လုံးထဲမှာတောင် ဆေးလိပ်ပြာတွေ ရောက်နေတာ တွေ့ရသည်။ အိမ်ကိုကြည့်ပြီးတော့ အိမ်ရှင်၏ ရာဇဝင်ကို လေ့လာကြသည်။

ဦးကျောက်ခဲနှင့် ဒေါ်သန်းမြတို့ပြောပြချက်အရ တစ်ဦးတည်းသော သား ဖြစ်သည်။ ဆယ်တန်းကို အကြိမ်ကြိမ် ကျရှုံးခဲ့သော စိန်ပေါကျောင်းသားဟောင်းဟု သိရသည်။ ဆေးလိပ်၊ အရက်၊ ဖဲနှင့် အပျော်အပါး လိုင်းစုံသမားဖြစ်၍ မိဘအိမ်က နှင်ချထားခြင်း ခံရသူဟုသိရသည်။ တာမွေရှိ မိဘအိမ်က ဆင်းလာပြီး ပုသိမ်ညွန့်ကိုကျော်၍ သာကေတ တံတားဟောင်းကို ဖြတ်သည်။ ရန်ကုန် ပဲခူး မီးရထားလမ်းဟောင်းအတိုင်း လျှောက်လာပြီး ကျောက်ချောင်းဆိုသည့် ရွာကလေးမှာ လာရောက်ခိုလှုံနေခြင်းဖြစ်သည်။

၁၉၆၀ ခုနှစ် မတိုင်မီက ကျောက်ချောင်းရွာ (ယခု- ဧရာဝဏ်အိမ်ယာ)၊ ကွေ့မ (ယခု- သာကေတရှစ်ရပ်ကွက်)၊ သိမ်ချောင်း၊ ဆင်ခြေရာ၊ ကျားချောင် (ယခု-ယုဇနဉယျာဉ်မြို့တော်) ဆိုသည့်နေရာတွေသည် ရန်ကုန်က ရဲတွေ လက်လှမ်းမမီသည့် လူဆိုး ဓားပြတွေ ခိုအောင်းရာ နေရာတွေဖြစ်ခဲ့သည်။

တာမွေအိမ်ကဆင်းလာစဉ်က အဖေ မသိအောင် အမေက လက်သိပ်ထိုးထည့်ပေးလိုက်သည့် ပိုက်ဆံတွေဖြင့် နို့စားကျွဲတွေ မွေးခဲ့သေးသည်။ ကျွဲတွေကို ဖဲပေါင်ရိုက်လို့



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်မှ မရှိတော့ဟု သိရသည်။ ပိုက်ဆံကုန်တိုင်း အဖေ့အလစ်မှာ အိမ်ကိုတက်ပြီး အမေ့ဆီကတောင်းသည်။ ပိုက်ဆံရလျှင် အရက်သောက်သည်။ ဖဲရိုက်သည်။ မကောင်းတဲ့မိန်းမတွေနဲ့ ပျော်ပါးသည်။ နောက်ဆုံး ဘယ်ကမှ နှိုက်လို့ မထွက်နိုင်တော့သည့်အခါ အိမ်ကလေးကို ရောင်းမည်ဟု ကြေညာခြင်းဖြစ်သည်။

ကိုတင်နိုင်ကို တွေ့ချင်ရင် နံနက်စောစောသွားမှ တွေ့မည်ဆို၍ အိမ်အရောင်းအဝယ်ကိစ္စ စကားပြောရန် နံနက် ၆ နာရီမထိုးမီ ကျွန်တော်တို့ သွားကြသည်။ သူ့အိမ်လေးကို ရောက်သွားသောအခါ ကိုတင်နိုင် အိပ်ရာက မထသေးသော်လည်း သူ့အိမ်ပေါ်က အမျိုးသမီးတစ်ယောက် ဆင်းလာတာ တွေ့ရသည်။ ကိုတင်နိုင်နှင့် တစ်ညလုံး အတူအိပ်ပြီး၍ ပြန်တော့မလို့ ဆင်းလာသည့်ပုံစံဖြစ်သည်။ ပေါင်ဒါရိုက် နှုတ်ခမ်းနီတွေ ရဲနေအောင်ဆိုးထား၍ အပေါ်စားဇာတ်က ပြဇာတ်မင်းသမီး ရုပ်မျိုးဖြစ်နေသည်။ အမျိုးသမီးက အိမ်ထဲဝင်လာသူတွေကို ကရုမစိုက်ဘဲ သူ့လမ်းသူ ဆက်သွားသည်။

ကျွန်တော်နှင့် ကျွန်တော့အစ်ကိုတို့က အိမ်လေးပေါ် တက်သွားပြီး ကိုတင်နိုင်ကို နှိုးသည်။ အိပ်မပျော်ဘဲ ခြင်ထောင်ထဲမှာ မှိန်းနေဟန်တူသည်။ ကျွန်တော်တို့အသံတွေကြားတော့ ကမန်းကတန်းထပြီး ခြင်ထောင်ထဲက ထွက်လာသည်။ အိမ်ဝယ်





ချင်သူတွေဆိုတာကို ဒေါ်သန်းမြတို့ ပြောပြထားလို့ သိနေဟန်တူသည်။ ကျွန်တော်တို့ကို ထိုင်ခိုင်းပါသည်။ စောစောစီးစီးမို့ ဧည့်သည်တွေကို ဧည့်ခံစရာ ဘာမှမရှိဖြစ်နေ၍ အားနာနေပုံရသည်။ အရက်ပုလင်းထဲမှာ အရက်က တစ်စက်မှ မရှိတော့သည့်အပြင် ထည့်သောက်သည့် ရေနွေးကြမ်းပန်းကန် တစ်လုံးတောင် မှောက်နေတာတွေ့ရသည်။ မျက်နှာမသစ်ဘဲ ပြာခံခွက်ထဲက မီးရှို့လို့ရသေးသည့် ဆေးလိပ်တိုကို မီးညှိဖွာသည်။

"ဆိုပါဦး ကိုတင်နိုင် ဘယ်လောက်ခေါ်ထားလဲ"

"ကျွန်တော် ဒီအိမ်ကိုဆောက်တာ သုံးထောင်ကုန်ပါတယ်၊ အရင်းအတိုင်းပါပဲ"

ရောင်းချင်သူနှင့် ဝယ်ချင်သူတို့၏ သဘာဝအတိုင်း အလျှော့အတင်း လုပ်ကြရာ၊ နောက်ဆုံးမှာ နှစ်ထောင့်ငါးရာဖြင့် ဈေးတည့်သွားပါသည်။ အဲဒီခေတ်က မလိုင်ဖတ်ထူထူကြီးပါတဲ့ နွားနို့စစ်စစ်ဖြင့်ဖျော်သည့် လက်ဖက်ရည်တစ်ခွက်မှ တစ်မတ် (နှစ်ဆယ့်ငါးပြား) သာပေးရသော ခေတ်ဖြစ်၍ အိမ်တစ်လုံးကို နှစ်ထောင့်ငါးရာဖြင့် အရောင်းအဝယ် ဖြစ်သွားပါသည်။ စာချုပ်စာတမ်းဖြင့် ငွေပေးကြေးကမ်းလုပ်၍အိမ်ကို လွှဲပြောင်းယူလိုက်သည့် နေ့ကစ၍ ကိုတင်နိုင်ကို မတွေ့ရတော့ပါ။ တစ်ခါတစ်လေ ကိုတင်နိုင်ကိုသတိရလျှင် သူ့ရုပ်သွင်က မျက်စိထဲမှာ ပေါ်လာသည်။ အသားလပ်လပ် အရပ်မြင့်မြင့်၊ ကတ္တီပါပိန်းတန်း

www.burmeseclassic.com



ဖိနပ်ကိုစီးပြီး ဖြေးဖြေးလမ်းလျှောက်တတ်သူဖြစ်သည်။ ဘန်ကောက်လုံချည်၊ လည်ကတုံးရှပ်အင်္ကျီလက်ရှည်နှင့် မီးခိုး ရောင်မောင်ဆောင်းတိုက်ချုပ်၊ တိုက်ပုံအင်္ကျီကို လက်မောင်းကြွေးပေါ်မှာတင်ပြီး လမ်းလျှောက်သည့်ပုံကို မြင်ယောင်မိပါသည်။

၁၉၆၁-ခုနှစ်လောက်မှာ ကျောက်ချောင်းရွာကလေးကိုဖျက်ပြီး ရွာကလေးနှင့်အနီးဆုံးဖြစ်သည့် သာကေတမြို့ ၇-ရပ်ကွက်ထဲမှာ နေရာချပေးသည်။ ကျွန်တော်တို့နှင့် ဦးကျောက်ခဲ၊ ဒေါ်သန်းမြတို့တွဲလျှက် မြေတစ်ကွက်ရသည်။ ပေလေးဆယ်ပေခြောက်ဆယ် မြေကွက်ပေါ်မှာ၊ မိသားစုနှစ်စု ခြေရင်းခေါင်းရင်း နေလာခဲ့ကြသည်။ အိမ်နီးနားချင်းဖြစ်လာသောအခါ မိသားစုနှစ်စု စရိုက်မတူတာတွေကြောင့် သိပ်ပြီး အရောတဝင်မနေကြဘဲ ခပ်တန်းတန်းနေခဲ့ကြသည်။

ကျွန်တော်တို့က လူငယ်လူရွယ် ယောကျ်ားလေးတွေချည်းဖြစ်၍ သောက်သောက်စားစား ပျော်ပျော်ပါးပါး နေကြသည်။ ဦးကျောက်ခဲနှင့် ဒေါ်သန်းမြတို့က ရတနာသုံးပါးကို ဝတ်ကျေတန်းကျေ ကိုးကွယ်ကြသော်လည်း၊ နတ်နှင့်ဘိုးတော်တွေ ပုဂ္ဂိုလ်ထူး ဆိုသူတွေကို အထူး(ရှယ်)ကိုးကွယ်ကြသည်။ ဦးရှင်ကြီးတင်သည်။ နတ်ကန္နားပေးသည်။ ဘိုးတော်တွေပျောက်စေဆရာတွေကို အိမ်ဦးခန်းမှာတင်ပြီး လူတွေတရှုန်းရှုန်းဖြင့် ဆေးကုသည်။ ရေးမန်းတိုက်သည်။ ရှေ့ဖြစ်နောက်ဖြစ်





တွေဟောသည်။ ငွေပွားဖြစ်အောင်လုပ်သည်။ အဲဒီလုပ်ရပ်တွေကို ကျွန်တော်တို့က ယုံလည်းမယုံ၊ အထင်လည်းမကြီး၍ အရေးမစိုက်ဘဲနေသောအခါ မခံချိမခံသာဖြစ်လာသည်။ သူတို့အိမ်မှာဘိုးတော်၊ သို့မဟုတ် ပုဂ္ဂိုလ်ထူးတစ်ပါးကြွလာပြီးထူးခြားတာတွေလုပ်ပြသောအခါ ကျွန်တော်တို့အိမ်ကသိအောင်၊ ကြားအောင် လေသံမြှင့်၍ ပြောကြဆိုကြလုပ်ကြလေ့ရှိသည်။

၁၉၈၀-ခုနှစ်လောက်ကဟုထင်သည်။ နွေရာသီတစ်နေ့မှာတော့ ဦးကျောက်ခဲ၊ ဒေါ်သန်းမြင့်တို့အိမ်ကို ထူးထူးဆန်းဆန်း ကိုယ်ပျက်ဝိဇ္ဇာဆိုသူ ဘိုးတော်တစ်ပါး ကြွလာသည်။ ကိုယ်ပျောက်ဝိဇ္ဇာမဟုတ်ဘဲ ကိုယ်ပျက်ဝိဇ္ဇာဆို၍ ထူးဆန်းနေသည်။ စုံစမ်းကြည့်သောအခါ၊ အသေထွက်ထွက်မည့်ဝိဇ္ဇာဖြစ်၍ ခန္ဓာကိုယ်ကို စတင်ဖျက်ဆီးနေပြီဟုဆိုသည်။ အဝိဇ္ဇာ နှင့် တဏှာတည်းဟူသော နာမ်ခန္ဓာကိုသုတ်သင်ဖျက်ဆီးပြီးဖြစ်၍ ရုပ်ခန္ဓာကို ဖျက်ဆီးပစ်နေပြီဟုဆိုသည်။ မကြာမီ တစ်ကိုယ်လုံးကိုဖျော်ချဖျက်ဆီးပြီး သံသရာမှ အပြီးထွက်တော့မည့် ဝိဇ္ဇာဖြစ်သည်ဟုဆိုသည်။ ဒေါ်သန်းမြတို့အိမ်ပေါ်ကို ဝတ်ဖြူစင်ကြယ်ဖြင့် တက်သွားလိုက်၊ ပြန်ဆင်းလိုက်လုပ်နေသော ဘိုးတော်ကိုမြင်နေရသည်။ အသားနီစပ်စပ်၊ အရပ်မြင့်မြင့် ဖြစ်သည်။ မျက်နှာ နားရွက်နှင့် ခြေတွေ၊ လက်တွေက ထူပွဖူးရောင်နေ၍



www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ်ကို ခန့်မှန်းရခက်နေသည်။ ငါးဆယ်ကျော်မှာကတော့ သေချာသည်။ ရောဂါဝေဒနာမျိုးစုံကို ရေပန်းဖြင့် ကုသပေးနေသည်ဟု အသံတွေကြားနေရသည်။

တစ်နေ့မှာတော့ ဒေါ်သန်းမြက ကျွန်တော်တို့အိမ်ဘက်ကိုလှမ်းအော်ခေါ်ပြီး ကျွန်တော့်အစ်ကို ရှိလားဟုမေးသည်။ အစ်ကိုမရှိဘူး၊ အလုပ်သွားပြီလို့ ပြန်အော်ပြောလိုက်သည်။

"မောင်စိုးလှိုင် နင့်အစ်ကို မရှိရင် နင် လာခဲ့၊ ဒီမှာ ပြစရာရှိလို့"

ကျွန်တော် သူတို့အိမ်ဘက်ကို ကူးသွားလိုက်သည်။ အိမ်ပေါ်တက်သွားတော့ ကိုယ်ပျက်ဘိုးတော်ကြီးက အိမ်ဦးခန်းမှာ ထိုင်နေသည်။မျက်နှာနှင့်နားရွက်တွေက ထူပြီးနှာခေါင်းကြီးကပွနေသည်။ လက်ချောင်းတစ်ချို့ပြတ်ပြီး တိုနေတာ တွေ့ရသည်။ တင်ပလ္လင်ခွေထိုင်နေ၍ ခြေချောင်းတွေကို မမြင်ရသော်လည်း ခြေ ချောင်းလေးတွေလည်း တိုနေမှာ သေချာသည်ဟုတွေးမိသည်။ လမ်းထဲက အမျိုးသမီးသုံးယောက်နှင့် ကလေးတွေပါ ရေမန်းသောက်ပြီးကြ၍ ထိုင်နေကြသည်။ ကျွန်တော်က ဘိုးတော်ရဲ့ရှေ့ မကျတကျ၊ ခပ်စောင်းစောင်းမှာ ထိုင်ချလိုက်သည်။ ဒေါ်သန်းမြက ဘိုးတော်ကိုလျှောက်သည်။





"ဘဘ သူ့ကို မှတ်မိလား၊ မောင်သောင်းရွှေရဲ့ညီအငယ်လေ"

"သူ့ကိုတော့ မမှတ်မိဘူး၊ ကိုသောင်းရွှေကိုတော့မြင်ရင် မှတ်မိမယ်လို့ထင်တယ်"

ကျွန်တော် အတော်အံ့သြသွားသည်။ ကျွန်တော်တို့ညီအစ်ကိုတွေကို သိနေသည့် ဘိုးတော်ကိုယ်ပျက်ဝိဇ္ဇာကြီးကို တအံ့တသြကြည့်နေမိသည်။ ဒေါ်သန်းမြက ကျွန်တော့်ကို မေးသည်။

"မောင်စိုးလှိုင် ဘဘဟာ ဘယ်သူလဲဆိုတာ နင် သိရဲ့လား"

"မသိဘူးခင်ဗျ"

"သေသေချာချာကြည့်ပါဦး မမှတ်မိဘူးလား"

ကျွန်တော်ခေါင်းခါပြလိုက်သည်။ ဆွေထဲမျိုးထဲမှာရော၊ အပေါင်းအသင်းအသိမိတ်ဆွေတွေထဲမှာပါ ကုဋ္ဌနူနာစွဲကပ်နေသူ တစ်ယောက်မျှ မရှိ၍လုံးဝမသိ၊ မမှတ်မိဖြစ်နေသည်။

"ဒါ ကိုတင်နိုင်လေ၊ နင်တို့ ဝယ်လိုက်တဲ့ အိမ်ရှင်ကိုတင်နိုင်"

" ဟာ "



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် အကြီးအကျယ်တုန်လှုပ် အံ့သြသွားပါသည်။ ပြည်တော်သာခေတ်မတိုင်မီ ပဝေသဏီထဲက ဆယ်တန်းဖြေနေသော ခေတ်ပညာတတ်၊ လူချော ကိုတင်နိုင်သည် အသေထွက်ထွက်ရန်အတွက် ခန္ဓာကိုယ်ကိုဖျက်ဆီးနေသည့် ကိုယ်ပျက်ဝိဇ္ဇာမဟုတ်ဘဲ၊ လိုင်းစုံ၍ ကိုယ်ပျက်သွားသောအနူကြီးဖြစ်နေပါပကောလားဟု နားလည်လိုက်ပါသည်။

ကလျာ၊ ၂၀၁၀ ခုနှစ်၊ ဧပြီလ။



# မေးမြန်းခြင်းသည်းခံပါ

ယခုတလောမှာ သဘော်သားကြီး ကိုအဏ္ဏဝါ ကပ်သင့်နေသည်လို့ ပြောရမလိုဖြစ်နေသည်။ လုပ်လိုက်လျှင် အလွဲလွဲ အချော်ချော်ဖြင့် ဖြစ်လိုက်လျှင် အရှက်တကွဲ အကျိုးနည်းတွေချည်းဖြစ်နေသည်။ ဘုန်းကြီးကျောင်းထွက် ဆရာကောင်းတပည့်ဖြစ်လို့ သူ့ဇာတာစန်းလင်ကို သူ့ဟာသူ ထွက်ချက်ကြည့်သည်။

၁၃၀၄ ခုနှစ်တွင် မွေးဖွားသည့် အင်္ဂါသားဖြစ်၍ မဟာဘုတ်အရ ပုတိဖွားဖြစ်နေသည်။ သုံးရက်စောပြီး မွေးထုတ်ပေးခဲ့သည့် မိခင်ကြီးကို ကျေးဇူးတင်နေမိသည်။ အင်္ဂါနေ့မှာမမွေးဘဲ အောင့်ထားပြီး သောကြာနေ့ကျမှ မွေးထုတ်လိုက်လျှင် မရဏဖွားဖြစ်သွားမည်။

မရဏဖွားသာဖြစ်သွားပါက နေရာတကာမှာ ရုတ်ရုတ်သဲသဲဆိုလျှင် ပါတတ်သူဖြစ်လို့ လွန်ခဲ့သည့် ဆယ်နှစ်လောက်ကပင် သေပြီးရော့မည်ဟု တွေးနေမိသည်။ ယခုတော့ ပုတိဖွား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေ၍ မသေသေးသော်လည်း မအောင်မြင် မထွန်းကားနိုင်ဖြစ်နေသည်။ မထွန်းကားတာလည်း မပြောနဲ့လေ၊ သူများတွေလို ရာဇဝင်ဖွားမှ မဟုတ်ဘဲကိုး၊ ထောင်စုနှစ်တစ်ခုသာကုန်သွားသည်။ ကိုအဏ္ဏဝါကတော့ ရပ်ကွက်ဆွမ်းလောင်းအသင်းမှာတောင် သာမန်အမှုဆောင်အဆင့်က မတက်နိုင်ဖြစ်နေသည်။ အစိုးရဌာနဆိုင်ရာ အကြီးအကဲဖြစ်ဖို့တော့ ဝေးရောဟု တွေးမိသည်။

ဗေဒင်ကိန်းခန်းအရ သက်ရောက် အဌလဂ်ကို တွက်ချက်ကြည့်တော့လည်း (ရှင်ထွေးသားချစ်မြင့်စစ်ဝေ) အသွားအရ အင်္ဂါသားဖြစ်နေ၍ စနေဂြိုဟ်ထဲမှာ ရောက်နေတာ တွေ့ရသည်။ တရားတဘောင်ဖြစ်ရမည်။ ခန္ဓာကိုယ်မှာ ထိခိုက် အနာတရဖြစ်မည်။ ဖျားနာမည်။ စိတ်လက် မကြည်မလင်ဖြစ်မည်။

အနောက်တောင်အရပ်ကို အသွားအလာမရှောင်ပါက ခိုက်ရန် ဖြစ်တတ်သည်။ ခွေး၊ မြွေ အကိုက်အခဲ ခံရတတ်သည်ဟု အဟောထွက်နေသည်။ ဘုန်းကြီးကျောင်းသားဘဝတုန်းက ဆရာဘုန်းကြီး သင်ပေးခဲ့သည့် ဗေဒင်ပညာကို စိတ်မပါ၊ လက်မပါ သင်ယူခဲ့၍ မတောက်တခေါက်သာ တတ်ခဲ့သည်။ ဆရာဘုန်းကြီးကို ကြောက်၍ သင်ခဲ့ရသော မတောက်တခေါက် ဗေဒင်ပညာကို အထင်လည်းမကြီး ယုံလည်းမယုံ၍ လေးလေးနက်နက်မထားဘဲ နေလာခဲ့သည်။





အလေးနက်မထားဘဲ ပေါ့ပေါ့နေပေါ့ပေါ့စား လုပ်လာခဲ့မိ၍ ပြဿနာမျိုးစုံနဲ့ ကြုံခဲ့ရသည်။ ကိုအဏ္ဏဝါရေးခဲ့သော (နှစ်သီးစားလေးသူလုပ်သွားတယ်) ဝတ္ထုတိုလေးတစ်ပုဒ် ပေါ်ပြူလာဂျာနယ်မှာပါလာပြီး မြန်မာ့အသံကပါ ဇာတ်လမ်းပမာလွှင့်သွားတာကို ဖတ်လိုက် ကြားလိုက်ကြရသည့် ပရိတ်သတ်ကတကယ့်အဖြစ်အပျက်လားဟု မေးကြသည်။ ကိုအဏ္ဏဝါကဖြေရမှာရှက်နေ၍ ဟုတ်သလိုလို မဟုတ်သလိုလိုပုံစံဖြင့် ယောင်ဝါးဝါး လုပ်ပစ်လိုက်သည်။ ဝတ္ထုတိုလေး၏ အကြောင်းအရာက ကိုအဏ္ဏဝါ၏ သမီးတစ်ယောက် ခါးပိုက်နှိုက်ခံရသည့်အကြောင်းဖြစ်ရသည်။ ကိုအဏ္ဏဝါ၏သမီး ခါးပိုက်နှိုက်ခံရသည့်ကိစ္စက ဘာမှရှက်စရာမလိုသော်လည်း ခါးပိုက်နှိုက်သူလူငယ်နှင့် ကိုအဏ္ဏဝါတို့တွေ့ကြသောအခါ ကိုအဏ္ဏဝါလုပ်ပုံက ရှက်စရာကောင်းနေသည်။

ကိုအဏ္ဏဝါ၏ သမီးထံမှ ပိုက်ဆံအိတ်ကို နှိုက်ယူခဲ့သည့် ခါးပိုက်နှိုက်က သူနှိုက်ယူခဲ့သည့် ပိုက်ဆံအိတ်နှင့်အတူ မှတ်ပုံတင်ကဒ်၊ ဝန်ထမ်းကဒ်နှင့် မဟာသိပ္ပံကျောင်းသူကဒ်ပြားတွေကို လမ်းပေါ်က ကောက်ရလာတယ်ဆိုပြီး အိမ်တိုင်ရာရောက် လာပို့သည့် သက်သေခံကဒ်ပြားတွေနှင့်အတူ အိတ်ထဲမှာပါသွားခဲ့သည့် ပိုက်ဆံငါးထောင်ကတော့ လာပို့သည့်အထဲမှာ ပါမလာပါ။ ကိုအဏ္ဏဝါက ခါးပိုက်နှိုက်ကို လူရိုးလူကောင်းလေး



www.burmeseclassic.com

www.burmeseclassic.com



ထင်ပြီး ကျေးဇူးတင်လွန်း၍ ကော်ဖီတွေ မုန့်တွေနဲ့ ဧည့်ခံ ရုံသာမက၊ သဘော်သားဖြစ်အောင်ပဲ ကူညီတော့မလိုလို၊ သမီးတွေထဲက တစ်ယောက်ယောက်နဲ့ပဲ ပေးစားတော့မလိုလို စဉ်းစားသေးသည်။ နောက်ဆုံးမှာ လူငယ်က ပိုက်ဆံချေးသဖြင့် ပိုက်ဆံသုံးထောင် ချေးလိုက်သည်။ ပိုက်ဆံရသည်နှင့်တပြိုင်နက်၊ ကိုအဏ္ဏဝါ၏အိမ်ခြံထဲမှ ထွက်သွားသော ခါးပိုက်နှိုက်ကို မြင်တွေ့လိုက်သည့် ဆိုက်ကားသမားတွေက ပြောပြတော့မှ သာကေတမြို့က နာမည်ကြီးခါးပိုက်နှိုက် ဖိုးထောင်ဆူသူ ဖြစ်ကြောင်း ကိုအဏ္ဏဝါ သိရတော့သည်။ ဒီအကြောင်းကို ပေါ်ပြူလာဂျာနယ်မှာ ဖတ်လိုက်ရသူတွေက တကယ့်အဖြစ်အပျက်လားလို့မေးကြတော့ မရှက်ဘဲနေမလားလို့ ရှက်တော့ရှက်သည်။ ပညာတစ်ခုတော့ ရလိုက်သည်။

အဲဒီနောက်ပိုင်းမှာတော့ ကိုအဏ္ဏဝါအသွားအလာ၊ အနေအထိုင်၊ အပြောအဆို ဆင်ခြင်သည်။ စနေဂြိုလ်ထဲမှာ ရောက်နေ၍ သတိကြီးစွာနေသည်။ ဆင်ခြင်နေသည့်ကြားမှ ပြဿနာက အိမ်ရှေ့ ရောက်လာသည်။

တစ်နေ့၊ နေ့လည် ၂ နာရီလောက်မှာ ကိုအဏ္ဏဝါ၏ အိမ်ခြံဝင်းအပြင်က သံတံခါးအနီးကို မိန်းကလေးတစ်ယောက် လာရပ်သည်။ အသက်အရွယ် နှစ်ဆယ် သို့မဟုတ် အစိပ်ခန့်





သာရှိဦးမည်။ ခြံဝင်းအပြင်က ခြံဝင်းတံခါးကိုကိုင်ပြီး ကိုအဏ္ဏဝါကိုမြင်၍ လှမ်းခေါ်သည်။ ကိုအဏ္ဏဝါက ခြံဝင်းတံခါးအနီးကပ်ပြီး နားထောင်လိုက်တော့ အသံတိုးညင်းစွာ ငိုသံပါလေးဖြင့် မေတ္တာရပ်ခံ တောင်းပန်သည်။

"သမီးရဲ့အမေကို စံပြဆေးရုံကြီးမှာတင်ထားရပါတယ်ဦးရယ်၊ အမေ့ကို အသားဆန်ပြုတ်တစ်ပွဲလောက် ဝယ်တိုက်ချင်လို့ ပိုက်ဆံတစ်ရာ့ငါးဆယ်နှစ်ရာလောက် ကူညီပါဦးရယ်၊ သမီးကို ခိုင်းချင်တာခိုင်းပါ။ အဝတ်လျှော်ကြမ်းတိုက်၊ အိမ်သာဆေး၊ ဘာမဆို သမီး အကုန်လုပ်ပေးပါမယ်"

ကိုအဏ္ဏဝါ စိတ်ထဲက ပြုံးလိုက်မိသည်။ အဏ္ဏဝါဆိုတဲ့လူကို အခုလိုအခါမျိုးမှာ ဒါမျိုးလာလုပ်လို့ကတော့ လွယ်လွယ်နဲ့ဘယ်ရလိမ့်မလဲ၊ ကိုအဏ္ဏဝါက ကလေးမကို သေသေချာချာ စေ့စေ့စပ်စပ်၊ ခြေဆုံးခေါင်းဆုံးကြည့်သည်။ အရပ်အမောင်းက အနေတော်လောက်သာမြင့်သည်။ မျက်နှာက အကြည့်ခံနိုင်သည့် မျက်နှာမျိုးဖြစ်သည်။ နှာတန်စင်းလေးဖြင့် သွယ်လျလျ မျက်နှာပေါက်ဖြစ်သည်။ အသားက မဖြူမဝါမို့ ပြင်လိုက် ဆင်လိုက်ရင် လှလာစရာ အလားအလာရှိသည်။ လောလောဆယ် ဝတ်စားထားတာကတော့ ညစ်ထပ်ပါးလွှာ၍ ခြေထောက်မှာ ဖိနပ်တောင် မပါအောင် ချို့တဲ့နွမ်းပါးလွန်းတာတွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးကြောသန့်စင်ပြီး ညှတ်နေအောင်ဆင်၍ ပျံနေအောင် ဝတ်စားလိုက်မည်ဆိုပါက ကြောငြာရိုက်လို့တောင် ရနိုင်သည့်ရုပ်မျိုးရှိသူလေးဖြစ်သည်။

ဒီအချိန်မှာ ကိုအဏ္ဏဝါ၏ဇနီး ဒေါ်ဖြူတုတ်ကလည်း ကြွေးတောင်းထွက်နေ၍ အိမ်မှာမရှိ၊ သားသမီးတွေကလည်း ရုံးသွားသူသွား၊ ကျောင်းသွားသူသွားနေကြသည်။ ကိုအဏ္ဏဝါ တစ်ဦးတည်းသာ အိမ်မှာရှိသည်။ ဒီလိုအချိန်မျိုးမှာ တစိမ်းတရံဆန် မိန်းကလေးတစ်ယောက်ကို၊ အိမ်ထဲခေါ်သွင်းပြီး အလုပ်ခိုင်းစေမည်ဆိုပါက ပြဿနာဖြစ်နိုင်သည်။ မိန်းကလေးက မရိုးသားလို့ လုပ်ကြံတိုင်တန်းပါက၊ ဟုတ်တာမဟုတ်တာ နောက်မှရှင်း၊ လောလောဆယ် မိမိအတွက် အရှက်တကွဲ အကျိုးနည်းဖြစ်မည်ဟု ကိုအဏ္ဏဝါ တွေးမိသည်။ အမှုအခင်းဖြစ်ပြီး စာရင်းရှုပ်မှာစိုးလို့ မောင်းထုတ်ပစ်ရမှာကလည်း တကယ်သာ မကျန်းမာသည့် မိခင်ကို ကျွေးမွေးပြုစုချင်သူလေးဖြစ်နေပါက အကြွင်နာတရားကင်းမဲ့ရာ ကျပေတော့မည်ဟု တွေးမိပြန်သည်။

"သမီးရဲ့အမေက ဘာရောဂါဖြစ်လို့ ဆေးရုံတက်ရတာလဲကွဲ့"





"လူကြီးရောဂါဆိုပါတော့ ဦးရယ်၊ အိပ်မပျော်ရာကနေ တချောင်ချောင်ဖြစ်လာတယ်၊ အခုတော့ အသားပါတဲ့ဆန်ပြုတ် သောက်ချင်တယ်ဆိုတာနဲ့ ကြံရာမရဖြစ်ပြီး သမီး ဒီဘက်ကို ထွက်ခဲ့တာပါ"

ကလေးမ၏ ပြောပုံဆိုပုံဟန်ပန်အမူအယာမှာ၊ ဖြစ်နိုင်ခြေရှိတဲ့ အမူအယာတွေ့ရ၍ ကိုအဏ္ဏဝါ သက်ပြင်းချလိုက်သည်။ ဘာလုပ်ရလျှင်ကောင်းမလဲဟု စဉ်းစားသည်။ ဘာမှလုပ်မခိုင်းပဲ သူလိုအပ်နေသည့် ပိုက်ဆံတစ်ရာ့ငါးဆယ်၊ နှစ်ရာကို ပေးပြီး ပြန်ခိုင်းလိုက်ရလျှင် ကောင်းမလား၊ လမ်းထိပ်က စားသောက်ဆိုင်မှာ ဆန်ပြုတ်တစ်ပွဲဝယ်ပြီး ပါဆယ်ထုတ်ပေးလိုက်ရလျှင်ကောင်းမလား စဉ်းစားနေသည်။

"သမီးရဲ့အဖေ မရှိဘူးလား၊ မောင်နှမအရင်းအချာတွေရော"

ကိုအဏ္ဏဝါသည် သူ့ကိုယ်သူ စေ့စပ်သေချာသူ ပေါ့ပေါ့တန်တန်မနေသူဟု ကလေးမကို သိစေလို၍ ခြံဝင်းတံခါးကိုတောင် ဖွင့်မပေးဘဲ ခြံဝင်းအတွင်းမှရပ်လျက် စစ်ဆေးမေးမြန်းနေသည်။

"အဖေ့ကို သမီး မမြင်ဖူးလိုက်ပါဘူး၊ သမီးမွေးခါနီးမှာ အဖေဆုံးတယ်လို့ အမေကပြောပါတယ်။ အစ်ကိုတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ်၊ အခု သူဘယ်ကိုရောက်နေလဲမသိပါဘူး။ သေပြီလို့ ထင်ပါတယ်။ သမီးက အမေနဲ့အတူ ဈေးရောင်းစားပါတယ်။ အခု အမေ့ကို ဆေးရုံတင်ထားရလို့ သမီးတို့ ဒုက္ခရောက်နေပါတယ် ဦးရယ်"

ကိုအဏ္ဏဝါ စိတ်မောသွား၍ သက်မကြီးချလိုက်သည်။ ဒီလိုဒုက္ခသည်မျိုးကို တစ်ရာမျိုးနှစ်ရာမျိုး ပေးကမ်းထောက်ပံ့လို့ကတော့ ဆင့်ပါးစပ်နှမ်းပက်သလိုဖြစ်မည်။ လူမမာဆေးရုံက အမြန်ဆုံးဆင်းနိုင်အောင်ရယ်၊ လုပ်ကိုင်စားသောက်နိုင်အောင်ရယ်အတွက် လိုအပ်သည့် အကူအညီအထောက်အပံ့ပေးခြင်းသည်သာလျှင် အကောင်းဆုံးနှင့် အကြင်နာဆုံး ကူညီမှုဖြစ်မည်ဟု တွေးမိသည်။ သို့သော် ဒီကလေးမပြောနေသည့် ဆေးရုံပေါ်က သူ့မိခင်၏ နာမကျန်းဇာတ်လမ်းသည် တကယ်ဖြစ်ရပ်မှန် ဟုတ် မဟုတ်ဆိုတာကို သိဖို့က အဓိကဖြစ်သည်။ ဖြစ်ရပ်မှန်ဆိုပါက လိုအပ်တာကို ထောက်ပံ့ကူညီပေးလိုက်တော့မည်ဟု အဏ္ဏဝါ ဆုံးဖြတ်လိုက်သည်။

"ကဲ သမီးခဏစောင့် အန်ကယ်ပါ ဆေးရုံကို လိုက်ခဲ့မယ်"

ကလေးမရဲ့မျက်နှာမှာ ဝမ်းသာခြင်းထက် အံ့သြခြင်းလက္ခဏာ ပိုမို ပေါ်လွင်သွားတာကို သတိထားလိုက်မိသည်။





အဝတ်အစားလဲပြီး ခြံတံခါးကိုဖွင့်၍ ကားကို အပြင်ထုတ်လိုက်သည်။ ခြံဝင်းတံခါးကို ပြန်ပိတ်ပြီး သော့ခတ်လိုက်သည်။

"ကဲသမီး ကားပေါ်တက်၊ သမီးရဲ့အမေကို အန်ကယ်လိုက်ကြည့်မယ်"

ကိုအဏ္ဏဝါက ကားနောက်ခန်းတံခါးကို ဖွင့်ပေးလိုက်သောအခါ ကလေးမသည် ဘာကြောင့်မှန်းမသိ၊ ကားပေါ်တက်ရမှာ မဝံ့မရဲ ဖြစ်နေသည်။ ဇိမ်ခံဆလွန်းကားနှင့် မိမိ၏ဘဝက မတန်မရာမို့ စီးလိုက်ရမှာ အားနာရှက်ရွံ့ နေတာဖြစ်မည်လို့ ကိုအဏ္ဏဝါ ထင်လိုက်မိသည်။ ကလေးမသည် မဝံ့မရဲဖြင့် ကားနောက်ခန်းမှာ ဝင်ထိုင်သည်။ သယ်န်းကျွန်းစုံပြဆေးရုံကြီးသို့ သွားရမည်ဖြစ်၍ ကျိုက္ကဆံဘုရားဘက်သို့ ဦးတည်မောင်းလာခဲ့သည်။ ကလေးမသည် ကားနောက်ခန်းမှာထိုင်လျက် ဂနာမငြိမ်ဖြစ်ပြီး မျက်စိမျက်နှာ ပျက်နေတာကို နောက်ကြည့်မှန်ထဲက မြင်နေရသည်။ ဇဝနကွေ့အနီးသို့ ရောက်သောအခါ ကလေးမသည် ကားမောင်းနေသည့် ကိုအဏ္ဏဝါနှင့် အနီးဆုံးဖြစ်အောင် ရှေ့ကိုရွှေ့လာပြီး ပြောသည်။

"ဇဝနရပ်ကွက်ကိုဖြတ်သွားရင် ဆေးရုံနဲ့ပိုနီးတယ် ဦး၊ ဒီရပ်ကွက်ထဲက အိမ်တစ်အိမ်မှာ အပ်ထားတဲ့ သမီးရဲ့ထမင်းချိုင့်ကလေး ဝင်ယူချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကလေးမ လမ်းပြသည့်အတိုင်းပင် ရပ်ကွက်ထဲကို ကားမောင်းဝင်သွားသည်။ ဇဝနရပ်ကွက်ကိုဖြတ်၍ သယ်န်းကျွန်း စံပြဆေးရုံကြီး၏ ခြံစည်းရိုး အုတ်နံရံရှည်လျားလျားကြီးအနီးသို့ ရောက်သောအခါ လူနေအိမ်ခြေကျဲပြီး အဆောက်အဦး မဆောက်နိုင်သေးသည့် မြေရိုင်းကွက်လပ်ကြီးတစ်ခုအတွင်းက ချုံပုတ်တွေ နှင့်မြက်ရိုင်းပင်၊ ကိုင်းပင်ရှည်ကြီးတွေအနားသို့ ရောက်သောအခါ ကလေးမက ကားကိုခေတ္တရပ်ပေးပါဟု ပြောသည်။ ကားအောက်ကို ခဏဆင်းချင်သည်ဟုပြောသည်။ အောင့်မထားနိုင်တော့သည့် ကျင်ကြီးကျင်ငယ်ကိစ္စကြောင့် ဆင်းချင်သည်ထင်၍ ကားတံခါးမဖွင့်တတ်သော ကလေးမကို ကိုအဏ္ဏဝါ ကိုယ်တိုင် တံခါးဖွင့်ပေးလိုက်သည်။ ကလေးမသည် ကားတံခါးကိုတောင် ပြန်မပိတ်ခဲ့ဘဲ ချုံပုတ်တွေထဲပြေးဝင်သွားသည်။ အောင့်ထားရတာကြာ၍ ထွက်ကျတော့မယ်နဲ့တူတယ်လို့တောင် တွေးလိုက်မိသည်။

ကလေးမ ပြေးဝင်သွားပြီးမကြာမီပင် ချုံပုတ်တွေ ကိုင်းပင်တွေကြားက လူငယ် လေးငါးခြောက်ယောက်နှင့်အတူ ကလေးမပါ ပြန်ထွက်လာသည်။ ဘယ်လိုပါလိမ့်ဟု တွေးမိပြီး ကိုအဏ္ဏဝါ ကြောင်တောင်တောင်ဖြစ်သွားသည်။

"ဘဲကြီး ဘယ်လိုလဲ ရင့်လှချည်လား"





ချုံထဲကထွက်လာကြသူတွေထဲက တီရှပ်အကျႌနှင့် ဂျင်းဘောင်းဘီအတို အနားစုတ်ဖွားကို ဝတ်ထားသူ လူငယ်က ကိုအဏ္ဏဝါကို စားတော့ဝါးတော့မည့်မျက်လုံးများဖြင့် စူးစူးရဲရဲ ကြည့်ပြီး ကြိမ်းမောင်းသည်။ ကိုအဏ္ဏဝါ၏ကားအနီးကို ချဉ်းကပ်လာကြပုံက ကိုအဏ္ဏဝါကို ကားပေါ်ကဆွဲချပြီး ထိုးကြရိုက်ကြတော့မည့်ပုံစံမျိုးဖြစ်နေသည်။ ပုံပန်းသဏ္ဌာန်နှင့် အမူအရာတွေကလည်း ဘိန်းမရှူ၊ ဆေးမသွင်းရသေးလို့ စိတ်တိုနေကြသည့်ပုံစံမျိုးတွေဖြစ်နေသည်။

ကိုအဏ္ဏဝါ အကြီးအကျယ် ထိတ်လန့် အံ့သြသွားသည်။ ကလေးမသည် လူငယ်အုပ်စုရဲ့ နောက်မှာ သူ့မျက်နှာကို သူ့ရှေ့ကလူတွေရဲ့ ကိုယ်လုံးတွေနှင့်ကွယ်ပြီး ခေါင်းငုံ့ရပ်နေသည်။ သူ့အကျႌကိုလည်း တစ်စုံတစ်ယောက်က အတင်းအဓမ္မ အကြမ်းဖက် ဆွဲဖြဲထားသယောင် ရင်သားတစ်ဖက်ပေါ် လုနီးပါး လှန်ချထားသည်။

အခြေအနေမှန်ကို ကိုအဏ္ဏဝါ ရိပ်စားမိလိုက်သည်။ ခုခံရန်ကလည်းအား ကောင်းမောင်းသန် လူငယ် လေးငါးယောက်နှင့် မိမိလို သက်ကြီးရွယ်အို တစ်ယောက်တည်း ဘယ်လိုနည်းနဲ့မှ ယှဉ်လို့မရနိုင်ဘူး ဆိုတာကို သိနေသည်။ ပတ်ဝန်းကျင်ကို အကူအညီတောင်းဖို့ကလည်း လူနေအိမ်တွေနဲ့ လူသွားလူလာရှင်းသည့် ချောင်ကျကျနေရာမှာ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွ မင်းတို့က ဘာထင်လို့လဲ"

ကိုအဏ္ဏဝါသည် မရဲသော်လည်း ပြေးခဲစေလေသံမျိုးဖြင့် ခပ်တင်းတင်း ပြန်မေးလိုက်သည်။

"ဘာထင်ရမှာလဲ ခင်ဗျားကြီး ဒီမိန်းကလေးကို မလိမ့်တစ်ပတ်လုပ်ပြီး ကားနဲ့တင်ခေါ်လာတာမဟုတ်လား၊ ကားပေါ်မှာတင် စော်ကားမလို့ ကြိုးစားတယ်ဆို"

"ဟာ"

ကိုအဏ္ဏဝါ ဘာဆက်ပြောရမှန်းမသိအောင် ဆွံ့အသွားသည်။ အဖြစ်မှန်ကို ဘယ်လိုပင်ရှင်းပြသော်လည်း ကာယကံရှင် မိန်းကလေးကိုယ်တိုင်က သူတို့လူဖြစ်နေ၍ အချိန်ကုန်လေကုန်ရှုံးသာရှိမည်ဟုတွေးမိသည်။ အကြောင်းထူးဖို့မမြင်၍ ကားကိုမောင်းပြီးထွက်ပြေးဘို့ စိတ်ကူးမိသေးသည်။ သို့သော်နောက်ကျနေလေပြီ။ လူငယ်လေးငါးယောက်က ကားကို ရှေ့ကပိတ်ရပ်ပြီး ကိုအဏ္ဏဝါ၏ဝဲယာမှ ဝန်းရံထားပြီးဖြစ်သည်။ ကားကိုစက်နိုးဘို့ကြိုးစားရင်တောင် လက်ကိုဖမ်းကိုင်ပြီး ကားပေါ်ကဆွဲချကြမည့် အမူအရာပြနေကြသည်။

"ကဲဆရာကြီး ဘယ်လိုလဲ"

"ဘာဘယ်လိုလဲကွ၊ ဒီကလေးမက သူ့အမေ ဆေးရုံတင်ထားရတယ်ဆိုလို့ အကူအညီပေးမလို့ ငါလိုက်လာတာပဲ"





ကိုအဏ္ဏဝါမှာ ပြေးပေါက်မရှိသည့်အပြင် ကြောက်နေ၍ ဟောက်မေးမေးလိုက်ရသော်လည်း အသံတွေတုန်နေတာကိုကိုယ့်ဟာကိုယ် သတိထားလိုက်မိသည်။

"သူ့မှာ အမေမှမရှိဘဲ၊ ခင်ဗျားကြီး ဘာကလိကမာပြောဦးမလို့လဲ၊ မရှိဆင်းရဲလို့ ရိုးရိုးသားသား လုပ်စားနေတဲ့မိန်းကလေးတစ်ယောက်ကို ခင်ဗျားက ကိုယ်ထိလက်ရောက်စော်ကားလိုက်တယ်မဟုတ်လား၊ ဒီကိစ္စကို ဘယ်လိုရှင်းမလဲ"

ဒီကိစ္စဘယ်လိုရှင်းမလဲဆိုတဲ့ စကားရဲ့အဓိပ္ပာယ်က ရုံးရောက်၊ ရဲစခန်းရောက်နဲ့ ရပ်ပေါက်ရွာသိဖြစ်ပြီး အရှက်တကွဲအကျိုးနည်းမဖြစ်ချင်ရင် ကျေနပ်အောင် ပေးကမ်းပြီး အပြတ်ရှင်းလိုက်ပါဆိုသည့် သဘောဖြစ်သည်။ လော်လောဆယ် ပိုက်ဆံလိုနေ၍ ရသလောက်ယူကြမည့်ပုံမျိုးတွေ့ရသည်။

"ဘာကိစ္စကို ဘယ်လိုရှင်းရမှာလဲကွ၊ ငါ ဘာမှမလုပ်တာဘဲဟာ"

"ခင်ဗျား ဘာလုပ်တယ်ဆိုတာ ခင်ဗျား သိမှာပေါ့ဗျ၊ ဒီမှာကြည့်၊ ကောင်မလေး ကျေနပ်အောင်ညှိပြီး ကျေအေးလိုက်ရင် ပြီးတာပဲ"

သူ့နောက်မှာကွယ်ပြီး ရပ်နေသည့်ကောင်မလေးကိုဆွဲထုတ်ပြသည်။ ရင်သားတစ်ဝက် ပေါ်လုနီးပါးဖြစ်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



အကျႌဟပြဲကို လက်ညှိုးထိုးပြသည်။ နောက်ဆုံးမှာ ဒီဘူတာမှာပဲ ဆိုက်မယ်ဆိုတာကို သိထားသည့် ကိုအဏ္ဏဝါ ဒေါသဖြစ်လွန်း၍ ခေါင်းခါပြီး လေပူမှုတ်ထုတ်လိုက်သည်။ မော်တော်ကား လက်ကိုင်ကို လက်နှစ်ဖက်ဖြင့် တင်းတင်းဆုပ်ကိုင်လျက် အံကိုကြိတ်ပြီး နောက်လှန်မှီချလိုက်စဉ် ကိုအဏ္ဏဝါ၏အနီးမှာ ရပ်နေသူက ကိုအဏ္ဏဝါ၏ အကျႌအိတ်ထဲက ပိုက်ဆံတွေကိုဆက်ကာနဲ နှိုက်ယူလိုက်သည်။ ကိုအဏ္ဏဝါက စိတ်ဆိုးမာန်ဆိုးဖြင့် မေ့ကြည့်နေစဉ်မှာပင်၊ မှတ်ပုံတင်ကဒ်ပြားနှင့် ယာဉ်မောင်းလိုင်စင်ကို ရင်ခွင်ထဲသို့ ပစ်ချပေးသည်။ ပိုက်ဆံ တွေကိုတော့ ကလေးမကိုကမ်းပေးသည်။

"ရော့ စင်သီယာ မနည်းပါဘူး၊ ကျေနပ်လိုက်ပါ။ နင်လည်း အသွားအလာဆင်ခြင်ပါ၊ အန်ကယ်ကြီးကလည်း ဝါသနာပါရင် ဒီလိုဆင်းရဲနွမ်းပါးတဲ့ မိန်းကလေးတွေကိုတော့ ချမ်းသာပေးပါဗျာ၊ ကာရာအိုကေနဲ့ ဘီယာဘားတွေကို သွားပါနော်"

အထူးပြုလုပ်ထားသည့် သရုပ်ဆောင်မျက်နှာထားခပ်တင်းတင်းဖြင့် ကိုအဏ္ဏဝါကို ပခုံးပုတ်ပြီး နှုတ်ဆက်လိုက်သေးသည်။ ပိုက်ဆံငါးထောင်ကျော်ရသွားသည်နှင့် တပြိုင်နက် အားလုံးလစ်ပြေးကြပြီး ချုံပုတ်တွေနှင့်မြက်ရိုင်းပင်၊ ကိုင်းပင်တွေကြား





ထဲ ဝင်ရောက်ပျောက်ကွယ်သွားကြလေသည်။ ကိုအဏ္ဏဝါ သက်မကြီးချပြီး ကားကိုစက်နှိုးလိုက်သည်။ ပေးလိုက်ရပြန်ပြီ ပိုက်ဆံ ငါးထောင်၊ ရလိုက်ပြန်ပြီ ပညာတစ်ခုဟု တွေးမိပြီး ပြုံးလိုက်မိသည်။

အိမ်မပြန်သေးဘဲ ရဲစခန်းကိုသွားသည်။ အဖြစ်အပျက်ကို တင်ပြတိုင်တန်းသည်။ စခန်းမှတာဝန်ကျရဲတစ်ယောက်က ကိုအဏ္ဏဝါနှင့်အတူ လိုက်ပါလာပြီး အခင်းဖြစ်ပွားသည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။ ချုံပုတ်တွေ ကိုင်းပင်တွေကြားထဲ ဝင်ရှာကြည့်ကြသေးသည်။ တစ်ယောက်မှမတွေ့ကြရတော့ပါ။ သူတို့ မကြာခဏ စတည်းချလေ့ရှိသည့် နေရာဟု ယူဆရသည့် အရိပ်ကောင်းသည့် ချုံပုတ်တွေအောက်မှာ ရေသန့်ဗူးခွံတွေနှင့် ဆေးလိပ်ဗူးခွံတွေသာ တွေ့ရတော့သည်။

"အန်ကယ် ဒီပုံစံနဲ့ ကိစ္စပြီးသွားတာ ကံကောင်းတယ်။ ကောင်မလေးကို အိမ်ပေါ်ခေါ်တင်ပြီး အဝတ်လျှော်ကြမ်းတိုက်လုပ်ခိုင်းမိရင်တော့ ပြဿနာ အတော်ရှင်းယူရမယ်"

ကိုအဏ္ဏဝါ ကြက်သီးထသွားသည်။ အာမခံမရှိ အချုပ်ခန်းထဲမှာ တစ်ညလောက်တော့ အိပ်ရမှာ သေချာသည်ဟု တွေးမိ၍ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုအဏ္ဏဝါပခုံးတွန့်လိုက်သည်။ သမီး၏ ပိုက်ဆံအိတ်ကိုနှိုက်သည့် ခါးပိုက်နှိုက်ကို သဘော်သားဖြစ်အောင် ကူညီပြီး သမီးနဲ့ပေးစားဖို့ စိတ်ကူးပြီးသည်အထိ သဘောကောင်းခဲ့စဉ်က တကယ့်အဖြစ်အပျက်လားဟု မေးခဲ့သူတွေရှိသည်။

ယခုကိစ္စအတွက် လာမေးရင်တော့ ဒီတစ်ခါ ပိုတောင်နာသေးတယ်ဟ့လို့ အော်ဖြေလိုက်မည်ဟု စိတ်ကူးနေသည်။ ကျေးဇူးပြု၍ မမေးကြပါနဲ့လို့ တောင်းပန်ပါသည်ဟုလည်း တွေးနေသည်။

ကလျာ

၂၀၁၀ ခုနှစ်၊ ဇူလိုင်လ။



# ရွှေပြည်စိုးသူ့ထက်ကဲ

ကိုအဏ္ဏဝါသည် သူငယ်ငယ် လူမမယ်အရွယ်က အမေ့ရင်ခွင်ထဲမှာထိုင်ပြီး ခိုးခိုးခစ်ခစ်ရယ်မောရင်း ပျော်ရွှင်နေခဲ့ဖူးသည့် ပုံရိပ်တွေကို မှတ်မိနေသည်။ အမေသည် ကိုအဏ္ဏဝါ၏ လက်ချောင်းကလေးတွေကို ထောင်ခိုင်းပြီး လက်မလေးကို ဒေါက်တိုဟုအမည်ပေးသည်။ လက်ညှိုးလေးကို ရန်လိုဟု မှတ်သားခိုင်းသည်။ လက်ခလယ်လေးကို သူ့ထက်ကဲ၊ လက်သူကြွယ်ကို ရွှေပြည်စိုး၊ လက်သန်းလေးကို ညီပုလေးဟု လိုက်ဆိုခိုင်းသည်။

နို့စို့အရွယ် လူမမယ်လေး ကိုအဏ္ဏဝါ၏ ဝဝကစ်ကစ် ချစ်စရာ လက်ချောင်းလေးတွေကိုကြည့်ပြီး ပီတိဖြစ်နေသည့် အမေသည် သားလေး၏ လက်မလေးကိုကိုင်ပြီး ဒေါက်တိုလို့ တိုင်ပေးသည်။ ကိုအဏ္ဏဝါက မပီကလာပီကလာဖြင့် လိုက်ဆိုသည်။ လက်ညှိုးလေးကိုကိုင်ပြီး ရန်လိုလို့ တိုင်ပေးပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုအဏ္ဏဝါက လိုက်ဆိုသည်။ ဒီလိုဖြင့် သူ့ထက်ကဲ၊ ရွှေပြည်စိုး၊ ညီပုလေးတို့ကို ကိုအဏ္ဏဝါ မှတ်မိနေသည်။ အတိုအရှည်၊ အရွယ် အစား၊ တာဝန်နှင့်ရပိုင်ခွင့်တို့ကို မူတည်ပြီးလက်ချောင်းငါးချောင်းကို အမည်ပေးထားတာ မှတ်ရလွယ်သည်။ အမေသင်ပေးလို့ လိုက်ဆိုတာကြောင့် မကြာခင်မှာပင် အလွတ်ရသွားသည်။ အမေကလက်ငါးချောင်းကို ထောင်လိုက်တာနဲ့ ကိုအဏ္ဏဝါက ဒေါက်တို၊ ရန်လို၊ သူ့ထက်ကဲ၊ ရွှေပြည်စိုး၊ ညီပုလေးဟု ဆိုနိုင်သည်။

အမေသင်ပေးလို့ လက်ချောင်းလေးတွေရဲ့ နာမည်ကို သိနေသည့် ကိုအဏ္ဏဝါသည် နှစ်ပေါင်းသုံးဆယ်မျှကြာပြီး သောအခါ ဖခင်ဖြစ်လာသည်။ သမီးလေးကို ရင်ခွင်ထဲမှာထားပြီး သမီးလေးရဲ့ ချစ်စရာလက်ချောင်းလေးတွေကို ကိုင်ပြီး တိုင်ပေးသည်။ သမီးလေးရဲ့လက်မလေးကိုကိုင်ပြီး ဒေါက်တိုဟုလည်းကောင်း၊ လက်ညှိုးလေးကိုကိုင်ပြီး ရန်လိုဟုလည်းကောင်း၊ သူငယ်ငယ်က ဆိုခဲ့ရသည့်အတိုင်း သူ့ထက်ကဲ၊ ရွှေပြည်စိုး၊ ညီပုလေး တို့ကို သမီးလေးမှတ်မိအောင် တိုင်ပေးသည်။ သမီးလေးကလည်း လိုက်ဆိုသည်။ မကြာမီ သမီးလေး မှတ်မိပြီး အလွတ်ရသွားသည်။ ပိုပြီးမှတ်မိအောင် လက်ငါးချောင်း၏ ရုပ်လက္ခဏာ၊ တာဝန်နှင့် ရပိုင်ခွင့်တွေကို ပြောပြသည်။





လက်ချောင်းငါးချောင်းအနက် လက်မသည် အရုပ်ပုလွန်းသည့်အတွက် ဒေါက်တိုဟုခေါ်သည်။ လက်ညှိုးသည် ရန်ဖြစ်လျှင်နင်ဘာကောင်လဲ၊ ငါဘာကောင်လဲဆိုတာ သိရဲ့လားဟု သူတစ်ပါးကိုရော မိမိကိုပါ လက်ညှိုးထိုးရာတွင် အသုံးပြုသည့်အတွက် ရန်လိုဟုခေါ်သည်။ လက်ခလယ်သည် လက်ငါးချောင်းအနက် အရှည်ဆုံးဖြစ်လို့ သူ့ထက်ကဲ လို့ခေါ်သည်။ လက်သူကြွယ်သည် နာမည်ကိုက သူကြွယ်ဖြစ်၍ ရွှေ ငွေ လက်စွပ်ဝတ်ဆင်ရသူဖြစ်လို့ ရွှေပြည်စိုးလို့ခေါ်သည်။ လက်သန်းလေးကတော့ အငယ်ဆုံး၊ အပုဆုံး ညီငယ်လေးလိုဖြစ်နေလို့ ညီပုလေးလို့ခေါ်သည့်အကြောင်း၊ သူငယ်ငယ်က သူ့အမေသူ့ကို ပြောပြခဲ့သည့်အတိုင်း သူ့သမီးလေးကို ပြန်ပြောပြသည်။

ကိုအဏ္ဏဝါသည် သူ၏အိမ်ထောင်သက် အနှစ်သုံးဆယ်အတွင်းမှာ ဖြစ်ထွန်းမွေးဖွားခဲ့သည့် သားသမီးလေးတွေကို လူမမယ်အရွယ်မှာ လက်ချောင်းလေးတွေထောင်ခိုင်းပြီး ဒေါက်တို၊ ရန်လို၊ သူ့ထက်ကဲ၊ ရွှေပြည်စိုး၊ ညီပုလေး သင်ပေးခဲ့သည်ချည်းဖြစ်သည်။ ကိုအဏ္ဏဝါ၏ သားသမီးတွေအားလုံးပင် လက်ချောင်းလေးတွေ၏ အမည်၊ တာဝန်နှင့် ရပိုင်ခွင့်တွေကို သိနေကြသည်။

လက်ချောင်းငါးချောင်းအနက် လက်မသည်မိမိကိုယ်တိုင်ကိုသော်လည်းကောင်း၊ သူတစ်ပါးကိုသော်လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ညောင်းညာကိုက်ခဲလျှင် နှိပ်ပေးရာတွင်အသုံးဝင်သည်။ စာမတတ်သူအနေဖြင့် အမှတ်အသားတစ်ခုပြုလုပ်ရာတွင် လက် ဗွေနှိပ်ရာတွင် သူသာလျှင်မပါဝင်မဖြစ် တာဝန်ယူရသည်။ သို့သော် အရပ်ပုသည့်အတွက် ဒေါက်တိုဟု ချိုးနှိမ်အခေါ်ခံ ရသည်။

လက်ညှိုးသည် နေရာတော်တော်များများမှာ ပါဝင်၍ တာဝန်ယူရသည်။ မင်းဘာလဲ၊ ငါဘာလဲ၊ နင်ပဲငါဆပြောရဆို ရမည့်ကိစ္စမှာ မျက်နှာကိုလက်ညှိုးထိုးရာတွင်လည်းအသုံးပြု ရသည်။ လမ်းပျောက်ပြီး ဒုက္ခရောက်နေသူကို လမ်းပြရာမှာ လည်း လက်ညှိုးထိုးပြီးပြရသည်။ သိဒ္ဓတ္ထမင်းသားလေးသည် ဘုရားစင်စစ်ဧကန်ဖြစ်ပါမည်ဟု တစ်ခွန်းတည်းသော ဟော ကိန်းကို ထုတ်ခဲ့သော သုဒ္ဓတ္တပုဏ္ဏားထောင်ခဲ့သည့် လက်ချောင်း သည်လည်း လက်ညှိုးသာဖြစ်သည်။ လူ့ပြည်မှာဘုရားပွင့်နေပြီး သွားဖူးပါဟု သာတာဂိရနတ်သားနှင့် ဟေမဝတနတ်သားတို့က ကာဠီသတို့သမီးကို လမ်းညွှန်ခဲ့တာလည်း လက်ညှိုးဖြင့်ပင်ဖြစ် သည်။ သို့သော် လက်ညှိုးသည် နာမည်ကောင်းမရဘဲ ရန်လို ဟုပင်အမည်ရခဲ့သည်။

လက်ခလယ်သည် ဘာတာဝန်ကိုမှ တိတိကျကျမယူ ရသော်လည်း ဒီစပ်စပ် ဟိုစပ်စပ်ဖြင့် နေရာတကာသူပါသည်။ သူမပါပြန်လျှင်လည်း ကိုင်တွယ်ဖျစ်ညှစ်သည့်အခါ အားမရှိတာ





တော့ အမှန်ဖြစ်သည်။ သူတစ်ချောင်းတည်းတော့ ဘာမျှသုံးမ ရသောလက်ချောင်းဖြစ်သည်။ အများနှင့် စုပေါင်းတွဲဖက်ပြီးသုံး မှသာ အသုံးဝင်သူဖြစ်သည်။ ဒါနဲ့တောင်သူ့ကို နာမည်ပေးရာ မှာဘာကြောင့် သူ့ထက်ကဲလို့အမည်ပေးခဲ့ကြသည်မသိ၊ ခြေ ဖျားထောက်ထားလို့ သူများထက် ခေါင်းတစ်လုံးသာနေ၍ဖြစ် မည်။

လက်သူကြွယ်သည်လည်း လက်ခလယ်ကဲ့သို့ပင် ဘာ တာဝန်မှ တိတိကျကျ မရှိသော်လည်း ရပိုင်ခွင့်ကတော့ ထူးရှယ် ဖြစ်သည်။ ရွှေလက်စွပ် စိန်လက်စွပ်မှန်သမျှ သူချည်းဝတ်ရ သည်။ အဲဒါကြောင့်လည်း သူ့ကို သူကြွယ်ဘွဲ့ပေးထားတာဖြစ် မည်။ ရွှေပြည်စိုးမိုးရသူဖြစ်လို့ ချမ်းသာသည်။

လက်သန်းလေးသည် အငယ်ဆုံး၊ အသေးဆုံးလေးဖြစ် ၍ တာဝန်မရှိသလို ရပိုင်ခွင့်လည်း သိပ်မရှိဖြစ်နေသည်။ သူ့ နေရာနှင့်သူတော့ အသုံးဝင်သည့်နေရာလည်း ရှိပါသည်။ လက်ချောင်းငါးချောင်းတွင် အသေးဆုံးလက်ချောင်းဖြစ်၍ နှာခေါင်းချေးနှိုက်ထုတ်ရာတွင် အသုံးဝင်သည်။

ကိုအဏ္ဏဝါသည် သားသမီးဘဝကို ပေါ့ပေါ့ဆဆဖြတ် သန်းခဲ့သော်လည်း မိမိကိုယ်တိုင်မိဘဖြစ်လာသောအခါ မိဘနှင့် သားသမီးတို့ကြားမှာ ရိုးရာယဉ်ကျေးမှုအရ တည်ရှိနေသည့် တာဝန်နှင့် ရပိုင်ခွင့်တွေကို သတိထားမိလာသည်။ ကိုအဏ္ဏဝါ၏



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေသည် ရိုးသားသည့်တောသူတောင်သားဆင်းရဲသားတွေဖြစ်လို့ တစ်ချို့ကိစ္စတွေမှာ မိဘတာဝန် မကျေပြွန်သလိုဖြစ်ခဲ့ရသည်ဟုထင်သည်။ မိဘဝတ္တရား ငါးပါးရှိသည့်အနက် မကောင်းတာမလုပ်ရန် တားမြစ်ခဲ့ကြပါသည်။ ကောင်းတာလုပ်ရန်ကိုလည်း တိုက်တွန်းခဲ့ကြပါသည်။ အတတ်ပညာသင်စေသည့်အပိုင်းမှာတော့ သူတို့ကိုယ်တိုင်ကလည်း ပညာမတတ်သူတွေဖြစ်လို့ ကိုအဏ္ဏဝါကို ဘာအမွေမှ မပေးနိုင်ဖြစ်ခဲ့ရသည်။ ထိမ်းမြားပေးခြင်းကိစ္စမှာလည်း ယောက္ခမအဖွားကြီးကျေးဇူးကြောင့် ကိုအဏ္ဏဝါ မိန်းမ ရခဲ့ခြင်းဖြစ်သည်။

ကိုအဏ္ဏဝါသည် သူ့သားသမီးတွေအပေါ် မှာ မိဘဝတ္တရားကျေပြွန်အောင် အထူးဂရုစိုက်သည်။ မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းပြုလုပ်ရန် အမြဲတမ်းအသင့်ပြင်ထားသည်။ မိမိဗဟုသုတရှိသလောက်တားမြစ်ခဲ့သည်။ ညွှန်ပြခဲ့သည်။ အားလုံးကို ဘွဲ့ရအောင်သင်ပေးခဲ့သည်။ သူတို့ဘဝအနာဂါတ် ရပ်တည်ရေးအတွက် အလုပ်အကိုင်ရှာဖွေရာမှာလည်းကောင်း၊ သူတို့လုပ်ချင်သည့် စီးပွားရေးလုပ်ငန်းတွေအတွက် လိုအပ်သည့်အရင်းအနှီးကိုစိုက်ထုတ်ပေးခဲ့သည်။ ကိုအဏ္ဏဝါ၏သားသမီးတွေတစ်ယောက်မှ အိမ်ထောင်မပြု၊ လင်ယူသားမွေးမလုပ်ကြသေးသည့်အတွက် ထိမ်းမြားမပေးရသေးဖြစ်နေသည်။





ဒီနေရာမှာ စကားလမ်းကြုံလို့ ပြောပြချင်တာတစ်ခုရှိသည်။ ယခုခေတ်လူငယ်တွေ မယားယူ၊ လင်ယူကြတာဟာ ရှေးခေတ်နှင့်လုံးဝမတူတာကို ပြောချင်သည်။

ကိုအဏ္ဏဝါရဲ့ အဖေ နှင့်အမေတို့ခေတ်က မယားယူ၊ လင်ယူနည်း (၂)နည်းသာရှိသည်။ ကြိုက်လို့ အောင်သွယ်ကတဆင့် ပြောနည်းနှင့် လူကြီးချင်းသဘောတူလို့ ညားကြခြင်းတို့ဖြစ်သည်။ ကိုအဏ္ဏဝါရဲ့အဖေ နှင့် အမေသည် လူကြီးချင်းသဘောတူလို့ လက်ထပ်ခဲ့ကြတာ လို့သိရသည်။ ကိုအဏ္ဏဝါ၏အဒေါ် နှင့် ဦးလေးတို့ကိုလည်း လူကြီးချင်းသဘောတူလို့ပေးစားခဲ့ကြတာဖြစ်သည်။ အပျို လူပျိုဘဝမှာ တစ်ဦးကိုတစ်ဦးနှုတ်ဆက်စကား ပြောဖူးဖို့ဆိုတာ အသာထားလို့ သေသေချာချာတောင် မမြင်ဖူးကြဟုသိရသည်။

ဒါပေမယ့် လင်မယားဖြစ်လာကြတော့ ချစ်လိုက်ကြတာမှ အိပ်ခန်းထဲကကို မထွက်ကြဘူး။ မိဘ ပေးစားလို့ ယူလိုက်ရတဲ့ မယား သို့မဟုတ် လင်ကို ချစ်နိုင်ပါသည်ဆိုတဲ့ သာဓကကိုပြလိုခြင်း ဖြစ်ပါသည်။ ကိုအဏ္ဏဝါ၏ အဖေနှင့် အမေတို့သည်လည်း တစ်ဦးကိုတစ်ဦး အလွန်ချစ်ကြသည်။

ယခုခေတ်လူငယ်တွေမှာတော့ မယားယူ၊ လင်ယူနိုင်သည့်နည်းတွေ အများကြီးရှိသည့်အနက် အောင်သွယ်ကတဆင့်ပြောခိုင်းသည့်နည်းသည် အဆင့်အနိမ့်ဆုံး ခေတ်မမီဆုံး



www.burmeseclassic.com

www.burmeseclassic.com



နည်းဖြစ်သည်။ မိဘချင်းသဘောတူလို့ ယူကြတာမျိုးကတော့ ရှေးဟောင်းပစ္စည်းအဖြစ် ပြတိုက်ထဲမှာလိုက်ရှာရမည်ဖြစ်သည်။ ဘတ်စ်ကားမှတ်တိုင်မှာ သို့မဟုတ် လမ်းပေါ်မှာတွေ့ပြီး စကားလိုက်ပြောလို့ ကြိုက်သွားကြသည်။ မကြာမီလက်ထပ်လိုက်ကြသည်။ ဟိုတယ်နှင့် စားသောက်ဆိုင် သီဆိုပွဲမှာတွေ့ပြီး ညတွင်းချင်း ညားသွားသည့် လင်မယားတွေတောင်ရှိသည်။

ယခုခေတ်လို မယားယူ၊ လင်ယူသည့် နည်းပညာ တိုးတက်နေသည့်ခေတ်မှာ ကိုအဏ္ဏဝါ၏ သားသမီးတွေ တစ်ယောက်မျှ အိမ်ထောင်မကျတာ အံ့ဩစရာအတော်ကောင်းသည်။ သူတို့ဟာသူတို့လည်း မရှာ၊ မိဘရှာပေးတာကိုယူဖို့ဆိုတာတော့ စိတ်တောင်ကူးကြဟန်မတူ။

လူပျိုကြီး၊ အပျိုကြီးတွေ ဘဝဖြင့် မိဘရဲ့အရိပ်အောက်မှာ နေရတာကို အရသာတွေ့နေကြသည်။ သိနေကြတယ်လေ၊ မယားယူ လင်ယူလိုက်လျှင် မိဘရဲ့အရိပ်အာက်က ထွက်ရမယ်။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ရတော့မယ်၊ မိဘအိမ်မှာ နေရတာလောက် မချောင်နိုင်ဘူးဆိုတာကို သိနေကြတော့ မယားမယူ၊ လင်မယူကြဘဲ အောင့်ထားကြသည်။

အင်္ဂလိပ်စာအဓိကဖြင့် ဘွဲ့ရထားသည့် ကိုအဏ္ဏဝါ၏ သမီးအကြီးမသည် တက္ကသိုလ်မှာ ဆရာမအလုပ်ရသွားသည်။





အသက်ကလည်း ဆုံးဆယ်ကျော်နေပြီဖြစ်လို့ လင်ရဖို့မျှော်လင့်ချက် အတော်ဝေးသွားပြီဖြစ်သည်။

ဘွဲ့ရပညာတတ်အမျိုးသမီးတွေ အသက်ကြီးလာလျှင် လင်မယူဘဲ အပျိုးကြီးဖြစ်ကုန်ကြသည်။ သူတို့ရဲ့ ပညာဂုဏ်၊ ရာထူးဂုဏ်တွေကြောင့် သူတို့ကို ကြိုက်သူတွေကလည်း သူတို့ကို မမှန်းရဲဘဲ ကိုယ်နဲ့တန်ရာ သင့်တော်ရာကို ရွေးယူသွားကြတော့သည်။ ဒီလိုပုံစံဖြင့် ဥစ္စာပေါ ရုပ်ချော သူဌေးသမီးတွေနှင့် ပညာတတ်ရာထူးကြီး အမျိုးသမီးတွေ အပျိုကြီး ဖြစ်ကြရသည်။

ကိုအဏ္ဏဝါ၏ အတွေ့အကြုံအရ ပြောရမည်ဆိုလျှင် ရုပ်ရည်အသင့်အတင့်ရှိပြီး ပညာမတတ်၍အလုပ်မရှိ အကိုင်မရှိ ယောင်လည်လည်ဖြစ်နေသည့် အမျိုးသမီးတွေ လင်ရလွယ်တတ်ကြသည်။

ကိုအဏ္ဏဝါသည် သူ့ဇနီးမဖြူတုတ်ကို ဒီလိုအခြေအနေမျိုးမှာ ရအောင်ယူနိုင်ခဲ့တာဖြစ်သည်။ မဖြူတုတ်သည် ဆယ်တန်း နှစ်ခါကျပြီး ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေစဉ်မှာ လင်ရခဲ့ခြင်းဖြစ်သည်။

အကယ်၍သာ မဖြူတုတ် ဆယ်တန်းကို နှစ်ချင်းပေါက်အောင်လို့ တက္ကသိုလ်ကျောင်းသူ ဖြစ်နေလျှင် ကိုအဏ္ဏဝါကလည်း မဖြူတုတ်ကို အထင်ကြီးပြီး မှန်းရဲမည်မဟုတ်၊ မဖြူတုတ်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ကိုအဏ္ဏဝါလို ဘုန်းကြီးကျောင်းထွက်၊ ခေတ်ပညာမတတ်သည့် ပုဂ္ဂိုလ်မျိုးကို စဉ်းစားမည် မဟုတ်၍ လင်မယားဖြစ်လာဖို့ အကြောင်းမရှိဟုဆိုနိုင်သည်။

ကိုအဏ္ဏဝါသည် အသက်ကြီးလာသည့်အပြင် ဝင်ငွေလည်းမရှိ၍ အစစခြိုးခြံချွေတာသည်။ ကိုယ်ပိုင်ကားကိုတောင် ဓာတ်ဆီကုန်မှာစိုးလို့ မစီးဘဲ ကုန်းကြောင်းလျှောက်သည်။ ဘတ်စ်ကားတိုးစီးသည်။ ကိုအဏ္ဏဝါကသာ ကားနာမှာစိုးလို့ ဓာတ်ဆီကုန်မှာစိုးလို့ ကားကိုမသုံးသော်လည်း ကိုအဏ္ဏဝါ၏ သမီးကြီးက သူ့အလုပ်သွား အလုပ်ပြန်အတွက် တစ်ပတ်မှာ ငါးရက် ကားသုံးသည်။ စနေနှင့် တနင်္ဂနွေနေ့တွေမှာလည်း အကြောင်းအမျိုးမျိုးဖြင့် ကားသုံးပြန်သည်။ ဒီတော့အဆုံးအရှုံး၊ အလေအလွင့်၊ အပွန်းအပဲ့တွေဖြစ်လာသည်။ အဲဒီဝန်ဆောင်စရိတ်တွေကို ကိုအဏ္ဏဝါက ကျခံရသည်။ သူများတွေမှာ ကိုယ်ပိုင်ကားတစ်စီးရှိလျှင် ထမင်းစားလောက်သည်ဟု ကြားဖူးသည်။ ကိုအဏ္ဏဝါမှာတော့ ကားဝန်ပိနေသည်။

ကိုအဏ္ဏဝါ ဝင်ငွေရှိစဉ်က ဝယ်ယူစုဆောင်းထားခဲ့သည့် ရွှေ ငွေ လက်ဝတ်လက်စားတွေကို သားသမီးတွေက အလှူအတန်း၊ ပွဲလမ်းသဘင်သွားစရာရှိလျှင် ယူပြီးဝတ်ဆင်ကြသည်။ အလှူအတန်းကပြန်ရောက်တော့လည်း ပြန်မအပ်





ကြဘဲ မသိမသာအပိုင်ယူထားကြသည်။ သားသမီးနှင့်မိဘဖြစ်နေလို့ ပြန်တောင်းယူရမှာလည်းခက်နေသည်။ မယုံဘူးလားလို့ ပြန်မေးမှာကိုလည်း ကြောက်ရသေးသည်။ ဒီလိုဖြင့် မဖြူတုတ်၏ လက်ဝတ်ရတနာတွေသည် သမီးတွေဆီမှာ ရောက်နေကြတော့သည်။

ကိုအဏ္ဏဝါ သင်္ဘောသားဘဝဖြင့် နှစ်ပေါင်းနှစ်ဆယ်အတွင်းမှာ ဝယ်ယူတင်သွင်းလာခဲ့သည့်အသုံးအဆောင်တွေနှင့် အဝတ်အစားတွေသည်ဘီရိုကြီးတွေ၊ ရှူကေ့စ်တွေထဲမှာ အပြည့်ရှိခဲ့သည်။ နှစ်တွေကြာလာတော့ တဖြည်းဖြည်းလျော့နည်းပျောက်ဆုံးကုန်တော့သည်။ ဘယ်ရောက်ကုန်သလဲအောင့်မေ့ပါတယ်။ သားသမီးတွေရဲ့အခန်းတွေထဲကို ရောက်နေတာတွေ့ရသည်။ အဖေနှင့်အမေတို့ မသေမီလက်ဦးအောင်ရယူထားမှ စိတ်ချရမည်ဆိုသည့်မူဖြင့် ယူထားကြခြင်းဖြစ်သည်။ မဖြူတုတ်ကတော့ မိဘပိုင်ပစ္စည်းပဲ သားသမီးတွေယူတာယူပါစေဟုပြောပြီး ခွင့်လွှတ်သည်းခံနေသည်။ ကိုအဏ္ဏဝါကတော့ သူ့သမီးတွေကို ရွှေပြည်စိုးတွေလို့ နာမည်ပေးလိုက်သည်။

သားသမီးတွေ လင်ယူသားမွေးမလုပ်ကြပဲ မိဘနှင့်ဥမကွဲ သိုက်မပျက် နေတာ ပျော်စရာကောင်းတယ်ဆိုပြီး မဖြူတုတ်က ဘဝကိုကျေနပ်နေသည်။ လူဆိုတာ အချိန်တန်



www.burmeseclassic.com

www.burmeseclassic.com

အရွယ်ရောက်လာလို့ရှိရင် မိဘအုပ်ထိန်းမှုအောက်က ရုန်းထွက်ရဲရမည်။ ကိုယ့်ဝန်ကိုယ်ထမ်းပြီး ကိုယ့်လမ်းကိုယ်လျှောက်ရဲရမည်ဟု နားလည်ထားသည့် ကိုအဏ္ဏဝါနှင့် မဖြူတုတ်တို့ သဘောချင်း မတိုက်ဆိုင်ဖြစ်နေသည်။

လူမပြောနဲ့ သစ်ပင် ပန်းမာလ်တွေတောင် သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ကြသည်။ တိရစ္ဆာန်တွေဟာ ကိုယ့်ဝမ်းစာကိုယ်ရှာမစားနိုင်သေးသည့် ကာလအထိသာ မိဘကို အားကိုးပြီးနေသည်။ အချိန်တန် အရွယ်ရောက်လာသောအခါ ကိုယ့်ဝန်ကိုယ်ထမ်းရန် ကိုယ့်လမ်း ကိုယ်လျှောက်သွားကြတော့သည်။

ကိုအဏ္ဏဝါကတော့ အချိန်လွန်အရွယ်လွန်နေကြသည့်တိုင်အောင် လင်ယူသားမွေးမလုပ်သေးဘဲ မိဘရဲ့အရိပ်မှာခိုပြီးပျော်နေကြသည့် သူ့သားသမီးတွေသည် တိရစ္ဆာန်တွေထက်ပိုပြီး မိဘကို ခင်တွယ်သူတွေဖြစ်လို့ သူ့ထက်ကဲတွေဟု စိတ်ထဲကခေါ်နေမိပါသည်။

ကလျာ

၂၀၀၄ ခုနှစ် ၊ မတ်လ။



# သေရင်မပြီးပါ

ဆရာမြတ်ခိုင်ကတော့ သေရင်ပြီးပြီလို့ ခံယူထားပုံရသည်။ သူ့ရုံးခန်းနံရံမှာ စာလုံးကြီးကြီးဖြင့် (သေရင်ပြီးပြီ) လို့ရေးပြီး ချိတ်ဆွဲထားသည်။ ဘဝတစ်လျှောက်လုံး ရုန်းကန်လှုပ်ရှားကြိုးစားခဲ့လို့ ဖြစ်ထွန်းလာခဲ့သည့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး အောင်မြင်မှုများသည် သေရင်ဘာမျှမကျန်၊ သေသူနှင့်အတူ ဘာမှယူဆောင်မသွားနိုင်တော့သည့်အတွက် သေရင်ပြီးပြီလို့ ဆိုလိုဟန်တူပါသည်။ ဒါထက်လေးနက်သည့် အတွေးအခေါ် ရှိကောင်းရှိဦးမည်ဖြစ်သည်။

သေချာတာကတော့ ဆရာမြတ်ခိုင်သည် သူ၏ ခံယူချက်ကိုတင်ပြပြီး အဆိုအမိန့်တစ်ခုကို တည်ဆောက်ထားခြင်းဖြစ်သည်။ ဒီစာတန်းကိုစတင်မြင်ရစဉ်က သဘောကျပြီးယေဘုယျ လက်ခံလိုက်မိသည်။ ငါသင်ကြားတတ်မြောက်ထားခဲ့သည့် ပညာတွေ လေ့လာဆည်းပူးခဲ့သည့် ဗဟုသုတတွေ ကျင့်



www.burmeseclassic.com

www.burmeseclassic.com



ကြံအားထုတ်လို့ရခဲ့သည့် ဘွဲ့ထူးဂုဏ်ထူးတွေ အားလုံး သေလျှင်ဘာမျှသုံးမရတော့လို့ သေရင် ပြီးပြီလို့ထင်လိုက်မိပါသည်။

ဆရာမြတ်ခိုင်၏ အဆိုအမိန့်ကို လက်ခံပြီးမှမြင်တွေ့ကြားသိခဲ့ရသည့်အဖြစ်အပျက်တွေရှိသည်။ သေသူတွေရဲ့ကိစ္စတွေမှာ သေလျှင်မပြီးတာတွေကို တွေ့ရသည်။ အသက်ရှင်စဉ်က လက်ညှိုးညွှန်ရာ မီးဖြစ် ရေဖြစ်သည့် မိုးကြိုးလက်နက်ပိုင်ရှင်ကြီး တစ်ယောက်သည် သေချင်သလို သေခွင့်မရဘဲ လူမသိ သူမသိ မထင်မရှား သေသွားခဲ့ရဖူးသည်။ ဆိုဗီယက်အာဏာရှင် ခေါင်းဆောင်ကြီး စတာလင်သည် သူသေပြီးလျှင်သူ့အလောင်းကို ဆိုဗီယက်သူ့ရဲ့ ကောင်းမျှားခေါင်းချရာ ကရင်မလင်က ယင်ပြင်နီမှာ လီနင်တို့နှင့်အတူထားရန် ညွှန်ကြားထားခဲ့သည်။ သူညွှန်ကြားသည့်အတိုင်း ထားခဲ့ပါသေးသည်။

စတာလင်၏ တပည့်တွေထဲက တစ်ယောက်ဖြစ်သည့်ခရုးရှော့ဖ်အာဏာရလာသည့်အခါ ခရုးရှော့ဖ်က စတာလင်သည် ယင်ပြင်နီလိုနေရာနှင့် ထိုက်တန်သူ မဟုတ်ဆိုပြီးစတာလင်၏ အလောင်းကို ယင်ပြင်နီမှ ဖယ်ရှားပစ်လိုက်သည်။ အသက်ရှင်စဉ်က သမိုင်းကြောင်း မကောင်းသူတို့ရဲ့ဘဝဟာသေလျှင်တောင် မပြီးသေးဘူးဆိုသည့် သာဓကဖြစ်သည်။

ကိုအဏ္ဏဝါရဲ့ဇနီး မဖြူတုတ်တို့ရွာက မဟာဗောဓိဆရာတော်ဘုရားကြီး ပျံလွန်တော်မူသည့်အခါ သေလျှင်မပြီးတဲ့





သာဓကကို အထင်အရှားတွေ့ရသည်။ ဆရာတော်ဘုရားကြီးပျံလွန်တော်မူခြင်းသည် သေခြင်းဖြစ်သည်။ သေလျှင်ပြီးပြီလို့ထင် ခဲ့ကြသည်။ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီဆိုတာနဲ့ မပြီးနိုင်မစီးနိုင်သည့် ကိစ္စတွေ တစ်ခုပြီးတစ်ခုပေါ်လာခဲ့သည်။

ဆရာတော်ဘုရားကြီးသည် ရဟန်းငယ်ဘဝကကြွေချိုင်ဆိုသည့် တောရွာလေးကို အမှီသဟဲပြုပြီး တောကျောင်း ဆောက်တည်နေခဲ့သည်။ နောင်နှစ်အတန်ကြာတော့မှ မဖြူတုတ်တို့ ရွာကိုကြွသွားပြီး ကျောင်းထိုင်သည် မဖြူတုတ်တို့ရွာသည် တောနှင့်အလှမ်းဝေးနေသည့်အတွက် သုသာန်ဓုတင် ဆောက်တည်သည်။ ဧကစာကျင့်ခြင်းကို နှစ်သက်တော်မူသည်။ ပရိတ်သတ်နည်းတာကို ကြိုက်သည်။ ဗလိဗောဒ အခြွေအရံများတာကို မကြိုက်၊ လာဘ်လာဘကို မမျှော်၊ အနမာသဝတ္ထု (ပိုက်ဆံ)ကို လက်ဖျားဖြင့်ပင်မထိမကိုင်ခဲ့သည့်အတွက်ပျံလွန်တော်မူသည်အထိ ကျပ်တန်နှင့်တစ်ထောင်တန်ကို ခွဲခြားပြီးမသိ၊ ငါးပုစ္စန်သေးသေးလေးများကို ဆရာတော်ကြီး မသိအောင် အမှုန့်ပြုလုပ်ပြီး ကပ်လှူခဲ့ကြရသည်။ ရာသက်ပန်သက်သတ်လွတ်နီးပါး ဘုဉ်းပေးသွားခဲ့သည်။

ဆရာတော်ဘုရားကြီးကို နိုင်ငံတော်အစိုးရက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းသည်။ ဘွဲ့တံဆိပ်တော်ကို အလှူခံပြီးလို့ရွာကိုပြန်ကြွသောအခါ



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ကွင်းရှိရာ သံတွဲမြို့မှ ဆရာတော်ဘုရားကြီး သီတင်းသုံးရာ ကုလားပြင်ရွာအထိ ရဟတ်ယာဉ်ဖြင့်ပို့ဆောင်ပေးသည်။ နိုင်ငံတော်ပိုင် ယာဉ်ရထားမျိုးစုံကို ဥပသကာနှစ်ယောက်နှင့်အတူ အခမဲ့ စီးနင်းခွင့်ရထားသည်။ သက်တော် (၉၆) ဝါတော် (၇၇) မှာ ခြေထောက်အနာလေးကို မေးခိုင်ပိုးဝင်ပြီး ဘဝနက်ထံပျံလွန်တော်မူပါသည်။

ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီဆိုတော့ ထုံးစံအတိုင်း ဆောင်ရွက်ကြသည်။ ပုပ်ပွလာပါက ခေါင်းသွင်းနိုင်အောင် အသင့်ပြင်ထားကြသည်။ ၇-ရက်တိုင်တိုင်ထားပါသော်လည်း မပုပ်မသိုးဘဲ ရုပ်လည်းမပျက်၍ ဖူးမဝနိုင် ဖြစ်နေကြသည်။ ဘာဆက်လုပ်ကြလျှင်ကောင်းမလဲဟု စဉ်းစားနေကြရတော့သည်။ ရပ်ဝေးရပ်နီးမှ လာရောက်ဖူးမြော်သူတွေဖြင့် စည်ကားနေသည်။

ဆရာတော်ဘုရားကြီး မိန့်ကြားခဲ့တာရှိသည်။ (ငါ သေရင် ၇-ရက်ပဲထား မီးရှို့၊ အရိုးပြာကို သပိတ်နဲ့ထည့်ပြီး ကြွေချိုင်ရွာကို ဆင်နဲ့သယ်ယူ၊ ကြွေချိုင်ရွာမှာ တစ်ညပူဇော်ခံ၊ ပြီးရင် နောက်နေ့မှာ အရိုးပြာတွေကို ပင်လယ်ထဲမျှောလိုက်) ဟု မိန့်ကြားတော်မူခဲ့သည်။

ဆရာတော်ဘုရားကြီးကို ကြည်ညိုလွန်းသည့်ဒကာတွေက ဆရာတော်ဘုရားကြီးရဲ့စကားကို နားမထောင်ဘဲ ရုပ်ကလပ်





ကို ခေါင်းသွင်းပြီး နိဗ္ဗာန်ကျောင်းတင်လိုက်ကြသည်။ နောက်နှစ်ပွင့်လင်းရာသီရောက်မှ ဘုန်းကြီးပျံပွဲကြီးစည်ကားသိုက်မြိုက်စွာပြုလုပ်မည်ဟု စီစဉ်ကြသည်။ ဆရာတော်ဘုရားကြီးရဲ့စကားကို နားမထောင်သည့်အထဲမှာ ကိုအဏ္ဏဝါလည်းပါသည်။ နောင်နှစ်မှာ ဘုန်းကြီးပျံပွဲကြီး စည်ကားသိုက်မြိုက်စွာ ပြုလုပ်မည်ဟု စီစဉ်ကြသည်။ နောင်နှစ်မှာ ဘုန်းကြီးပျံပွဲကြီး ကျင်းပလျှင် ရန်ကုန်မြို့က ဇာတ်၊ အငြိမ့်၊ ရုပ်ရှင်မင်းသမီး နှင့် အဆိုတော်တွေ ခေါ်ယူရေးကိစ္စမှာ ကိုအဏ္ဏဝါက အရေးပါသူ အဖြစ်ဖြင့် ဟန်ရေးပြရမှာဖြစ်သည့်အတွက် တက်ကြွနေသည်။

ဒီလိုစီစဉ်နေကြစဉ်မှာပင် သာသနာရေးဝန်ကြီးဌာနနှင့် ဒေသအာဏာပိုင်အဖွဲ့က ပုဂ္ဂိုလ်တွေရောက်ရှိလာပြီး ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနကိစ္စ စီစဉ်ကြတော့သည်။ ဧပြီလ (၂)ရက်နေ့မှာ မီးသဂြိုဟ်ပါဟု ညွှန်ကြားပါသည်။ နိုင်ငံတော်က ထောက်ပံ့လှူဒါန်းသည့် အလှူငွေကိုလည်း ပေးအပ်လှူဒါန်းပါသည်။ ဆရာတော်ဘုရားကြီးသည် နိုင်ငံတော်က ချီးမြှင့်သည့် အမြင့်ဆုံးဘွဲ့တံဆိပ်တော်ကို ရရှိထားလို့ နိုင်ငံတော်စျာပန ဖြစ်သည်ဆိုတာကို မေ့နေကြခြင်းဖြစ်သည်။

ဒီတော့မှ ဖုတ်ပူမီးတိုက် ဆောင်ရွက်ကြရတော့သည်။ ဆရာတော်ဘုရားကြီး၏ ဆန္ဒနှင့်ကိုက်ညီသွားလို့ ဝမ်းသာကြသူတွေလည်းရှိသည်။ ရုပ်ရှင်မင်းသမီးတွေ၊ အဆိုတော်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



လုံးထွေးရစ်ပါတ် မလုပ်လိုက်ရလို့ စိတ်ဓာတ်ကျသွားသူ ကိုအဏ္ဏဝါသာ ဝမ်းမသာနိုင်ဖြစ်နေသည်။

ဆရာတော်ဘုရားကြီး၏ မိန့်ကြားချက်ထဲမှာ အရိုးပြာ ကို ကြွေချိုင်ရွာသို့ ဆင်ဖြင့်သယ် ယူရေးကိစ္စ ပါနေသည်။ ကုလားပြင်ရွာနှင့် ကြွေချိုင်ရွာသည် ၇-မိုင် ဝေးသည်။ အရိုးပြာ ထည့်ထားသည့် သပိတ်ကို ခေါင်းပေါ်မှာရွက်ပြီး ခြေလျင် လျှောက်ကြဆိုလျှင်လည်း လျှောက်ကြမည်ဖြစ်သည်။ ဆင်ဖြင့် သယ်ယူပါဟု မိန့်ကြားခဲ့သဖြင့် ဆင်တစ်ကောင် ရရှိနိုင်ရေး ပြဿနာဖြစ်နေတော့သည်။

ဒီအခြေအနေမှာပင် သံတွဲချောင်းဖျားမှာ အလုပ်လုပ် နေသည့် ဆင်တစ်ကောင်သည် သူ့ကိစ္စဖြင့် သူ့ခရီး သွားနေရာ မှ ကုလားပြင်ရွာကို ရောက်လာသည်။ တိုက်တိုက်ဆိုင်ဆိုင် ရောက်လာသော ဆင်ကြီးကို ဈာပနကိစ္စမှာ ပါဝင်ကူညီရန် မေတ္တာရပ်ခံကြသောအခါ ဆင်ပိုင်ရှင်နှင့် ဆင်ဦးစီးတို့က ဝမ်း သာအားရ လက်ခံကြသည်။ အဖိုးအခ တစ်ပြားတစ်ချပ်မှ မယူ ဘဲ အခမဲ့ လုပ်အားဒါန ပြုပါမည်ဟု ကတိပြုကြပါသည်။

ဆင်ကိုလိမ်ခဲ့သည် ဆရာတော်ဘုရားကြီး၏ ရုပ်ကလပ် ကို ဦးချကန်တော့ခဲ့သည်။ ရုပ်ကလပ်စံမြန်းရာ စံကျောင်းမှ အလှူရှင်များ[illegible]သို့ ရုပ်ကလပ်ကို သယ်ယူရာတွင် ပါဝင်[illegible]သည်။ အရိုးပြာကို ကုလားပြင်ရွာမှ ၇-မိုင်





ဝေးသည့် ကြွေချိုင်ရွာကို သယ်ယူအပူဇော်ခံရာတွင် ပါဝင်လုပ် အားဒါနပြုခဲ့သည်။ ဆင်ကြီးရဲ့ကျောပေါ်မှာ ကော်ဇောခင်းပြီး မြပုခက် တင်ထားသည်။ မြပုခက်ပေါ်မှာ အရိုးပြာထည့်ထား သည့် သပိတ်ကို တင်ထားသည်။ ဆင်ကြီးတစ်ကိုယ်လုံးကို ကကြိုးတန်ဆာတွေ ဆင်ယင်ထားသည်။ ပန်းဖွားလည်ဆွဲ၊ ကတ္တီပါထိပ်အုပ်၊ ပန်းဖွားလက်ကောက်တို့ဖြင့် လှနေသည့်အ တွက် ဆင်ကြီး မြူးပျော်နေသည်။ ဒီဆင်ကြီး သေလျှင် နောက် ဘဝမှာ ကောင်းရာသုကတိဘုံဘဝကို ရောက်နိုင်သည်။

ကုလားပြင်ရွာမှ ထောင်သောင်းမကသော ပရိသတ် ကြီးနှင့်အတူ ဆင်ဖြင့်ပင့်ဆောင်လာသော ဆရာတော်ဘုရားကြီး ၏အရိုးပြာကို ကြွေချိုင်ရွာက ဒေဝါဝင်း၊ ရာဇာဝင်း ခင်းပြီး ရွာလုံးကျွတ် ကြိုဆိုနေကြသည်။ ခြိမ့်ခြိမ့်သဲသဲ ဝက်ဝက်ကွဲမျှ စည်ကား သိုက်မြိုက်စွာ ကြိုဆိုကြသည်။ ခမ်းနားစွာ ပူဇော် ကန်တော့ကြသည်။

ပျံလွန်တော်မူပြီး (သေပြီး)သည့် ဆရာတော်ဘုရားကြီး ကို ဘာကြောင့် ဒီလောက်တောင် ရှိသေလေးမြတ်စွာ ပူဇော် နေကြတာလဲဟု စဉ်းစားမိသည်။ ဆရာတော်ကြီးကို လွမ်းတပြီး ပူဆွေးငိုယိုနေကြသည်။ အရိုးပြာကိုပင် ရှိခိုးဦးချလို့မဝနိုင် ဖြစ်နေ ကြသည်။ အစားထိုးလို့မရသည့် မြင့်မြတ်သော ပုဂ္ဂိုလ်၊ နောက် ထပ် ပေါ်ပေါက်ရန်ခက်ခဲ့သည့် ထေရ်အရှင်မြတ်ဖြစ်လို့ သေတာ



www.burmeseclassic.com

www.burmeseclassic.com

တောင် မပြီးနိုင်ပါလားလို့ သတိရလိုက်ပါသည်။

ကိုအဏ္ဏဝါလို သာမန်ပုဂ္ဂိုလ် သေလျှင် ပစ္စုပ္ပန်မှာ ပြီးသွားသော်လည်း သံသရာအရေးကိုတွေးပြီး ရင်လေးနေပါသည်။ နိဗ္ဗာန်မရမီစပ်ကြား ဘဝများစွာ သံသရာမှာ အပါယ်လေးဘုံကို ကျမသွားဖို့အရေးကြီးသည်။ နတ်ပြည်ခြောက်ထပ်နှင့် ဗြဟ္မာဘုံနှစ်ထပ်ကို မရောက်နိုင်သည့်တိုင် အရင်းလောက်ပြန်ရပြီး လူလောက်ပြန်ဖြစ်ဖို့အတွက် မသေမီ ကျင့်ကြံကြိုးကုတ်အားထုတ်ကြရမည်ဖြစ်သည်။

လူ့ဘဝကိုရလာပြီးခါမှ သေလျှင်ပြီးပြီဆိုသည့် ယုံကြည်ချက်ဖြင့် ပေါ့ပေါ့တန်တန် နေထိုင်၊ လုပ်ကိုင်၊ ကျင့်ကြံမည်ဆိုပါက သေလျှင်မပြီးသည့်အကြောင်းကို သုံးဆယ့်တစ်ပုံမှာ ကျင်လည်ရဦးမည့်အဖြစ်က သက်သေပြနေပါသည်။

လူ့ဘဝကိုရခိုက်မှာ မဟာဗောဓိဆရာတော်ဘုရားကြီးကဲ့သို့ သီလ၊ သမာဓိ၊ ပညာ၊ ဂုဏ်သိက္ခာဖြင့် ဘဝတစ်လျှောက်လုံး ရှင်သန်နေထိုင်သွားသည့် ပုဂ္ဂိုလ်မြတ်တို့အတွက်ပင် သေလျှင်မပြီးသည့် သာဓကကို ကိုယ်တိုင် မြင်တွေ့ခဲ့ရပါသည်။

ကလျာ

၂၀၀၅ ခုနှစ် ၊ ဇွန်လ။



# သွားကြဦးမလားနိုင်ငံခြား

လွန်ခဲ့သည့် တစ်ပတ်လောက်က နိုင်ငံခြားက ပြန်ရောက်လာသော ဒေါ်ခင်စိန်သည် အိမ်မှာဖင်နွေးအောင် မနေနိုင်ဘဲ ဘုရားတွေလျှောက်ဖူးနေသည်။ ဒီနေ့လည်း ဇလွန်မြို့က ပြည်တော်ပြန်ဘုရားကိုဖူးရန် နေ့ချင်းပြန် သွားပြန်သည်။ လာမည့် စနေနေ့မှာ ကျိုက်ထီးရိုးတက်ရန် ကိုအဏ္ဏဝါရဲ့ဇနီး မဖြူတုတ်ကို အဖော်လာညှိသည်။ ခရီးစရိတ်နှင့် စားစရိတ်ကို သူက ကျခံမည်ဟုပြောသည်။

လွန်ခဲ့သည့် တစ်နှစ်ခန့်က ဒေါ်ခင်စိန် နိုင်ငံခြားကိုသွားတာမှတ်မိနေသည်။ အမေရိကန်မှာ ရောက်ရှိနေသည့်သားက ခေါ်လို့ အမေရိကန်ကို လိုက်သွားခဲ့တာဖြစ်သည်။ နိုင်ငံခြားကို မသွားမီ ခြောက်လလောက်ကစပြီး ဒေါ်ခင်စိန်အလုပ်တွေ ရှုပ်နေခဲ့သည်။ သားဆီကပို့ပေးတဲ့ တာဝန်ယူ စာရွက် (စပွန်ဆာလက်တာ) ကိုကိုင်ပြီး သွားလိုက်ရတဲ့ အမေရိကန်သံရုံး၊ အခေါက်ပေါင်း မနည်း၊ နိုင်ငံကူးလက်မှတ် (ပတ်စ်ပို့) လျှောက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဖြည့်လိုက် ရတဲ့စာရွက်စာတမ်းတွေကလည်း တထော ကြီး၊ မဖြည့်တတ် မရေးတတ်လို့ နိုင်ငံခြားအတွေ့အကြုံများစွာ ရှိသည့် ကိုအဏ္ဏဝါက ကူညီဖြည့်စွက် ရေးခြစ်ပေးခဲ့ရတာကို မှတ်မိနေသည်။

အားလုံး အဆင်သင့်ဖြစ်လို့ နိုင်ငံခြားကို သွားတော့မည်ဆိုတော့ အင်္ဂလိပ်စကား မပြောတတ်သည့် ပြဿနာကြောင့် စိုးရိမ်နေသေးသည်၊ ကိုအဏ္ဏဝါက အားပေးစကားပြောရသည်။

"နိုင်ငံခြားသွားတာ အင်္ဂလိပ်စကားပြောတတ်စရာမလို၊ ဒေသအာဏာပိုင်အဖွဲ့က တာဝန်ရှိသူက နိုင်ငံကူးလက်မှတ်ကို ကြည့်လိုက်တာနဲ့ သိနေပြီးသား၊ မြန်မာစကားကလွဲလို့ ဘာစကားမှ မတတ်ဘူးဆိုတာသိသွားရင် မြန်မာစကားပြောတတ်တဲ့သူရောက်လာပြီး ကူညီပေးလိမ့်မယ်၊ ကျွန်တော်ဆိုရင် မြန်မာစကားကလွဲပြီး ဘာစကားမှမပြောတတ်ဘဲ နှစ်ပေါင်းနှစ်ဆယ်လောက် ကမ္ဘာပတ်လာခဲ့တာပဲ မစိုးရိမ်ပါနဲ့"

ဒေါ်ခင်စိန် စိတ်အေးသွားပြီး သောကအလုံးကြီး ကျသွားဟန်တူသည်။ ဟင်းကနဲ သက်ပြင်းချလိုက်သည်။ အမေရိကန် သွားရမည်ဆိုတော့ အဝတ်အစားကိစ္စ သောက မအေးဖြစ်နေပြန်သည်။ ဘောင်းဘီရှည်ပွပွဝတ်သွားရမလား၊ စကတ်နောက်ကွဲအရှည်ကိုပဲ ဝတ်သွားရမလား စဉ်းစားနေပြန်သည်။ ကိုအဏ္ဏဝါက မသိလို့မေးကြည့်သည်။





"အစ်မက အဲဒီလိုဝတ်သွားချင်လို့လား"

"မဝတ်ချင်ပါဘူး၊ နင်တို့နိုင်ငံခြားကိုသွားတော့ ဘောင်းဘီဝတ်သွားတယ်မဟုတ်လား၊ ငါတို့အမျိုးသမီးတွေက ဘာဝတ်သွားရမလဲ၊ ဒါကို စဉ်းစားနေတာပါ"

"ဘာမှစဉ်းစားနေစရာမလို၊ မင်္ဂလာဆောင်တစ်ခုကို သွားတဲ့ ပုံစံမျိုးဝတ်သွားရင်ရပြီ၊ ကျွန်တော် နိုင်ငံခြားကိုသွားတာ လုံချည်ဝတ်သွားလို့မဖြစ်လို့ ဘောင်းဘီဝတ်သွားတာပါ၊ ကုတ်အင်္ကျီ နဲ့ နက္ကတိုင် ဘယ်တော့မှ မဝတ်ခဲ့ဖူးဘူး၊ နိုင်ငံခြားကို အခေါက်ပေါင်းများစွာသွားခဲ့တာ ခရီးဆောင်သေတ္တာမပါ၊ တစ်ခါတစ်လေ ကျောင်းအိတ်ထဲထိုးသိပ်ထည့်ပြီးသွားတာပဲ"

ဒေါ်ခင်စိန်အံ့ဩသွားသည် ကိုအဏ္ဏဝါနိုင်ငံခြားကိုသွားခဲ့တာတွေဟာ ပညာတော်သင်လည်းမဟုတ်၊ ကုလသမဂ္ဂညီလာခံတက်ဖို့သွားတာလည်းမဟုတ်၊ နိုင်ငံခြားသင်္ဘောမှာအလုပ်ကြမ်းလုပ်ဖို့ သွားခဲ့တာတွေချည်းဖြစ်သည်။ ခမ်းခမ်းနားနားကြွချီသွားစရာမလိုသည့် ခရီးတွေချည်းဖြစ်သည်။ ဒါကြောင့်လည်း ကိုအဏ္ဏဝါပြောတာ အမှန်ဖြစ်လိမ့်မည် ဟုယုံကြည်သွားဟန်တူသည်။

အမှန်တော့ ဒေါ်ခင်စိန် အမေရိကန်ကိုသွားတာမှာ ဘာအခက်အခဲမှုမရှိနိုင်။ ရန်ကုန်ကထွက်လာပြီဆိုတာနဲ့ သူ့သားက ဘန်ကောက်လေဆိပ်က စောင့်ကြိုနေမည်ဖြစ်သည်။ လူဝင်



www.burmeseclassic.com

www.burmeseclassic.com



မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ဌာနမှာ စကားတစ်ခွန်းမျှ ပြောစရာမလိုအောင် သူ့သားက စီစဉ်ထားမှာဖြစ်သည်။ ဘန်ကောက်မှ အမေရိကန်ကို သူ့သားက ဦးဆောင်ခေါ်ယူသွားမည် ဖြစ်သည်။

ကိုအဏ္ဏဝါရဲ့ဇနီး မဖြူတုတ်နှင့် သားအငယ်ကောင်တို့ နိုင်ငံခြားကိုသွားတုန်းက ကိုအဏ္ဏဝါက စက်ာပူလေဆိပ်က စောင့်နေခဲ့သည်။ ကိုအဏ္ဏဝါက လေဆိပ်ထဲကိုဝင်ခွင့်မရှိလို့ ဧည့်ကြိုဌာန (မိတိမ်းဆားဗစ်) ကိုငှားရသည်။ ဧည့်ကြိုဌာနက ကောင်မလေးကိုင်ပြီးရပ်နေမည့် လက်ဝါးကဒ်တိုင်လေးက အပြားလေးမှာ (မဖြူတုတ်) လို့ မြန်မာလို ရေးပေးလိုက်သည်။

ဧည့်ကြိုကလေးမအနီးကို မဖြူတုတ်တို့သားအမိချဉ်းကပ်လာသည်နှင့် ဧည့်ကြိုကလေးမက သိလိုက်ပြီးဖြစ်သည်။ မဖြူတုတ်တို့သားအမိကို သူ့နောက်ကလိုက်ခဲ့ရန် လက်ဟန်ခြေဟန်ပြပြီး ခေါ်ယူသွားသည်။ မဖြူတုတ်တို့သားအမိဆီက နိုင်ငံကူးလက်မှတ်တွေကိုတောင်းယူပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်အခွန်မှာ လုပ်စရာရှိတာကို သူ့ဟာသူလုပ်သွားသည် ကိစ္စဝိစ္စပြီးတော့ခေါ်လာပြီး ကိုအဏ္ဏဝါရဲ့လက်ကိုအပ်ခဲ့တော့သည်။ အလွန်လွယ်ကူသည်။ မဖြူတုတ်သည် အင်္ဂလိပ်စကားကိုအသာထားလို့ မြန်မာစကားကိုတောင် အမြီးအမောက်တည့်အောင်မပြောတတ်ဘဲ နိုင်ငံခြားကို သွားနိုင်ခဲ့သည်။





ဒေါ်ခင်စိန် နိုင်ငံခြားသို့ထွက်မည့်နေ့က ဘန်ကောက်ကိုရောက်နေသည့် သူ့သားဆီက တယ်လီဖုန်းဆက်ပြီးမေးသည်။ ရန်ကုန်က လေယာဉ်ဘယ်အချိန်ထွက်မလဲဟုမေးသည်။ ရန်ကုန်မှ ဘန်ကောက်ကို လေယာဉ်ပျံသန်းချိန် ၄၅ မိနစ်ခန့်သာကြာသည်။ ဒွန်မောင်း နိုင်ငံတကာလေဆိပ်ကို သူအရောက်သွားရမည့်အချိန်ကို သိလိုက်၍ မေးတာဖြစ်သည်။

ဒေါ်ခင်စိန် လေဆိပ်ကိုဆင်းတော့ ကိုအဏ္ဏဝါကိုယ်တိုင် ကားမောင်းပြီး လိုက်ပို့လိုက်သည်။ မန္တလေးပိုးချိတ်ထမီ ငှက်ပျောညှန့်ရောင်နှင့် အင်္ကျီလက်ရှည် အရောင်တူကိုဝတ်ထားသည်။ အသက်-၆၀ ရှိပြီဖြစ်သော်လည်း မုဆိုးမဘဝဖြင့် နှစ်ပေါင်း-၂၀ မျှ နေခဲ့ပြီဖြစ်လို့ အပျိုကြီးလိုပြန်ဖြစ်နေသည်။ ခရီးဆောင်သေတ္တာအပြင် ကြိမ်ခြင်းကြီးတစ်လုံးပါသေးသည်။ အမေရိကန်မှာနေသည့် သားနှင့် ချွေးမရော မြေးတွေပါစားဖို့ အစားအသောက်တွေကို ဖိသိပ်ထည့်ယူလာသည်။ ငါးပိကြော်၊ ဘာလချောင်ကြော်၊ သရက်သီးသနပ်၊ ပုန်းရည်ကြီး၊ လက်ဖက်နှင့် အကြော်စုံတွေဖြစ်သည်။ ဩစတေးလျနိုင်ငံလေဆိပ်တွေကိုရောက်သွားလို့ကတော့ အားလုံးကို အမှိုက်ပုံးထဲသွန်ခိုင်းမှာသေချာသည်။ ဘန်ကောက်လေဆိပ်ကတော့ သိပ်ပြီး ဂရုမစိုက်လို့ရလောက်သည်။ အမေရိကန်လေဆိပ်တွေမှာ ဘာဖြစ်မလဲမသိလို့ တွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်စိန်ကို တင်ဆောင်သွားသည့် လေယာဉ် ထွက်ခွာသွားတော့မှ ဒေါ်ခင်စိန်ရဲ့သမီးမိသားစုနှင့် ကိုအဏ္ဏဝါ တို့ လေဆိပ်မှပြန်ခဲ့ကြသည်။ အိမ်ပြန်ရောက်ပြီး မကြာမီ ဘန်ကောက်လေဆိပ်မှ ဖုန်းဆက်သည်ဟုသိရသည်။ အမေနှင့် သား တွေ့သွားကြပြီဆိုသည့်အကြောင်းကို အသိပေးတာဖြစ် မည်။ ဘန်ကောက်မှာ တစ်ရက်နေပြီး ဘုရားဖူးပြီးမှ အမေရိကန် ကို သွားမည်ဟုပြောသည်။

အဲဒီနောက်တော့ ဒေါ်ခင်စိန်ရဲ့သတင်းကိုဘာမှမကြား ရဖြစ်နေသည်။ အမေရိကန်နိုင်ငံမှာ သား၊ ချွေးမ၊ မြေးတွေ နှင့်အတူ နေထိုင်နေပြီဟူ၍သာ သိထားကြသည်။ ဒေါ်ခင်စိန်၏ နေဝင်ချိန်မှာ သားလိမ္မာကြောင့် ကံကောင်းသွားပြီလို့တောင် ပြောနေခဲ့ကြသည်။ ဟောအခုတော့ ဒေါ်ခင်စိန် မြန်မာပြည်ကို ပြန်ရောက်လာသည်။ တောင်ဥက္ကလာပမြို့က သူ့အိမ်မှာ သမီး နှင့်အတူ ပြန်လည်နေထိုင်ကြောင်း သတင်းရလို့ ဖုန်းဆက်မေး ကြည့်တော့ ဟုတ်မှန်နေသည်။ တွေ့ချင်လို့ သူ့အိမ်ကို လိုက်သွား တော့ အိမ်မှာမတွေ့ခဲ့၊ ရွှေတိဂုံဘုရားကိုသွားပြီး ပုတီးစိပ်သည် ဟု သိရသည်။

နောက်နေ့မှာတွေ့တော့ အမေရိကန်နိုင်ငံမှာ နေခဲ့ရ သည့် သူ့ဘဝကိုပြောပြသည်။ ပြောနေပုံက နိုင်ငံခြားဆိုလျှင် အသံတောင် မကြားချင်သည့်ပုံမျိုးဖြစ်နေသည်။





"မမ မနေနိုင်ဘူး မောင်စိုးရေ၊ မနေနိုင်လို့ပြန်ပါရစေ ဆိုတော့ သားက စိတ်မကောင်းဖြစ်တယ်၊ ချွေးမကလည်း မပြန် ဖို့ တားပါတယ်၊ မနေနိုင်ဘူး၊ မနေနိုင်ဘူး ငါ့ကိုအမြန်ဆုံးပြန်ပို့ ကြပါလို့ပြောတော့မှ ပြန်ခွင့်ပြုလိုက်တယ်၊ နိုင်ငံခြားဆိုရင် ဘယ် နိုင်ငံခြားကိုမှ မသွားတော့ဘူး၊ ကိုယ့်နိုင်ငံမှာပဲနေမယ်၊ ကိုယ့် နိုင်ငံမှာပဲ သေမယ်"

သူ မြန်မာပြည်ကထွက်သွားတုန်းက သူ့ချွေးမကို လူ ကိုယ်တိုင်မမြင်ဖူးသေး၊ ဓာတ်ပုံကိုသာမမြင်ဖူးသည်။ သူ့သား သည် သင်္ဘောသားဘဝဖြင့် မြန်မာပြည်ကထွက်သွားပြီး ပြန် မလာတော့ဘဲ အမေရိကန်ကိုရောက်သွားသူဖြစ်သည်။ မြန်မာ ပြည်က ထွက်သွားတုန်းက လူပျိုဖြစ်သည်။ အမေရိကန်ကို ရောက်တော့မှ သူ့လိုပဲ အမေရိကန်ရောက် မြန်မာမိန်းကလေး တစ်ယောက်နဲ့ ချစ်ကြိုက်ကြပြီး လက်ထပ်လိုက်ကြသည်။

သူ့သားက မုဆိုးမမိခင်ကို ဆင်းရဲနွမ်းပါးသည့် ညီမနဲ့ အတူမထားလိုဘဲ သေသည်အထိ သူနဲ့အတူ အမေရိကန်မှာနေ ဖို့ အပြီးအပိုင်ခေါ်ယူလိုက်တာဖြစ်သည်။ သားနှင့်ချွေးမ နေကြ တာက အမေရိကန်နိုင်ငံ အနောက်ဘက်ခြမ်းက လောင်းဗျူး ဆိုသည့်မြို့မှာဖြစ်သည်။ မြို့သေးသေးဖြစ်သည်။ မြို့ကြီးတွေ ဖြစ်သည့် လော့စ်အိန်ဂျယ်လိစ်နှင့် ဆီယက်တဲလ်ကို သွားချင် လျှင် တစ်ညအိပ်ကြာအောင် ဘတ်စ်ကားစီးပြီးသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သားနှင့်ချွေးမ နှစ်ယောက်လုံး အလုပ်လုပ်ကြသည်။ ကိုယ်ပိုင်ကားမောင်းပြီး အလုပ်သွားကြရသည်။ သားက ညဘက်အလုပ်ဆင်းသည်။ ချွေးမက နေ့ဘက်အလုပ်ဆင်းသည်။ လင်နှင့်မယားတို့ အလုပ်သွားနှင့်အလုပ်ပြန် အိမ်အတက်အဆင်းလှေခါးမှာဆုံကြသည်။ ချွေးမက ကလေးနှစ်ယောက်ကိုအလုပ်သွားရင်း ကျောင်းပို့ပစ်ခဲ့သည်။ ညနေအလုပ်ကပြန်တော့မှ ပြန်ခေါ်လာသည်။ ကလေးတွေကလည်း အမေရိကန်မှာ မွေးသည့်ကလေးတွေဖြစ်လို့ မြန်မာစကားမတတ်၊ အဖေ၊ အမေနှင့်ဖွားဖွားကို ခေါ်တတ်အောင် မနည်းသင်ထားရသည်။ အဖေနှင့်အမေက ခေါ်ရတာလွယ်သော်လည်း ဖွားဖွားခေါ်ရတာခက်လို့မခေါ်ဘဲနေကြသည်။

အမေရိကန်နိုင်ငံဆိုတော့ ကြားဖူးသည့် နယူးယောက်တို့ ဝါရှင်တန်တို့နဲ့ ဘယ်လောက်ဝေးသလဲမေးကြည့်သည်။ မိုင်ပေါင်း-၃၀၀၀ ကျော်ဝေးသည်ဟုပြောသည်။ နည်းနည်းလေးအနေကြာလာတော့မှ ရိပ်စားမိလာသည်။ မိမိရောက်နေသည့်နေရာသည် ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင်ထဲက ငပုတောမြို့လေးလို နေရာမျိုးပါလားဟုသိလာသည်။ သားက ကွန်ပျူတာအစိပ်အပိုင်းတွေထုတ်လုပ်သည့်စက်ရုံမှာ အလုပ်လုပ်သည်။ ချွေးမကစူပါမားကတ်ကြီးတစ်ခုမှာ အရောင်းစာရေးမလုပ်သည်။ နှစ်ယောက်ပေါင်းလစာ ၃၀၀၀ လောက်ရသည် ဟုထင်ရသည်။





အိမ်ခန်းခ၊ မော်တော်ကားဝယ်ထားသည့် အကြွေး၊ ရုပ်မြင်သံကြားနှင့် တယ်လီဖုန်းအကြွေး၊ မိသားစုကျန်းမာရေးအတွက် လူမှုဖူလုံရေးစရိတ်၊ အိုနာစာစရိတ်တွေနှင့် ကလေးကျောင်းစရိတ်တွေ အဖြတ်ခံရသည်ဟုသိရသည်။ ပိုသည့်ပိုက်ဆံလေးထဲက ဓာတ်ဆီဖိုး၊ ကလေးမုန့်ဖိုး၊ ထမင်းဟင်းချက်သည့် ဓာတ်ငွေ့ဖိုး၊ လျှပ်စစ်မီတာခနှင့် တယ်လီဖုန်းခေါ်ခတွေကို နုတ်လိုက်သောအခါ သိပ်ပြီးမကျန်ဟုယူဆရသည်။ မနေမနားရှာဖွေနေရသည်ဟုရိပ်မိလာသည်။

တစ်ခါတစ်လေ အိမ်မှာတစ်ယောက်တည်းနေရသည်။ နေရတာကလည်း အပေါ်ထပ် ၄ လွှာမှာနေရသည်။ ပုတင်းပေါက်ကိုဖွင့်ပြီး ကြည့်လိုက်လျှင် ထင်းရှူးတောကြီးကိုပဲ မြင်ရသည်။ ဆီးနှင်းကျသည့်နေ့ဆိုလျှင် ဘာကိုမှမမြင်ရဘဲ မြူတွေဆိုင်းနေတာကိုပဲမြင်ရသည်။ ဒီကြားထဲမှာ တယ်လီဖုန်း မြည်သည်။ သားနှင့်ချွေးမက ဆက်တယ်ထင်လို့ ကောက်ကိုင်လိုက်သည်။

"ဟလို"

"-+-+-+-+-+-+-+-+"

တစ်ဘက်ကပြောနေတာတွေကို ဘာမျှနားမလည်လို့ ဘာပြန်ပြောရမှန်းမသိဖြစ်နေသည်။ ကိုယ့်ဘက်က ဘာမျှမပြောဘဲနေလျှင် မသင့်တော်လို့ပြန်ပြောရသည်။



www.burmeseclassic.com

www.burmeseclassic.com



"နားမလည်ဘူး၊ ကျွန်မ အင်္ဂလိပ်လိုမတတ်ဘူး"

" +-+-+-+-+-+-+ "

တစ်ဘက်ကပြောနေသူ၏ စကားထဲမှာသားနာမည်ပါနေသည်။ သားနဲ့စကားပြောချင်တဲ့သူဖြစ်မည်။ သားကလည်း အိမ်မှာမရှိလို့ မရှိဘူးလို့ပြောလိုက်သည်။

"သားမရှိဘူး၊ အပြင်သွားတယ်၊ နောက်မှပြန်ဆက်ပါ"

အမေရိကန်လေသံဖြင့် အင်္ဂလိပ်လိုပြောနေသူကို မြန်မာလိုချည်း မှုတ်ထည့်လိုက်ရာ ဘာတွေဖြစ်သွားသည်မသိ၊ ဟိုဘက်ကလူ စိတ်ညစ်ပြီး ဖုန်းချသွားသည်။

ဒီလိုပုံစံဖြင့် နေ့တဓူဝ နေလာရသောအခါ ပျင်းလာသည်။ လူ့ဘဝရဲ့လက်ကျန်အချိန်လေးကို ဒီလိုပုံစံဖြင့် ကုန်လွန်စေရမည်ဆိုလျှင် နှမြောစရာကောင်းသည်ဟုတွေးလာသည်။ ကိုယ့်တိုင်းပြည်ကို လွမ်းလာသည်။ တောင်ဥက္ကလာက မိမိပိုင်အိမ်ကို လွမ်းလာသည်။ အိမ်ရှေ့က ရင်ကွဲသရက်ပင်ကြီးကို လွမ်းတလာသည်။ သမီးကမွေးလာသည့် မြေးကလေးတွေကို အောင့်မေ့လာသည်။

အဆိုးရွားဆုံးခံစားရတာက ဘယ်ကိုကြည့်ကြည့်စေတီပုထိုးနှင့် ကျောင်းကန်ဘုရားတွေကို မမြင်ရသောကိစ္စဖြစ်သည်။ ရွှေတိဂုံစေတီတော်ကြီးကို ဖူးချင်သည်။ မန္တလေးက မဟာမြတ်မုနိရုပ်ပွားတော်ကြီးကို တဝကြီးကြည့်ပြီး ကြည်ညိုနေချင်သည်။





အို . . . ကိုယ့်တိုင်းပြည်က ရွှေရောင်တဝင်းဝင်းလက်နေတဲ့ စေတီပုထိုးတွေ ကျောင်းကန်ဘုရားတွေနဲ့ စိမ်းစိုနေတဲ့ တောတောင်ရေမြေ သဘာဝအလှတွေကို လွမ်းတယ်ကွယ် . . . လွမ်းစိတ်ဖြင့် ငိုမိသည်။ မဖြစ်ဘူး၊ မဖြစ်ဘူး၊ ငါ့တိုင်းပြည်ကို ငါ ပြန်ပြန်မယ်ဟု ဆုံးဖြတ်လိုက်သည်။

သားနဲ့ချွေးမက အမျိုးမျိုးချော့ပြီးတားပါသေးသည်။ မြန်မာပြည်မှာနေရင် အနေဆင်းရဲ အစားဆင်းရဲနဲ့ ကျန်းမာရေးချို့ယွင်းလာလျှင် ဆေးဝါးကုသစရိတ် အခတ်အခဲကြောင့် ဒုက္ခဖြစ်မည်အထိ အကျိုးအကြောင်းပြပြီးတားကြသည်။

"မဖြစ်ဘူး မဖြစ်ဘူး၊ အမေ ဒီမှာနေရင် အသက်တိုလိမ့်မယ်၊ သားနဲ့သမီးကို ကျေးဇူးတင်ပါတယ်၊ အမေ့ကို အမြန်ဆုံးသာ ပြန်ပို့ပါ"

သားက ခွင့်ယူလို့မရတော့လို့ စင်ကာပူက သူငယ်ချင်းဆီကို ဖုန်းဆက်ပြီး အကူအညီတောင်းသည်။ လော့စ်အိန်ဂျယ်လိစ်မှ စင်ကာပူကို တိုက်ရိုက်သွားသည့် လေယာဉ်ဖြင့်ပြန်ပို့ပေးလိုက်သည်။ စင်ကာပူက သားသူငယ်ချင်းက လေဆိပ်မှာလာကြိုပြီး မြန်မာပြည်ကိုရောက်အောင် ပို့ပေးလိုက်တာဟု ဆိုပါသည်။

ကလျာ

၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ။



www.burmeseclassic.com

www.burmeseclassic.com

# အဘိုးသေသည့်နေ့

ကိန္နရီချောင်းရွာကြီး၏ နွေရာသီနံနက်ခင်း တစ်ခုမှာ ကလေးတွေနှင့် လူကြီးတစ်ချို့ ရွာအရှေ့ပိုင်းကို ပြေးသွားနေကြသည်။ တစ်စုံတစ်ခုကို မြင်ဖူးတယ်ရှိအောင် ကြည့်ဖို့အတွက် ပြေးသွားနေကြတာဖြစ်သည်။ အဘိုးအို ဦးထွန်းကြိုင်သည်လည်း အိမ်ရှေ့မှာထိုင်ပြီး နေပူစာလှုံနေရာမှထပြီး ရွာအရှေ့ပိုင်းကို လျှောက်သွားသည်။ အများနှင့်အတူ မြင်ဖူးတယ်ရှိအောင် ကြည့်မည်ဆိုသည့်ရည်ရွယ်ချက်ဖြင့် ပြေးသွားနေသူတွေ၏နောက်က ဖြေးဖြေးလိုက်သွားသည်။

အဘိုး ဦးထွန်းကြိုင်သည် ဒီသတင်းကိုကြားနေတာ တစ်လလောက်တော့င် ရှိပြီဖြစ်သည်။ ဟိုနေ့လုပ်တော့မလို သည်နေ့လုပ်တော့မလိုနဲ့ မလုပ်ဖြစ်သေးဘဲ ရက်တွေကြာနေခဲ့သည်။ ဒီနေ့တော့ လုပ်ဖြစ်ပြီဖြစ်လို့ ကလေးတွေနှင့် ရွာက လူတစ်ချို့သည် လုပ်တာကိုကြည့်ချင်မြင်ချင်လို့ သူ့ထက်ငါ ဦးအောင်ပြေးသွားပြီး နေရာယူနေကြသည်။ အဘိုးဦးထွန်းကြိုင်



ဒီကီစ္စကို မကြည့်ချင်၊ မမြင်ချင်သော်လည်း မလုပ်ကြပါနဲ့လို့ တားမြစ်ပိုင်ခွင့် မိမိမှာမရှိသည့်အတွက် ဘယ်လိုလုပ်ကြတယ် ဆိုတာ သိရအောင်နှင့် မြင်ဖူးတယ်ရှိအောင် သွားကြည့်မည် ဆိုသည့် ရည်ရွယ်ချက်ဖြင့် ရွာအရှေ့ပိုင်းကိုလျှောက်သွားသည်။

အဘိုးဦးထွန်းကြိုင်သည် အနည်းငယ်မောလာလို့ ခေတ္တ ရပ်ပြီး ရွာအရှေ့ပိုင်းကို လှမ်းမျှော်ကြည့်လိုက်သည်။ ပြေးသွား နေကြသူတွေကို ဝေဝါးစွာ မြင်တွေ့နေရသည်။ အသက်-၉၀ ပြည့်ခဲ့ပြီဖြစ်လို့ မျက်စိတွေမှုန်ပြီး၊ သွားတွေ ကျိုးကုန်ပြီ၊ ခါးလည်း အနည်းငယ် ကုန်းနေပြီ၊ မြန်မြန်လျှောက်လိုက်လျှင် မောချင် သည်။ ဖြေးဖြေးလျှောက်သွားမည်ဟု ဆုံးဖြတ်လိုက်သည်။ မိမိ မသေခင် မြင်တွေ့သွားရမည့် ဒီကီစ္စကို မြင်လိုက်ရတယ်ရှိ အောင် ကြည့်ကိုကြည့်မည်ဆိုပြီး လျှောက်လာခြင်းဖြစ်သည်။

အဘိုးဦးထွန်းကြိုင်သည် ဖြေးဖြေးလျှောက်တော့ မည်ဆိုသည့်အခါ ရွာအရှေ့ပိုင်းကို လှမ်းမျှော်ကြည့်လိုက်သည်။ ရွာထိပ်က ကညင်းပင်ကြီးကို မြင်ရသည်။ ကညင်းပင်ကြီးကို ဒီနေ့မြင်တွေ့ရတာဟာ အခါတိုင်းနှင့်မတူသလို ဖြစ်နေသည်။ အခါတိုင်းလို အကိုင်းအခက်အရွက်တွေလှုပ်ပြီး ရွာသူရွာသား တွေကို လက်ပြနုတ်ဆက်ခြင်း မပြုတော့ဘဲ ငြိမ်နေသည်။ တစ်စုံ တစ်ခု ဖြစ်လာတော့မည်ဆိုတာကိုသိနေလို့ မျက်စိကိုမှိတ်ပြီး အံကြိတ်နေတာ ဖြစ်မည်ဟု တွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကညင်းပင်ကြီး၏ သက်တမ်းဘယ်လောက်ရှိပြီဆိုတာကို အသက်-၉၀ ပြည့်ပြီးဖြစ်သည့် အဘိုး ဦးထွန်းကြိုင်တောင် မသိဖြစ်နေသည်။ အဘိုးသည် ဒီရွာမှာ မွေးပြီး ဒီရွာမှာ ကြီးခဲ့သူဖြစ်သည်။ အဘိုး လူ့ပြည်ကိုရောက်ပြီးလို့ မှတ်မိသည့်အချိန်မှာ ဒီကညင်းပင်ကြီး၏ ပင်စည်လုံးပတ်သည် ယောက်ျားကြီးသုံးယောက်ဖက်လောက် ရှိပြီဖြစ်သည်။ အမြင့်ပေတစ်ရာကျော်လောက် ရှိမည်ဟုထင်သည်။ အားကောင်းလှသည့် အကိုင်းအခက်တွေ ဝေဝေဆာဆာဖြင့် ရွာထိပ်က အရိပ်ခိုရာ အပင်ကြီးအဖြစ်ဖြင့် အမှုထမ်းနေပြီဖြစ်သည်။ ရွာသူရွာသားတွေရဲ့ အချစ်တော် သစ်ပင်ကြီးအဖြစ်ဖြင့်လည်းကောင်း၊ ကိန္နရီ ချောင်းရွာရဲ့ အမှတ်သင်္ကေတအဖြစ်ဖြင့်လည်းကောင်း ရပ်တည်နေပြီဖြစ်သည်။

အဘိုးငယ်ငယ်တုန်းက ဒီကညင်းပင်ကြီးနဲ့ ခဲတစ်ပစ်သာသာဝေးတဲ့ ဥပုသ်ဇရပ်မှာ ပညာသင်ခဲ့ရသည်။ အစိုးရခန့်ကျောင်းဆရာ မရှိသေးလို့ တိုင်းရင်းဆေးဆရာကြီး ဦးစံရွှေ သင်ပေးသည့် မြန်မာစာ အရေး၊ အဖတ်နှင့် ဂဏန်းသင်္ချာ အပေါင်း၊ အနှုတ်၊ အမြှောက်၊ အစား အထိသင်ခဲ့ရသည်။ အလီပေါင်းကို ၂၄ အလီအထိ အလွတ်ကျက်ခဲ့ရသည်။ ဒသမကိန်းတွေနှင့် နှစ်ထပ်ကိန်းသင်္ချာဆိုတာတွေကို ဆရာကြီး





ဦးစံရွှေကိုယ်တိုင်က မတွက်တတ်လို့ တပည့်တွေကို သင်မပေးနိုင်ဖြစ်ခဲ့သည်။

ဆရာကြီးဦးစံရွှေ၏ ကျောင်းသည် လောကဓာတ်ကျောင်းဟု ဆိုင်းဘုတ်ရေးထားသော်လည်း အင်္ဂလိပ်စာနှင့် အဆင့်မြင့်သင်္ချာပညာကို သင်မပေးနိုင်သော ကျောင်းဖြစ်သည်။ အင်္ဂလိပ်စာကို သင်ပေးနိုင်သူမရှိသလို တတ်ချင်သူလည်းမရှိသည့်အချိန်ဖြစ်သည်။ သင်္ချာပညာတွင်လည်း အပေါင်း၊ အနှုတ်၊ အမြှောက်၊ အစားကို သင်ပေးနိုင်သူကလည်း ဆရာကြီးဦးစံရွှေ တစ်ယောက်သာရှိသည်။ အဲဒီတုန်းက ဆရာကြီးဦးစံရွှေ ပြောခဲ့သည့်စကားကို ပြန်လည်ကြားယောင်လာသည်။

"နင်တို့တွေသိထားရမှာက စပါးတစ်တင်းကို သုံးကျပ်၊ ဆယ်တင်းကို ကျပ်သုံးဆယ်၊ တင်းတစ်ရာကို ငွေသုံးရာဆိုတာ သိဖို့လိုတယ်၊ နင်တို့တွေစာမတတ်လို့ စပါးဝယ်တဲ့ စတီးဘရား သားကုမ္ပဏီက ချစ်တီးကုလားက လိမ်တာကို မခံရအောင် စာကြိုးစားကြရမယ်၊ နားလည်ကြရဲ့လားဟေ့"

"နားလည်ပါတယ် ဆရာကြီး"

တပည့်လေးတွေနှင့် တပည့်မလေးတွေက နားလည်ပါတယ် ဆရာကြီးလို့ သံပြိုင်အော်လိုက်ကြတော့ ဆရာကြီး ကျေနပ်သွားသည်။ တင်ပလ္လင်ခွေထိုင်နေလျက် ကွမ်းအစ်ကြီးကိုဖွင့်ပြီး ကွမ်းယာနေသည်။ အကွက်ကျဲ လုံချည်ကို ဝတ်ထား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပင်နီဖျင်ကြမ်း တိုက်ပုံအကျႌကို ကြယ်သီးမတက်ဘဲ ဟပြဲဝတ်ထားသည်။ တိုက်ပုံအကျႌရဲ့အောက်မှာ စွပ်ကျယ်လက်စက ခပ်နွမ်းနွမ်းကိုသာ ဝတ်လေ့ရှိသည်။ ပေါင်းချောင်ပတ်ခေါင်းပေါင်း သျှောင်တစောင်းဖြင့် ကြည့်ကောင်းသော ဆရာကြီးဖြစ်သည်။ ထွေးခံထဲကို ကွမ်းတံတွေးထွေးချလိုက်တိုင်း ရှေ့ကိုငိုက်ကျလာသည့် သျှောင်ထုံးလေးလှုပ်သွားပုံက ကြက်သရေရှိစွာ အသက်ဝင်နေပါသည်။ ကွမ်းယာကို ပါးစောင်အတွင်းထိုးသွင်းလိုက်ပြီး သချာင်္ပုစ္ဆာ တိုင်ပေးသည်။

“တစ်ကောလျှင် စပါးတင်း ငါးဆယ်ထွက်သော လယ်သမားကြီး ဦးဘ၏လယ်မှ စပါးတင်းပေါင်း ငါးရာ့ငါးဆယ် ထွက်လျှင် ဦးဘ၏လယ်ကေ စုစုပေါင်းကိုရှာပါ။”

အစားပုစ္ဆာဖြစ်သည်။ စပါးတင်းပေါင်း-၅၅ဝကို တစ်ကေထွက်နှုန်းတင်း-၅ဝ ဖြင့် စားရမည်ဆိုတာကို သိကြသော်လည်း ကျက်ထားသည့်အလီက ၂၄ အထိသာဖြစ်လို့ ၅ဝ ဖြင့် မစားတတ်သူတွေရှိနေသေးသည်။ စားကိန်းနှစ်လုံးဖြင့် စားနည်းကို စတင်သင်ကြားနေပြီဖြစ်လို့ တွက်ပြကြရတော့မည် ဖြစ်သည်။ လက်ရေးလက်သား ဝိုင်းစက်သေသပ်သူကို ဆရာကြီးက ချီးမွမ်းပြောဆိုလေ့ရှိသဖြင့် ပုစ္ဆာကို လက်ရေးလှအောင် ရေးရသေးသည်။ စာသင်ကျောင်းအဖြစ် အသုံးပြုနေသည့် ဥပုသ်ဇရပ်မှာ စာသင်ခုံမရှိသဖြင့် ဆရာကြီးက





ခေါင်းရင်းဘက်မှာ ဖျာကြမ်းခင်းပြီး တင်ပလ္လင်ခွေထိုင်လျှက် စာသင်ပေးသည်။ တပည့်လေးတွေက ကြမ်းခင်းပေါ်မှာ ဒူးကွေးထိုင်၊ တတောင်ထောက်ပြီး မှောက်လျက် စာရေးကြရသည်။

“အဲဒီပုစ္ဆာကို အိမ်ကတွက်ခဲ့ကြ ကြားလား၊ မနေ့က အလွတ်ချပေးလိုက်တဲ့ နတ်မြင်းညိုဗေဒင် ဟောကိန်းလင်္ကာကို ရကြသေးရဲ့လား၊ မအေးကြည်က ရွတ်ပြစမ်း”

“ရပါတယ်ဆရာကြီး၊ အသက်ကိုတည်ကာ အဋ္ဌသင်္ချာဖြင့်ခွင်း၊ အကြွင်းကို စာဆိုနှင့် နတ်မြင်းညိုသဏ္ဌာန် ဝဟောက မယွင်းပါ ဆရာကြီး”

မအေးကြည်က ဆရာကြီးကို လက်အုပ်ကလေးချီပြီး ရွတ်ပြလိုက်သည်။ ဆရာကြီးကျေနပ်သွားသည်။ မြင်းရုပ်ဗေဒင်ဟောနည်းလင်္ကာ ဖြစ်သည်။ မြင်းရုပ်ရေးရမည်။ မြင်းရုပ်၏ဦးခေါင်းမှစပြီး တစ်ကိုယ်လုံးမှာ ဂဏန်းတွေရေးထားသည်။ အသက်ကိုတည်ပြီး ရှစ်ဖြင့်စားရမည်။ အကြွင်းဂဏန်းသည် မြင်းရုပ်မှာရှိသည့် ဂဏန်းနှင့်တူညီသည့် နေရာအဟောကို ဟောရသည်။ အကြွင်းဂဏန်းသည် အမြီးမှာရှိနေလျှင် စိတ်မတည်မငြိမ် ဖြစ်နေသည်။ ခြေထောက်မှာရှိနေလျှင် ခရီးယာယီထွက်ရမည်။ မြင်းထီး၏ လိင်အင်္ဂါ (သို့)မှာကျရောက်နေလျှင် ခန္ဓာပျက်ကိန်းရှိသည်ဆိုသည့် ပုံသေအဟောတွေဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ မှန်တယ် မအေးကြည်တော်တယ်ကွဲ့၊ ဟိုနေ့က ဦးဇင်းတွေ လေနာထလို့ ဆေးဖော်ပေးလိုက်တဲ့ လေဆေးဖော်နည်းကား တေးထပ်လင်္ကာကို မောင်ထွန်းကြိုင်က ရွတ်ပြစမ်းပါဦးကွဲ့"

သျှောင်ပေစူး ကျောင်းသားလေး မောင်ထွန်းကြိုင်က ဆရာကြီးကို လက်အုပ်ချီပြီး လေဆေးဖော်နည်း လင်္ကာကို ရွတ်သည်။

"လေနာကြေညာသင့် ဒေဝါမင့်ဆေးနှယ်၊ ပြေသာခွင့်အေးလွယ်အောင်၊ ပေးစဖွယ်မမှား၊ ကျောက်ချဉ်နှင့် ဇဝက်သာ အဖက်ပါဆားကအခါး၊ ထိုသုံးပါးအမျှညီ အရစီစုထား၊ နောက်အလည် ရှောက်ရည်များနှင့် လျော်ကထည့်ငြားမြင်မြော်၊ စာသင်သားမြတ်ဘုန်းမော်ငယ်၊ သုံးဆောင်တော်မူစမ်းပ့ါ မြူခြမ်းမျှ၊ လေနာဆိုလျှင် ဖေးကွာလို့စင်၊ ဘေသဇ္ဇနိဒါန်းဆင်သည်၊ ကမ္ဘာတွင်သည် ဆေးပလေး"

"ငါ့တပည့် မောင်ထွန်းကြိုင်တော်တယ်ဟေ့၊ ကဲ စာအံနားလိုက်ကြဦး၊ ဇရပ်နားမှာ ကစားကြ၊ ကညင်ပင်ကြီးအောက်က အရိပ်မှာလည်း ကစားကြပေါ့ကွယ်"

ကျောင်းဆင်းခေါင်းလောင်း တီးစရာခေါင်းလောင်း တောင်မရှိသည့်ကျောင်းဖြစ်လို့ ဆရာကြီးက စာအံနားကြဟု ပြောလိုက်တာဟာ ကျောင်းဆင်းခေါင်းလောင်းလှုပ်လိုက်တာ





ဖြစ်သည်။ ဆရာကြီးကိုယ်တိုင်က ထိုင်နေရာကထရပ်ပြီး လုံချည်ပြင်ဝတ်လိုက်သည့်အတွက် ကျောင်းဆင်းချိန်ဆိုတာကို တပည့်လေးတွေက သိသည်။ မောင်ထွန်းကြိုင်တို့ ယောက်ျားလေးတွေက ကညင်ပင်ကြီးအောက်ကို အရောက်ပြေးကြသည်။ မအေးကြည်တို့ မိန်းကလေးတွေက ဇရပ်ရှေ့က သရက်ပင်ကြီးအောက်မှာ ကြက်ခွပ်တမ်း၊ ကြိုးခုံတမ်း ကစားကြသည်။

ကိန္နရီချောင်းရွာ၏ အမှတ်သင်္ကေတဖြစ်သည့် ရွာဦးရွာထိပ်က ကညင်ပင်ကြီးသည် ကျောင်းသား ကျောင်းသူလေးတွေ အရိပ်ခိုဆော့ကစားရာ နေရာဖြစ်ခဲ့သည်။ ကျွဲကျောင်းသားနွားကျောင်းသားကအစ ခရီးသွားရဟန်းရှင်လူများ အပန်းဖြေနားခို အမောဖြေရာ နေရာဖြစ်ခဲ့သည်။ မအေးကြည်နှင့် မောင်ထွန်းကြိုင်တို့ မေတ္တာမျှကြပြီး ဇနီးမောင်နှံအဖြစ် ရောက်ခဲ့ကြတာလည်း ဒီကညင်ပင်ကြီးအောက်မှာပင်ဖြစ်သည်။

ဒီကညင်ပင်ကြီးသည် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်တာကိုလည်းသိသည်။ ကိန္နရီချောင်းရွာကြီး ဂျပန်လက်အောက်သို့ ကျရောက်သွားခဲ့တာကိုလည်း မြင်တွေ့ခဲ့သည်။ ဂျပန်တွေကို ပြန်တိုက်သည့် အင်္ဂလိပ်လေယာဉ်ပျံတွေ မိမိခေါင်းပေါ်က နိမ့်နိမ့်လေး ဖြတ်ကျော်ပျံသန်းတာကိုလည်း ခံခဲ့ရသည်။ ပျံလွန်တော်မူပြီးဖြစ်သည့် မူလ ရွာဦးကျောင်း ဆရာတော်ဘုရားကြီးရဟန်းငယ်ဘဝဖြင့် ကျောင်းထိုင်တာကိုတောင်မြင်တွေ့ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည့် ကညင်ပင်ကြီးဖြစ်သည်။ မြန်မာပြည်လွတ်လပ်ရေးရလို့ ပြည်သူတွေနှင့်အတူ ပျော်ခဲ့ရသေးသည်။ ရရှိသည့်လွတ်လပ်ရေးဟာ အတုအယောင်လွတ်လပ်ရေးသာဖြစ်တယ်ဆိုပြီး မကျေနပ်လို့ တောခိုလာကြသည့် ရောင်စုံသူပုန်တို့ လက်အောက်ကို ဒေသတစ်ခုလုံး ရောက်နေခဲ့ရစဉ်က ကိန္နရီချောင်းရွာနှင့်အတူ ဒုက္ခတွေကို ကြုံကြုံခဲ့သည့် ကညင်ပင်ကြီးဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ရွာမှာလာရောက် ခိုအောင်းနေကြသည့် ဂျပန်တပ်တွေကို အင်္ဂလိပ်လေယာဉ်ပျံတွေက ဗုံးကြဲသည့်အခါ ရွာသူရွာသားတွေ ရွာကိုစွန့်ခွာထွက်ပြေးခဲ့ကြရသည်။ လူသူကင်းမဲ့နေသည့် ရွာကြီးကို မပျက်မစီးရအောင် စောင့်ရှောက်ပြီး တစ်ယောက်တည်းကျန်နေခဲ့သည့် ကညင်ပင်ကြီးဖြစ်သည်။ ဒီကညင်ပင်ကြီးနှင့် ဒီရွာ၏သမိုင်းအစဉ်အလာက ကြီးမားရှည်လျားလှသည်။

အော်. . . နှစ်တွေကြာညောင်းခဲ့ပြီဖြစ်လို့ ခေတ်တွေလည်းပြောင်း၊ စနစ်တွေလည်းပြောင်းပြီး ဆရာကြီးဦးစံရွှေ ကွယ်လွန်သွားခဲ့တာတောင် နှစ်ပေါင်း ငါးဆယ်ကျော်ခဲ့ပြီ၊ အဘိုးဦးထွန်းကြိုင်၏ဇနီး ဒေါ်အေးကြည် ကွယ်လွန်ခဲ့တာတောင် နှစ်ပေါင်းနှစ်ဆယ်ကျော်ခဲ့ပြီဖြစ်သည်။ အဘိုးဦးထွန်းကြိုင်၏ အသက်-၉၀ ပြည့်ပြီဖြစ်လို့ ဒီကညင်ပင်ကြီး၏သက်တမ်းသည် နှစ်ပေါင်း တစ်ရာကျော်ပြီဆိုတာသေချာသည်။ ပင်စည်လုံးပတ်





က ယောကျ်ားကြီး ၅ ယောက်ဖက်လောက်ကြီးနေပြီဖြစ်သည်။ အမြင့်ကလည်း ပေ ၁၀၀ လောက် မြင့်နေပြီဖြစ်သည်။ ခေါင်းပေါင်းကျွတ်မှ မော့ကြည့်နေကြရပြီဖြစ်သည့် ပင်မြင့်ထက်က အကိုင်းအခက်တွေမှာ ပျားအုံကြီးတွေစွဲနေသည်။ စွန်အသိုက်၊ လင်းယုန်ငှက်တွေအသိုက် လုပ်ထားကြသည်။

အဘိုးဦးထွန်းကြိုင် ကညင်ပင်ကြီးအနားကိုရောက်သွားသည့်အခါမှာတော့ ဝိုင်းအုံကြည့်ရန်ရောက်ရှိနေကြသူတွေ အတော်များနေပြီဖြစ်သည်။ တာဝန်ရှိသူဟုယူဆရသည့် ပုဂ္ဂိုလ်သုံးယောက်ကိုလုပ်ငန်းခွင်သုံး ဝတ်စုံတွေဖြင့်ရပ်နေတာတွေ့ရသည်။ သူတို့အနီးမှာသစ်တင်ကားကြီးတစ်စီးနှင့် သစ်လုံးသယ်ဝန်ချီစက်တစ်စီး ရပ်ထားတာတွေ့ရသည်။ သူတို့ပြောနေကြသည့် စကားတွေအရ အတွေ့အကြုံများစွာရှိသူတွေ ဖြစ်တယ်ဆိုတာ ယုံမှားစရာမလိုဖြစ်နေသည်။

"အကိုင်းတွေကိုဖြတ်ချပြီးမှလှဲလျှင် ပင်စည်ကိုရိုက်ချိုးသလိုဖြစ်သွားမယ်၊ အကိုင်းအခက်တွေက အပင်လဲကျလာတဲ့အခါ လေထီးနဲ့ဆင်းလာသလိုဖြစ်အောင် အရှိန်ကိုနှေးစေတယ်၊ အပင်လဲတော့မှသာ အကိုင်းတွေကိုဖြတ်ရမယ်"

ကညင်ပင်ကြီးကို ခုတ်လှဲကြတော့မည်ဖြစ်သည်။ အဘိုးဦးထွန်းကြိုင် မောနေသည်။ အသက်ကို ဝအောင်ဆွဲရှူလိုက်ရသည်။ ရင်ခုန်တာမြန်လာသည်။ တာဝန်ရှိသူတွေပြောနေကြ



www.burmeseclassic.com

www.burmeseclassic.com



သည့်စကားတွေကို ကြားရပြန်သည်။

“လယ်ကွင်းဘက်ကို လဲကျအောင်လှဲရမယ်၊ လေကဒီဘက်က တိုက်နေတယ် ဥပုသ်ဇရပ်ဘက်ကို မလဲအောင်အထူးဂရုစိုက်ရမယ်၊ ကားလမ်းပေါ် ကိုဖြတ်လဲတာမလိုချင်ဘူး၊ လယ်ကွင်းဘက်ကိုလဲကျအောင်လှဲချမယ်”

အဘိုးဦးထွန်းကြိုင်တို့ငယ်ငယ်က စာသင်ကျောင်းလုပ်ခဲ့သည့် သစ်သားဖြင့်ဆောက်ထားသည့် ဥပုသ်ဇရပ်ကလေးသည် ယခုအခါမှာ အုတ်ပတ်ကာတက်ထားသည့် ဇရပ်ကြီးဖြစ်နေပြီ၊ ဥပုသ်ဇရပ်ရှေ့ကရွာထဲကိုဝင်သည့် ဖုံထူလှည်းလမ်းကြီးသည် ယခုတော့မော်တော်ကားမျိုးစုံ သွားလာနေသည့် ကတ္တရာလမ်းဖြစ်နေပြီ၊ လှဲချလိုက်သည့်ကညင်ပင်ကြီးသည် ဥပုသ်ဇရပ်ပေါ် ပိလဲမကျအောင်သတိထားရမည်ဖြစ်သည်။ ကားလမ်းပေါ် ဖြတ်လဲကျပါက ခရီးသည်တင်ကားတွေနှင့် ကုန်တင်ကားကြီးတွေ မောင်းမရဖြစ်ပြီး ရပ်တန့်ကုန်မည်ဖြစ်သည်။ အဆောက်အဦးနှင့် လူသူကင်းရှင်းသည့် လယ်ကွင်းဘက်ကို လဲကျအောင် ပညာသားပါပါ လှဲချရမည်ဖြစ်သည်။

သစ်ပင်လှဲအဖွဲ့မှာ ခေါင်းဆောင်လို့ယူဆရသူက လုပ်ရမည့်အလုပ်ကို အတိအကျ ညွှန်ကြားနေသည်။ သစ်ပင်ကြီးကို လဲကျစေချင်သည့်လယ်ကွင်းဘက်မှာ ပါးစပ်ပေါက်ကျယ်ကျယ်





ဖောက်ရမည်ဟုဆိုသည်။ ဒါမှလမ်းဘက်က လှီးဖြတ်ပေးလိုက်သည့်အချိန်မှာ သစ်ပင်ကြီးသည် ပါးစပ်ပေါက်ကြီးလုပ်ထားသည့်ဘက်ကို သူ့ဝိတ်နှင့်သူ ယိုင်သွားမည်ဟုဆိုသည်။ ယိုင်သွားပြီဆိုတာနဲ့ လမ်းဘက်ကသစ်ကြောတွေကို မြန်မြန်ဖြတ်ပေးလိုက်လျှင် လယ်ကွင်းဘက်ကို တိတိကျကျ လဲကျသွားမည်ဟုဆိုသည်။

နံနက်-၁၀ နာရီတိတိအချိန်မှာ အထူးတပ်ဆင်ထားသည့်စက်လွှဖြင့် လယ်ကွင်းဘက်မှာ ပါးစပ်ပေါက်စထွင်းသည်။ အင်ဂျင်စက်ဖြင့် ချိတ်ဆက်လည်ပတ်နေသည့် ချိန်းကြိုးတပ်စက်လွှသည် ကညင်ပင်ကြီး၏ အသားစတွေကို ဖွားကနဲ ဖွားကနဲ ထွင်းဖောက်ယက်ထုတ်လိုက်သည်။ မြေပြင်ကနေအမြင့် ၂ ပေခန့်အကွာမှာ ကြီးမားကျယ်ဝန်းသည့် သစ်ထွင်းပါးစပ်ပေါက်ကြီး စတင်ပြုလုပ်ခြင်းဖြစ်သည်။

စက်လွှကြီးက ကညင်ပင်ကြီး၏အသားထဲကို မြုပ်ဝင်သွားပြီး အသားစတွေ ဖွားကနဲ ဖွားကနဲ ထွက်သွားတာကိုမြင်လိုက်ရပြီဆိုလျှင် အဘိုးဦးထွန်းကြိုင်၏အသည်းနှလုံးကို အဲဒီလွှကြီးနဲ့လှီးဖြတ်ခံလိုက်ရသလို ခံစားနေရသည်။ လွှသမားသည် ကြီးမားသည့်ပင်စည်ကြီးမှာ ကြီးမားကျယ်ဝန်းသည့် ပါးစပ်ပေါက်ကြီးလုပ်ရသဖြင့် အတော်ကြာသည်။ အလွှာလိုက်၊ အချပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ အတုံးလိုက် ဖွဲ့ထုတ်နေရသည်။ ကညင်ပင်ကြီး လယ်ကွင်းဘက်ကို လဲကျရာတွင်အခုအခံမရှိအောင် ဂရုစိုက်တွက်ချက်ပြီး ဖွဲ့ထုတ်နေသည်။ နှစ်ပေါင်းတစ်ရာကျော် နှစ်ရာနီးပါးမျှသက်တမ်းရင့်နေပြီဖြစ်သည့် ကညင်ပင်ကြီး၏အသားတွေက ရင့်ကျက်မာကြောနေသည်။

၂ နာရီနီးပါးမျှကြာအောင် ပါးစပ်ပေါက်ကြီး လုပ်လိုက်သောအခါ ကညင်ပင်ကြီး၏ပင်စည်တစ်ဝက်ကိုလှီးဖြတ်ပြီး ဖြစ်သွားတော့သည်။ ကညင်ပင်ကြီးသည် သူ့ဝိတ်နှင့်သူလယ်ကွင်းဘက်ကို စောင်းငိုက်သွားပြီဆိုတာကို သတိထားမိကြသည်။ ကညင်ပင်ကြီး လဲကျတာကိုကြည့်ချင်လို့ လမ်းပေါ်မှာထိုင်လို့ တစ်ချို့ရပ်လို့တစ်စုဖြင့် ဝိုင်းအုံကြည့်နေသူတွေထဲမှာ ထိုင်နေသည့် အဘိုးအို ဦးထွန်းကြိုင် အသက်ရှုမဝဖြစ်နေသည်။ ဒီရွာသားတွေထဲက ထွန်းထွန်းပေါက်ပေါက် တစ်ယောက်တည်းသာ သဘော်သားဖြစ်သွားတဲ့ မောင်စိုးပြောဖူးတဲ့စကားကို ပြန်လည်ကြားယောင်လာသည်။

"အမေရိကန်၊ အင်္ဂလန်၊ ဂျပန်နိုင်ငံတွေဟာ သူတို့နိုင်ငံအတွင်းက သစ်ပင်တွေကို လုံးဝခုတ်ခွင့်မပြုဘူး၊ သစ်ကိုသူများနိုင်ငံတွေက ဝယ်သုံးတယ်၊ ပတ်ဝန်းကျင်သဘာဝကို ထိမ်းသိမ်းထားတာဖြစ်တယ်၊ ကျွန်တော်တို့ရွာထိပ်က ကညင်ပင်ကြီးမျိုးကိုဆိုလျှင် တိုင်းပြည်နှင့်လူမျိုးရဲ့ဂုဏ်ကြက်သရေဆောင်ရတနာ





ပစ္စည်းအဖြစ်နဲ့ အမြတ်တနိုးထိမ်းသိမ်းစောင့်ရှောက်ထားကြတာ"

အဘိုးဦးထွန်းကြိုင် အသက်ရှုမှန်ပြီးသတိပြန်ရလာသည့်အချိန်မှာတော့ လယ်ကွင်းဘက်ကယိုင်လဲခွင့် ပါးစပ်ပေါက်ကြီးလုပ်ပြီးသွားလို့ လမ်းဘက်ကသစ်ကြောကိုစတင်ဖြတ်နေပြီဖြစ်သည်။ ကညင်ပင်ကြီး၏အသားစတွေ ဖွေးကနဲ ဖွေးကနဲထွက်နေသည်။ မကြာမီအချိန်အတွင်းမှာ ကညင်ပင်ကြီးဘုန်းဘုန်းလဲကျပြီး မြေခတော့မည်ဆိုတာကို သိနေသည့် အဘိုးဦးထွန်းကြိုင် မျက်စိမှိတ်ထားလိုက်မိသည်။

"ယိုင်သွားပြီ ယိုင်သွားပြီ"

"ယိုင်လာပြီဟေ့ လဲကျတော့မယ်"

လူအုပ်ကြီးထဲက တစ်ယောက်တစ်ပေါက်အော်ပြောလိုက်သည့်အသံတွေကြောင့် အဘိုးဦးထွန်းကြိုင် မျက်စိဖွင့်ကြည့်လိုက်သည်။ ကညင်ပင်ကြီးယိုင်ပြီးလယ်ကွင်းဘက်ကို ခေါင်းငိုက်ကျလာသည်။ အပင်ထက်ကအသိုက်ထဲမှာရှိနေသည့် လင်းယုန်ငှက်တစ်ကောင်နှင့် စွန်ရဲတစ်ကောင်တို့ အလန့်တကြားအော်ပြီး ထပျံသွားကြသည်။ ကညင်ပင်ကြီး၏ လဲကျနှုန်းမြန်သည်ထက်မြန်လာသောအခါ အကိုင်းတွေမှာအုံဖွဲ့နေကြသည့်ပျားတွေ လန့်ပျံကုန်ကြသဖြင့် ကောင်းကင်မှာမည်းပြီးအုတ်ဖွဲ့ပျံဝဲနေကြသည်။ စက္ကန့်ပိုင်းအတွင်းမှာပင် မိုးကြိုး



www.burmeseclassic.com

www.burmeseclassic.com

တစ်စင်း ပစ်ခွင်းလိုက်သလို အသံကြီးမြည်ပြီး ကညင်ပင်ကြီး လဲကျ မြေခသွားလေတော့သည်။

အဘိုးဦးထွန်းကြိုင်သည် ထိုင်ကြည့်နေရာမှအသာထပြီးပြန်လာခဲ့သည်။ ကညင်ပင်ကြီး၏အကိုင်းခတ်တွေကို ဖြတ်တောက်တာမကြည့်ရက်တော့လို့ ပြန်လာခဲ့ခြင်းဖြစ်သည်။ ဒီကညင်ပင်ကြီးသည် တိုင်းပြည်၏ရတနာလို့ သဘော်သား မောင်စိုးက ပြောဖူးသည်။ ဒီရွာ၏ရတနာဖြစ်သည်။ ဒီရွာ၏အမှတ်သင်္ကေတဖြစ်သည်။ ဒီရွာသူရွာသားတွေရဲ့ အဘိုးဖြစ်သည်။ ဒီနေ့တော့ အဘိုးသေသွားပြီဟု ဦးထွန်းကြိုင် ခံစားနေရသည်။

အဘိုးဦးထွန်းကြိုင်သည် ဒီနေ့လည်းအခါတိုင်းနေ့တွေလိုပင် ဘုရားရှိခိုးပြီးအိပ်ရာဝင်သွားသည်။ နှစ်ခြိုက်စွာအိပ်ပျော်သွားသည်။ နောက်နေ့နံနက်မှာတော့ အဘိုးဦးထွန်းကြိုင်အိပ်ရာကမထလို့ သွားနှိုးကြည့်သောအခါ အသက်မရှိတော့တာကို တွေ့လိုက်ကြရသည်။ နှလုံးရောဂါဖြင့် ကွယ်လွန်သွားတာဟု တိုက်နယ်ဆရာဝန်ကြီးကပြောသည်။

ကလျာ

၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ။



# မေတ္တာဆွဲအားခြားနားပြီထင့်

ယနေ့သည် တနင်္လာနေ့ဖြစ်သည်။ အစိုးရရုံးတွေနှင့် ကျောင်းတွေ တက္ကသိုလ်တွေပြန်ဖွင့်ကြပြီဖြစ်လို့ လမ်းပေါ်မှာ လူတွေလှုပ်ရှားသွားလာနေကြသည်။ ဈေးသွားသူ၊ ကျောင်းတက်သူ၊ ရုံးသွားသူနှင့် တက္ကသိုလ်အသီးသီးသို့သွားကြမည့် ကြို့ပို့ ဖယ်ရီကားတွေရှိရာကို သွားနေကြသူတွေဖြင့် လှုပ်လှုပ်ရွရွ ဖြစ်နေသည်။

ကျွန်တော်သည် နေ့စဉ်နံနက် ၅ နာရီမှာ အိပ်ရာကထသည်။ အိမ်ရှေ့မှာ တံမြက်စည်းလှည်းသည်။ ပန်းပင်တွေကို ရေလောင်းသည်။ စာကလေးတွေနှင့် ခိုကလေးတွေကို အစာပက်ကျွေးသည်။ ငှက်ကလေးတွေရေငတ်လျှင် ရေသောက်နိုင်ရန် အိမ်ရှေ့အဝင်လမ်းပေါ်က ချိုင့်ခွက်နေသည့် နေရာလေးတွေမှာ ရေဖြည့်ထည့်သည်။ မိမိပက်ကျွေးသည့်အစာကို ငှက်ကလေးတွေ လာစားနေတာမြင်ရလျှင် ပီတိဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချိုင့်ခွက်ကလေးတွေထဲက မိမိထည့်ပေးထားသည့် ရေလေးတွေကို ငှက်ကလေးတွေ သောက်နေတာမြင်ရလျှင် ဝမ်းသာနေမိသည်။

ကျွန်တော့်အိမ်ရှေ့မှာ အရိပ်ခိုလို့ရသည့် သရက်ပင်နှင့် ကျွဲကောပင်ရှိသည်။ တစ်နေ့လုံးနေပြောက်မထိုးအောင် အရိပ်ရနေသည်။ လန်းဆန်းနေသည့် ရောင်စုံရွက်လှပင်ပျိုတွေ ရှိသည်။ ရှစ်ယောက်ခန့် ထိုင်နိုင်သည့် နောက်မှီပါသော အုတ်ခုံနှစ်ခုံရှိသည်။ အုတ်ခုံနှစ်ခုသည် သရက်ပင်နှင့် ကျွဲကောပင်၏ အရိပ်အောက်မှာ ထိုင်ချနားနေချင်စဖွယ်ရှိနေသည်။

ကျွန်တော့်အိမ်ရှေ့က လမ်းရဲ့ဟိုဘက်အခြမ်းမှာ တက္ကသိုလ်ကြီးသုံးခုရဲ့ ကျောင်းသူကျောင်းသားကြိုပို့ဖယ်ရီဂိတ်ရှိသည်။ ပြီးခဲ့သည့်နှစ်ကမှ ဒီနေရာမှာ ဖယ်ရီဂိတ်ဖြစ်လာတာဟု သတိထားမိသည်။ ဒဂုံတက္ကသိုလ်၊ ရွှာသာကြီးတက္ကသိုလ်နှင့် သံလျင်တက္ကသိုလ်သို့သွားကြမည့် ကားခြောက်စီး နေ့စဉ်နံနက် ၆ နာရီခွဲမှာ ဂိတ်လာထိုးသည်။

နံနက် ၇-နာရီဆိုလျှင် ကျောင်းသူကျောင်းသားတွေ ရောက်လာကြပြီး ဆိုင်ရာကားတွေ အသီးသီးအပေါ်ကိုတက်ထိုင်နေရာယူကြသည်။ နံနက် ၇-နာရီခွဲတာနဲ့ ကားတွေထွက်ခွာသွားကြတော့သည်။ ဒါကတနင်္လာနှင့် သောကြာနေ့အကြားမှာ နေ့စဉ်မြင်တွေ့နေရသည့် မြင်ကွင်းဖြစ်သည်။





နေ့စဉ်မြင်တွေ့နေရသည့်မြင်ကွင်းထဲမှာ သတိထားမိစရာပါဝင်နေတာတစ်ခုက တက္ကသိုလ်ကျောင်းသူ မြေးမကို ဖယ်ရီဂိတ်သို့ နေ့စဉ်လိုက်ပို့သည့် အဘိုးအိုတစ်ယောက်၏ ဘဝဖြစ်သည်။ အဘိုးအိုသည် တက္ကသိုလ်ကျောင်းသူမြေးမ၏ နောက်က နှစ်ဆင့်သာပါသည့် စတီးထမင်းချိုင့်သေးသေးလေးကိုကိုင်ပြီး နေ့စဉ်လိုက်ပါလာလေ့ရှိသည်။ တက္ကသိုလ်ကျောင်းသူမြေးမလေးက စာအုပ်နှင့် စာရေးကိရိယာတွေထည့်ထားသည့် ဖိုင်လိုလို၊ အိတ်လိုလို ပလပ်စတစ်ပြားလေးကို ရင်မှာပိုက်ပြီး အဘိုး၏ရှေ့က လျှောက်လာလေ့ရှိသည်။

အဘိုးအိုသည် ကျွန်တော့်အိမ်ရှေ့သို့ရောက်ပြီဆိုလျှင် ထမင်းချိုင့်လေးကို မြေးမလေးလက်ထဲသို့ ထည့်လိုက်ပြီး ဖယ်ရီကားပေါ်တက်သွားသည့် မြေးမလေး၏ နောက်ကျောကို ကြည့်နေသည်။ မြေးမလေး ထိုင်ခုံမှာထိုင်ချပြီးသည်အထိ မော့ကြည့်နေသေးသည်။ မြေးမလေး ကားပေါ်မှာနေရာရလို့ ထိုင်ချလိုက်တာ မြင်လိုက်ရတော့မှပဲ စိတ်သက်သာရာရသွားသလို စိတ်ကိုလျှော့ချလိုက်ပြီး ဘေးဘီဝဲယာကို ကြည့်နိုင်တော့သည်။

ဟိုဒီ၊ ဘေးဘီဝဲယာကိုကြည့်တော့ ပန်းပင်တွေကို ရေလောင်းနေသူ၊ တံမြက်စည်းလှည်းနေသူ ကျွန်တော့်ကိုမြင်ပြီး နှုတ်ဆက်တော့မလို၊ ပြုံးပြတော့မလိုလုပ်သည်။ ဖယ်ရီကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားတော့ မြေးမ တက္ကသိုလ်ကျောင်းသူလေး စီးနင်းလိုက်ပါသွားသည့် ကားကို မျက်စိတစ်ဆုံးကြည့်နေသေးသည်။ လမ်းအချိုးအကွေ့ရောက်လို့ ဖယ်ရီကားပျောက်ကွယ်သွားတော့မှ လာခဲ့ရာလမ်းကို ပြန်သွားလေတော့သည်။ ဒါကနေ့စဉ်မြင်တွေ့နေရသည့် အဘိုးအိုနှင့်မြေးမ တက္ကသိုလ်ကျောင်းသူလေးတို့၏ မြင်ကွင်းဖြစ်သည်။

အဘိုးအိုသည် မျက်နှာဝိုင်းသည်။ အသားလတ်လတ်၊ အရပ်ပုပုဖြစ်သည်။ စိတ်ရင်းကောင်းမည့် ရုပ်လက္ခဏာရှိသည်။ အသက် ၇၀ ကျော်ကျော်ရှစ်ဆယ်ဘက်သို့နီးနီးဖြစ်ပေလိမ့်မည်။

တက္ကသိုလ်ကျောင်းသူမြေးမလေးသည် အသက် ၂၀ ပင်ပြည့်ဦးမည် မထင်ဟုယူဆရသည်။ အသားဖြူသည်။ ရုပ်ချောသည်။ ကိုယ်လုံးကိုယ်ပေါက် အချိုးအဆစ်ပြေပြစ်သည်။

အဘိုးအိုသည် တက္ကသိုလ်ကျောင်းသူမြေးမချောချောလေးကို အတော်ချစ်သည်ဟုယူဆရသည်။ ကျောင်းကြိုဖယ်ရီဂိတ်ကို နေ့စဉ်လိုက်ပို့ရုံသာမက မြေးမလေးစီးလိုက်ပါသွားသည့် ကျောင်းကားကြီးထွက်ခွာသွားတာကို ငေးကြည့်ကျန်ရစ်ပုံက လွမ်းမောစရာကောင်းသည်။ မြေးမလေးကို မိမိ၏မျက်စိအောက်က အပျောက်မခံချင်သည့်ပုံ ဖြစ်နေတာတွေ့ရသည်။

ဒီမြင်ကွင်းကို နေ့စဉ်နံနက်တိုင်းမြင်တွေ့နေရသည့် အခါ ဖယ်ရီကားဂိတ်ရှေ့ကအိမ်ရှင် ကျွန်တော်နှင့် အဘိုးအိုတို့





မျက်လုံးချင်း ရင်းနှီးစပြုလာသည်။ တစ်ယောက်က စတင်နှုတ်ဆက်ခေါ်ပြော လုပ်လိုက်လျှင် စကားလက်ဆုံကျနိုင်သည့် အနေအထားကို ရောက်လာသည်။ ဒီအခြေအနေမှာနိုင်ငံတကာအတွေ့အကြုံများစွာရှိသည့် ကျွန်တော်ကစတင်ပြီး မိတ်ဆက်စကားပြောသည်။

"ကျောင်းသူလေးက သမီးလား၊ မြေးမလား"

"မြေး၊ အဖေလည်းမရှိ၊ အမေကလည်းထားပစ်ခဲ့လို့ နို့စို့အရွယ်ကစပြီး မွေးခဲ့ရတယ်၊ အခု အသက်တစ်ဆယ့်ရှစ်နှစ်ရှိပြီ၊ ကျွေးရ မွေးရတုန်းပါပဲ"

"အဖေလည်းမရှိ၊ အမေလည်းမရှိဘူးဆိုတော့ သနားစရာပါလား၊ သမီးလေးက ချောတယ်၊ အမေနဲ့တူတယ်ထင်ပါရဲ့၊ ကဲ ထိုင်ပါဦး၊ နားပါဦး"

"အဖေနဲ့လည်းမတူ၊ အမေနဲ့လည်းမတူဘူး၊ သူ့အဖွားကျွန်တော့်ဇနီးနဲ့တူတာ"

အခွင့်သာတုန်းမှာ သူ့ဇနီးချောတဲ့အကြောင်း ပြောလိုက်သေးသည်။ ဟုတ်တာမှန်တာ ပြောတာဖြစ်မည်ဟု တွေးလိုက်မိသည်။ သန့်ရှင်းအောင် လှည်းကျင်းထားသည့် အုတ်ခုံမှာလာထိုင်ပြီး စကားပြောသည်။

"ကျွန်တော့်သားကမွေးတာ သမီးလေး အခါလည်သမီးအရွယ်မှာ ကျွန်တော့်သားက ကားမှောက်လို့ ဆုံးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ချွေးမက နောက်အိမ်ထောင်ပြုတဲ့အခါ မြေးမိန်းကလေးကို ပထွေးနဲ့အတူ မနေစေချင်လို့ ကျွန်တော် မွေးခဲ့ရတာပေါ့ဗျာ"

သူတို့ဘဝဇာတ်လမ်းက အဘိုးအဖွားနှင့်မြေးဆို သော်လည်း နို့စို့အရွယ်တည်းက ယူမွေးခဲ့ရသည့်အတွက် ဝမ်းနဲ့ လွယ်ပြီး မွေးခဲ့ရသည့်သမီးကလေးလို ဖြစ်နေတာသေချာသည်။

"ကလေးက ဘယ်တက္ကသိုလ်မှာ တက်နေတာလဲ၊ ဘယ် နှစ် ရောက်ပြီလဲ"

"ဒီနှစ်မှ စတက်တာ၊ ပထမနှစ်ပေါ့။ သံလျှင်၊ ကျောက် တန်းသွားတဲ့ လမ်းမှာရှိတဲ့ တက္ကသိုလ်လို့ပြောတာပဲ၊ ကျောင်း ဖယ်ရီကားခ တစ်လကို ရှစ်ထောင်ပေးရတယ်၊ သူ့အဖွားရဲ့ နားဋ္ဌောင်းကိုရောင်းပြီး ကျောင်းကားစရိတ်အတွက် စုဆောင်း ထားရတယ်"

"အင်း တက္ကသိုလ်ကျောင်းသားတစ်ယောက်ရဲ့ စရိတ် က မသေးပါလား"

အဘိုးအိုသည် စကားပြောဖော်ရသောအခါ သူ့ဘဝသူ့ အကြောင်းတွေကို မေးစရာမလိုဘဲ ပြောပြသည်။ ဒီရပ်ကွက်ထဲ က လမ်းသွယ်တစ်ခုထဲမှာ နေသည်ဟုဆိုပါသည်။ ပေနှစ်ဆယ် ပေခြောက်ဆယ် မြေကွက်ပေါ်မှာဆောက်ထားသည့် သုံးပင်နှစ် ခန်းဖွဲ့ ပျဉ်ထောင်ကာ၊ သွပ်မိုး ကိုယ်ပိုင်အိမ်ဖြင့်နေသည်။ အစိုး ရဌာနတစ်ခုမှာ အမှုထမ်းခဲ့သဖြင့် အငြိမ်းစားလစာ ၁၀၀၀





ကျပ်ရသည်။ အိမ်ရှေ့မှာ ဆေးလိပ်၊ ကွမ်းယာနှင့် တိုလီမိုလီ ဆိုင်ကလေးတည်ထားသည်။ တစ်နေ့ကို တစ်သောင်းဖိုးလောက် ရောင်းရသည့်အတွက် အမြတ် ၁၀၀၀ ကျပ်လောက် ကျန်သည် ဟုဆိုသည်။

"အိမ်ခြေရင်းဘက်အခန်းကို တစ်လ ငါးထောင်နဲ့ငှား ထားတဲ့အတွက် ဆန်ဖိုး၊ ဆီဖိုး၊ ဆားဖိုးရတာပေါ့။ အရေးကြီး တာက သမီးလေးရဲ့ကျောင်းစရိတ်ပါပဲ"

ပြောနေတဲ့စကားတွေထဲမှာ သံသရာရေးဆိုတာအသာ ထား၊ မိမိတို့အဘိုးကြီးနှင့်အဖွားကြီး လင်မယားရဲ့ကျန်းမာရေး နှင့်စားသောက်ရေးကိစ္စကိုတောင် အလေးမထားနိုင်ဘဲ မြေးမ လေးရဲ့ ပညာရေးကိုသာ ဦးစားပေးနေတာ တွေ့ရသည်။

"သမီးလေး ကျောင်းပြီးဘွဲ့ရလို့ အလုပ်ကလေးအကိုင် ကလေးရတဲ့အခါ အားလုံးအဆင်ပြေသွားမယ်လို့ မျှော်လင့်ထား တာပဲ မိတ်ဆွေကြီးရယ်"

"ဒါပေါ့၊ ဒါပေါ့၊ မြေးမလေးက လိမ္မာမှာပါ၊ ကျေးဇူးရှင် အဘိုးနှင့်အဖွားကို တစ်လှည့်တစ်ခါ လုပ်ကျွေးမှာပါ၊ ဘွဲ့ရပြီး တဲ့အခါကျတော့ ကျွန်တော်လည်းတတ်နိုင်တဲ့ဘက်က အဆက် အသွယ်ရှာကြည့်ပြီး အလုပ်အကိုင်ရရှိရေး ကူညီပေးပါ့မယ်"

"ကျေးဇူးတင်လိုက်တာ မိတ်ဆွေကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် အားပေးစကားကိုကြားတော့ အားတက်သွားဟန်တူသည်။ အားငယ်နေသည့်မျက်နှာမှာ အားပြည့်လာလို့ သွေးရောင်သားရောင် သန်းလာသည်။ ကျွန်တော်အိမ်၏အခြေအနေနှင့် ကျွန်တော့်အခြေအနေကိုကြည့်ပြီး အထင်တကြီးဖြင့် အားကိုးသွားတာဖြစ်မည်။ မိတ်ကောင်းဆွေကောင်းတွေ့ရလို့ ကံကောင်းသည့်နေ့လို့တွေးပြီး ဝမ်းသာပီတိဖြင့် ပြန်သွားသည်။

ကျောင်းတွေဖွင့်ပြီးမကြာမီ မိုးကျလာသည့်အခါ ကျွန်တော် သတိထားမိတာက၊ တက္ကသိုလ်ကျောင်းသူလေးကို လိုက်ပို့တာက တစ်ယောက်၊ လာကြိုတာက တစ်ယောက် ဆိုတာကို သတိပြုမိလာသည်။ နံနက်ပိုင်းမှာ အဘိုးက လိုက်ပို့သော်လည်း ညနေပိုင်းရောက်လို့ ကားဂိတ်မှာလာကြိုတာက ကျောင်းသူလေးနှင့် သက်တူရွယ်တူ လူငယ်လေးတစ်ယောက် ဖြစ်နေသည်။

ပထမပိုင်းမှာတော့ လူငယ်သည် ကျောင်းသူလေးနှင့် ခပ်ခွာခွာအနေအထားဖြင့်လိုက်ပါပြီး လာကြိုလေ့ရှိသည်။ ဒုတိယပိုင်းမှာတော့ လာကြိုလေ့ရှိသူလူငယ်သည် ကျောင်းသူလေးနှင့် နီးနီးကပ်ကပ် လမ်းလျှောက်ပြီး ကြိုဆိုခွင့်ရသွားသည်။ မိုးကျလာသောအခါ၊ နောက်ဆုံးမှာတော့ ကျောင်းသူလေးနှင့် လူငယ်လေးတို့သည် ထီးကလေးတစ်ချောင်းကို နှစ်ယောက်





အတူဆောင်းပြီး ကြိုဆိုလမ်းလျှောက်သွားတာကို မြင်ရတော့သည်။

သီတင်းကျွတ်တော့ ကျောင်းတွေ၊ တက္ကသိုလ်တွေအားလုံး ခေတ္တပိတ်လိုက်သည်။ ကျောင်းတွေပိတ်သည့်ရာသီမှာတော့ နေ့စဉ်မြင်တွေ့နေကျဖြစ်သည့် ကျောင်းသူပို့ အဘိုးအိုနှင့် ကျောင်းသူကြိုသူ လူငယ်တို့ကို မတွေ့ရဖြစ်နေသည်။

ကျောင်းတွေ၊ တက္ကသိုလ်တွေ ပြန်ဖွင့်တော့လည်း တစ်ခြားကျောင်းသူ ကျောင်းသားတွေကိုသာ မြင်တွေ့ရတော့သည်။ ဒုတိယနှစ် တက္ကသိုလ်ကျောင်းသူမျှသာ ရှိဦးမည့် ကျောင်းသူလေးနှင့် အဘိုးအိုတို့ကိုတော့ မတွေ့ရတော့ပါ။ ကျောင်းထွက်သွားတာ၊ ကျောင်းပြောင်းသွားတာတော့ မဖြစ်နိုင်။ အဘိုးနှင့်အဖွားတို့၏ မေတ္တာထက် ပိုမို ဆွဲအားကောင်းသည့် ကျောင်းကြိုသူ လူငယ်၏နောက်သို့ လိုက်သွားပြီဟု ယူဆရသည်။

မိမိဝမ်းနှင့် လွယ်ပြီးမမွေးခဲ့ရသော်လည်း ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သက်က လူဖြစ်အောင်မွေးခဲ့သည့် အဘိုးနှင့်အဖွားတို့၏ ငါတို့မြေးမလေးဘွဲ့ရပြီးလို့ အလုပ်အကိုင်ရလျှင် ဆိုသည့် စိတ်ကူးယဉ် အိမ်မက်ကတော့ ပြိုကွဲပျက်စီးသွားပြီဟု ယူဆရသည်။

ကလျာ၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# နှစ်ပေါင်းငါးဆယ်ကြာသောခါဝယ်

ရွာကထွက်ခွာလာခဲ့တာ ဘာလိုလိုနဲ့ နှစ်ပေါင်းငါးဆယ်တောင်ရှိပါရောလားဟု သတိထားလိုက်မိသည်။ ရွာကကွမ်းတောင်ကိုင်ကို ပိုးပန်းလို့မရတာနဲ့ ကွမ်းတောင်ကိုင်ကိုရော ရွာကိုပါ စိတ်နာပြီး ရွာကိုမပြန်ဘဲနေခဲ့သည်။ လူတစ်လုံးသူတစ်လုံးမဖြစ်သမျှဘယ်တော့မှ ရွာကိုပြန်မလာတော့ဘူးလို့ ဆုံးဖြတ်ပြီး နှစ်ပေါင်းနှစ်ဆယ်လောက်ကြာအောင် နေခဲ့တာဖြစ်သည်။

နှစ်ပေါင်းနှစ်ဆယ်မျှ ကြာပြီးသောအခါမှာတော့ အကြောင်းအမျိုးမျိုးဖြင့် တစ်နှစ်တစ်ခေါက်ဆိုသလို ရွာကိုပြန်ရောက်လေ့ရှိပါသည်။ ရွာဦးကျောင်းဆရာတော်ဘုရား ပျံလွန်တော်မူလို့ ရွာကိုသွားရသည်။ ဆရာတော်ဘုရား၏ အရိပ်အရာကိုဆက်ခံသည့် ကိုယ်တော်လေး၏ ဂုဏပူဇော်ပွဲအတွက် သွားရသည်။ ဇနီးမဖြူတုတ်ရဲ့အဘိုး ဘုန်းကြီး ပျံလွန်တော်မူလို့သွားရသည်။ ဆွေမျိုးတွေထဲက သက်ကြီးရွယ်အိုတွေ သေလို့ သွားရသည်စသည်ဖြင့် အကြောင်းအမျိုးမျိုးဖြင့် ရွာကိုသွားခဲ့ရသည်။



BURMESE CLASSIC .com

၂၀၀၀ ပြည့်နှစ် နောက်ပိုင်းကိုရောက်လာပြန်တော့ ရွာက လူငယ်လေးတွေကပြုလုပ်သည့် စာပေဟောပြောပွဲအတွက် စာရေးဆရာ၊ ဆရာမတွေကို ဖိတ်ကြားပြီးနှစ်စဉ်လိုက်ပါနေရသဖြင့် တစ်နှစ်တစ်ခေါက် ရွာကိုရောက်နေရပြန်သည်။ ရွာကို သွားတိုင်းပင် ပေါ့ပေါ့တန်တန် မသွားဘဲ ရွာလမ်းတလျှောက်က မြင်ကွင်းတွေကိုကြည့်ပြီးသွားသည်။ မိမိရွာက ထွက်ခွာသွားခဲ့စဉ်၊ ဟို . . . လွန်ခဲ့သည့်နှစ်ပေါင်းငါးဆယ်တုန်းကနဲ့ ယခု ဘာတွေ ထူးခြားပြောင်းလဲသွားပြီလဲဆိုတာကို သတိထားပြီး ကြည့်သွားလေ့ရှိသ ည်။

ဟို လွန်ခဲ့သည့် န စ်ပေါင်းငါးဆယ်လို့ဆိုရမည့် ၁၉၅၈ ခုနှစ်မှာ ရွာကထွက်ခွာသွားစဉ်က မြင်ကွင်းတွေကို ပြန်လည်မြင်ယောင်လာသည်။ အဲဒီတုန်းက ကိန္နရီချောင်းရွာကြီးမှာ အိမ်ခြေ အခုလောက် မများသေးသည့်အတွက် ရွာနောက်က လယ်ကွင်းကြီး တစ်မျှော်တစ်ခေါ် ရှိခဲ့သည်။ လယ်ကွင်းတွေကို ဝိုင်းပတ်ရံထားသည့် နွားစာကျက်ကုန်းတွေမှာ ပျဉ်းကတိုးပင်၊ ကညင်ပင်၊ ထောက်ရှာပင်၊ ညောင်ပင်ကြီးတွေရှိခဲ့သည်။

ရွာကထွက်ခွာခဲ့သည့်အချိန်သည် နွေရာသီဖြစ်လို့ ရွာနောက်ဘက်က ရိုးပြတ်တောကိုဖြတ်ပြီး ထွက်ခွာလာခဲ့သည်။ မိမိကို မွေးဖွားခဲ့ရာရွာကြီးနှင့်တကွ အမေ့ကိုရော၊ ကွမ်းတောင်ကိုင်ကိုပါ ကျောခိုင်းပြီး ရွာကထွက်လာသည့်အခါ မျက်စိကိုမှိတ်၊



www.burmeseclassic.com

www.burmeseclassic.com



အံကိုကြိတ်ပြီးသတ္တိမွေးခဲ့ရသည်။ ဘဝမှာ လူတစ်လုံးသူတစ်လုံး မဖြစ်သမျှ ဒီရွာ၊ ဒီမြေ၊ ဒီဒေသကို ဘယ်တော့မှ ပြန်မလာတော့ဘူးဆိုသည့် သံဒိဋ္ဌာန်ဖြင့် အရဲစွန့်ပြီး ထွက်ခွာခဲ့တာဖြစ်သည်။

အမေမွေးသည့်အချိန်မှ အသက် ၁၇ နှစ်အထိ နေခဲ့သည့်ရွာကြီးကို နောက်ပြန်လှည့်ကြည့်လိုက်မိသေးသည်။ အုန်း၊ ကွမ်း၊ ငှက်ပျော၊ သြဇာ၊ ဥသျှစ်၊ သရက်၊ မာလကာ၊ ရှောက်၊ သံပုရာ၊ ကျွဲကော၊ ဝါးရုံတောတွေဖြင့် စိမ်းစိုအုပ်ဆိုင်းညို့မှိုင်းနေသည့် ရွာကြီးသည် လက်ပြနှုတ်ဆက်ဖော်ပင်မရဘဲ ငြိမ်ပြီးမိမိကို ကြည့်နေခဲ့သည်။ ရွာဦးထိပ်တောင်ကုန်းပေါ်က ဆရာတော်ဘုရား၏ ရွာဦးကျောင်းကြီးသည် ကုန္ဒြေကြီးစွာငြိမ်သက်နေသည်။

မျက်စိကိုမှိတ်၊ အံကိုကြိတ်ပြီး ရွာကြီးကို ကျောခိုင်းထွက်ခွာလိုက်သည့်အခါမှာတော့ ဆရာတော်ဘုရား၏ကျောင်းမှ နံနက် ၇ နာရီ တုံးမောင်းခေါက်သံ ၇ ချက် ထွက်ပေါ်လာသည်။ နေမမြင့်မီ ခရီးအတန်ငယ်ပေါက်အောင် ခြေလျင်လျှောက်ရမည်ဖြစ်လို့ ခပ်သွက်သွက်လျှောက်ခဲ့ပါသည်။

ရွာဘက်ဆီမှ ထွက်ပေါ်လာသည့် ကြက်တွန်သံ၊ ခွေးဟောင်သံ၊ ဝါကြိတ်သံ၊ နွားငေါက်သံ၊ နွားကျောင်းသားတစ်ယောက်၏ ဝါးပုလွေမှုတ်သံတို့သည် ရွာကြီးနှင့်အတူ ဝေး၍





ဝေး၍ ကျန်နေခဲ့သည်။ သွားပြီ ကွမ်းတောင်ကိုင်ရေဟု စိတ်ထဲက ပြောခဲ့ပါသည်။

ရွာကထွက်ပြီး သဖန်းကွင်းရွာကလေးဘက်ကို တက်လိုက်သည့်အခါမှာတော့ ၊ ယခုအခါမှာမြို့ဦးတောင်စေတီလို့ခေါ်နေကြသည့် သဖန်းကွင်းရွာထိပ်က တောင်ကမူလေးပေါ်မှာ တည်ထားသည့်စေတီက ဆွဲလဲ(ဆည်းလည်း)လေးတွေက အသံပေးပြီး နှုတ်ဆက်ကြပါသည်။ စေတီအနီးမှာ တစ်ပင်တည်းရပ်နေသည့် ထန်းပင်ကြီးက ရှဲကနဲအသံပြုလျှက် အလက်တွေကိုလှုပ်ပြီး လက်ပြနှုတ်ဆက်ပါသည်။

ကိန္နရီချောင်းရွာကြီးနှင့် ဆယ်မိုင်မျှဝေးသည့် ရှောက်ကုန်းရွာကို နေ့လည်စာအမီသွားရမည်ဖြစ်လို့ ခပ်သွက်သွက်ကလေး လျှောက်သည်။ ရှောက်ကုန်းရွာမှာ အဒေါ်လေး ဒေါ်ငွေနွဲ့ ရှိသည်။ အဒေါ်လေး၏အိမ်မှာ နေ့လည်စာစားပြီး သံတွဲမြို့အထိ ခရီးဆက်ရမည်ဖြစ်သည်။ ကျောက်ကြီးရွာက အဖွားလေး ဒေါ်ညာဏ်၏အိမ်မှာ တစ်ညအိပ်မည်ဟု ရည်ရွယ်ပြီး လျှောက်နေခဲ့သည်။

အင်္ဂလိပ်မင်းဖောက်ခဲ့သည့် မော်တော်ကားလမ်းသည် နွားလှည်းသွားလို့သာရတော့သည့် လမ်းအဖြစ် ကျန်ရှိနေလို့ ခြေလျင်လျှောက်နေရသည်။ ခြေလျင်လမ်း၏ ဝဲယာတစ်ဘက်တစ်ချက်မှာ စိမ်းစိုထူထဲသည့်သစ်တောကြီးတွေ ညို့မှိုင်းအုပ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းနေသည်။ တောပန်း တောင်ပန်း ရောင်စုံတွေ ဖူးပွင့်ဝေဆာနေကြသည်။ တောင်ကျစမ်းရေတွေက တသွင်သွင်စီးကျနေသည်။ ခရီးကြမ်းလျှောက်လှမ်းနေရသော်လည်း မမောမပန်းဘဲ လန်း ဆန်းနေသည်။ လမ်းတလျှောက်မှာ နေပြောက်မထိုးနိုင်အောင် ပေါက်နေကြသည့် သစ်တောကြီးတွေကြောင့် အရိပ်ရနေသည်။

မောရပန်းရမှန်းပင် မသိအောင်သက်တောင့်သက်သာ လျှောက်လှမ်းနေသည့်ခရီးသွားသူကို ကျေးငှက်သာရကတွေက တေးဆိုဖျော်ဖြေနေသည်။ ချိုးကကူသည်။ ဥသြက အော်မြည်သည်။ ဘုတ်ကအီသည်။ ငှက်ပန်းတိမ်က တတိန်တိန်တူနှက်နေသည်။ ဒေါင်းကအိုးဝေသည်။ မျောက်က ကြိုးခွေသည်။ သမင်က တောက်၊ ချေကဟောက်သည်။ တစ်ခါတလေမှာ ကျားဟိန်းသံကြောင့် တောကြက်တစ်အုပ် လန့်ပျံတာကိုတွေ့ရသည်။ ပတ်ဝန်းကျင်သဘာဝနှင့် တောရိုင်းတိရစ္ဆာန်တွေ မပျက်မစီး ပကတိအတိုင်း တည်ရှိနေသေးတာကို သတိပြုမိခဲ့သည်။

တောလျှိုတောင်ကြားတွေကထွက်ပြီး အနိမ့်ပိုင်းတွေကို ဖြတ်ပြန်တော့ ဝဲယာတစ်ဘက်တစ်ချက်မှာ လယ်ကွင်းတွေ တဖြူးတဖြန့်ကို တွေ့ရသည်။ လမ်းဘေးတလျှောက်မှာတော့ အလိုအလျောက်ပေါက်နေကြတာလား၊ တစ်စုံတစ်ယောက်က စနစ်တကျ စိုက်ပျိုးထားတာလား မသိရသည့် အကိုင်းအခက်





တွေ ဝေဆာအားကောင်းလှသည့် ကုက္ကိုပင်ကြီးတွေက အစီအရီ တန်းစီပြီးရှိနေကြလို့ လမ်းတလျှောက်မှာ အေးမြပြီး အရိပ်ရနေသည်။ လူကြီးတွေပြောသံ ကြားဖူးတာကတော့ အင်္ဂလိပ်မင်းအစိုးရက ခရီးသွားပြည်သူတွေ အရိပ်ခိုနားပြီး သက်တောင့်သက်သာ ခရီးသွားနိုင်ကြအောင် စီမံကိန်းချပြီး စိုက်ပျိုးထားခဲ့သည့် သစ်ပင်ကြီးတွေဟု သိရသည်။

သဲကုန်းရွာကိုဖြတ်သွားတော့ ရွာလယ်ကလမ်းဘေးမှာ သာလာယံဇရပ်တစ်ဆောင်ကို တွေ့ရသည်။ ပျဉ်ထောင်ကာသွပ်မိုး အဆောက်အဦးဖြစ်သည်။ အကာသုံးဘက်သာရှိသည်။ ရှေ့မျက်နှာစာမှာ အကာမရှိ၊ တံခါးမရှိသည့်အတွက် သာလာယံဇရပ်ဟု ခေါ်တာဖြစ်သည်။ မည်သူမဆို၊ အချိန်မရွေးဝင်ထွက် တည်းခိုနိုင်သည်။ နားနေနိုင်သည်။ သဲကုန်းရွာက သူဌေးတစ်ယောက်က စေတနာဖြင့်ဆောက်ထားတာဖြစ်သည်။ ခရီးသွားရဟန်းရှင်လူပြည်သူများအတွက် အဆင်ပြေသည်။ ဇရပ်အနီးမှာ နေ့စဉ်ရေဖြည့်ထားသည့် သောက်ရေအိုးစင်ပါတည်ဆောက်ထားသည်။ ဇရပ်ကြီးသည် ကုက္ကိုပင်ကြီးတစ်ပင်ရဲ့အရိပ်အောက်မှာ ခရီးသွားဧည့်သည်တွေကို ကြိုဆိုနေသယောင်ရှိနေသည်။

ရှောက်ကုန်းရွာအထွက်ကိုရောက်ပြန်တော့ လမ်းဘေးကကုက္ကိုပင်ကြီးတစ်ပင်ရဲ့ အရိပ်အောက်မှာ ဆောက်လုပ်ထားသည့် သာလာယံဇရပ်တစ်ဆောင်ကိုတွေ့ပြန်သည်။ သွပ်မိုး



www.burmeseclassic.com

www.burmeseclassic.com



ပျဉ်ကာ၊ ပျဉ်ခင်းအဆောက်အဦးပင်ဖြစ်သည်။ သာလာယံဇရပ်ထုံးစံအတိုင်း အုကာသုံးဘက်သာရှိသည်။ ဇရပ်၏ခြေရင်းဘက်မှာ ရေတွင်းရှိသည်။ ကျောက်ငွေချပြီး အခိုင်အမာတူးထားသောရေတွင်းဖြစ်သည်။ ရေကလည်း စိမ်းကြည်ပြီးချိုအေးနေသည်။ ခရီးသွားရဟန်းရှင်လူပြည်သူတွေနှင့် ကျွဲကုန်သည်၊ နွားကုန်သည်တွေ ကျွဲနွားရေတိုက်၊ လူလည်းသောက်လို့ရအောင် စေတနာရှင် သူဌေးတစ်ဦးက စေတနာဖြင့် တည်ဆောက်ထားသည့် အဆောက်အဦးဖြစ်သည်။ သာဓု သုံးကြိမ် ခေါ်လိုက်ပါသည်။

မိဘကဆင်းရဲ၊ ခေတ်ပညာကမတက်လို့ ရွာကကွမ်းတောင်ကိုင်ရဲ့ အထင်သေးတာကိုခံခဲ့ရသည်။ နင်အထင်ကြီးတဲ့အကောင်၊ ဒင်းကြိုက်တဲ့လူထက်သာအောင် ငါကြိုးစားမယ်၊ ငါလူတစ်လုံးသူတစ်လုံးဖြစ်မှ၊ အို . . . ပွင့်ပွင့်လင်းလင်းပဲပြောမယ်၊ နင့်လင်ထက်သာတဲ့ဘဝရောက်မှ ဒီရွာကိုပြန်ခဲ့တော့မယ် ဆိုတဲ့ မခံချင်စိတ်ဖြင့်ခရီးကြမ်းကိုမောရပန်းရမှန်းမသိ လျှောက်လှမ်းခဲ့တာကို ပြန်လည်အမှတ်ရမိသည်။

နှစ်ပေါင်းငါးဆယ့်မျှ ကြာပြီးနောက် ရွာကို အခါခါအခေါက်ခေါက် ပြန်ရောက်သည့်အခါမှာတော့ ရွာ၏အခြေအနေနှင့် ရွာကိုမရောက်မီကပင် မြင်တွေ့ရသည့် ပတ်ဝန်းကျင်မြင်ကွင်းတွေက သိသိသာသာ ပြောင်းလဲသွားခဲ့ပြီဆိုတာကို





သတိထားလိုက်မိပါသည်။ လွန်ခဲ့သည့် နှစ်ပေါင်းငါးဆယ်ကဘာယာဉ် ရထားမျှမရှိလို့ ခြေလျင်လျှောက်ခဲ့ရသည့် ခရီးမှာမှန်လုံအဝေးပြေး ဘတ်စ်ကားကြီးကိုစီးပြီး ဘေးဝဲယာကို ကြည့်လျက် လိုက်ပါလာခဲ့သည်။

ဟိုတုန်းက နွားလှည်းပင် ခက်ခက်ခဲခဲသွားခဲ့ရသည့် မြေလမ်းသည် ယခုတော့ ကတ္တရာခင်းလမ်း၊ ကျောက်ခင်းလမ်းဖြစ်နေတာတွေ့ရသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်လာလို့ လမ်းပန်းဆက်သွယ်ရေးကောင်းလာသည့် သာဓကလို့ နားလည်လိုက်ပါသည်။

မော်တော်ကားလမ်း၏ ဝဲယာတစ်ဘက်တစ်ချက်မှာ ရှိခဲ့ဖူးသည့် သစ်တောကြီးတွေမရှိတော့ဘဲ ပြောင်သလင်းခါနေတာကို တွေ့ရသည်။ ရွာကထွက်ခွာသွားစဉ် လွန်ခဲ့သည့်နှစ်ပေါင်းငါးဆယ်က အလှတွေဖြစ်သည့် တောပန်း၊ တောင်ပန်းတွေ တစ်ပွင့်တစ်ပင်မျှ မမြင်မတွေ့ရတော့ပါ။ တောင်ကျစမ်းချောင်းတွေ တသွင်သွင် မစီးနိုင်တော့လောက်အောင် ခမ်းခြောက်နေတာ တွေ့ရသည်။ သစ်တောကြီးတွေ မရှိတော့လို့ အရိပ်မရှိတော့ဘဲ ခြစ်ခြစ်တောက်ပူပြင်းသည့်နေရောင်အောက်မှာ ခရီးနှင်နေရသည်။

ဟိုတုန်းက ထူပိန်းစိမ်းစိုအောင်ရှိနေခဲ့သည့် သစ်တောကြီးတွေနေရာမှာ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုအသွင်သဏ္ဍာန်



www.burmeseclassic.com

www.burmeseclassic.com



တွေဖြစ်သည့် တာပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့နှင့် ပြည်ထောင်စုကြံ့ခိုင်ဖွံ့ဖြိုးရေးတို့ပိုင် ရာဘာစိုက်ခင်းတွေအတွက် စတင်စိုက်ပျိုးထားသည့် ရာဘာပင်ပေါက်ကလေးတွေကို မြင်တွေ့ခဲ့ရသည်။ ဘယ်သူက ဘာအတွက်ခုတ်ထွင်ပြီး မီးရှို့ထားမှန်းမသိရသည့် တောင်ကတုံးတွေကိုလည်း မြင်တွေ့ခဲ့ရသည်။

ဟိုတုန်းက ဒီလမ်းဘေးဝဲယာမှာ ကျေးငှက်သာရကာတွေတေးဆိုနေခဲ့ကြဖူးသည်။ အခုတော့ချိုးလည်းမကူ၊ ဩဥငှက်လည်းမအော်မမြည်၊ ငှက်ပန်းတိမ်လည်း တူမနှက်၊ ဒေါင်းငှက်လည်းအိုးမဝေ၊ မျောက်လည်းကြိုးမခွေ၊ သမင်လည်းမတောက်၊ ချေလည်းမဟောက်၊ ကျားလည်းမဟိန်းသည့်အတွက် လန့်ပျံမည့် တောကြက်တွေလည်း မရှိတော့ဖြစ်နေသည်။ ရွာကဘကြီးဦးကြာခိုင် ပြောဖူးတာကို ပြန်လည်ကြားယောင်လာသည်။

"နှင်ရွာမှာရှိတုန်းက ရွာသူရွာသားတွေက ကျားကိုကြောက်ကြရတယ်၊ အခုတော့ကျားက လူတွေကို ကြောက်လို့ ဘယ်ရောက်ကုန်ကြလဲမသိဘူး၊ ကျားတစ်ကောင်လုံးမဆိုထားနဲ့ ကျားရဲ့နှုတ်ခမ်းမွှေးနဲ့ ခြေသည်းလက်သည်းပါ ဝယ်မည့်သူရှိနေတယ်"

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာသောအခါ ရေနံဆီမီးခွက်၊ ကညင်ဆီမီးတိုင်ဖြင့် နေခဲ့ကြရသည့်ဘဝမှ လျှပ်စစ်မီး ထွန်းနိုင်သည့် အခြေအနေကို ရောက်လာသည်။ အင်္ဂလိပ်မင်းက စနစ်





တကျဖြင့် စီမံကိန်းချပြီးစိုက်ပျိုးထားခဲ့သည့် အနှစ်တစ်ရာကျော်သက်တမ်းရှိ ကုက္ကိုပင်ကြီးတွေနှင့် ပိတောက်ပင်ကြီးတွေကို ဓာတ်မီးတိုင်၊ ဓာတ်ကြိုးတွေနဲ့ မလွတ်လို့ သက်ဆိုင်ရာက ခုတ်လှဲပစ်လိုက်ရသည်။ ယောက်ျားကြီးသုံးယောက်ဖက်လောက်လုံးပတ်ကြီးသည့် ကုက္ကိုသားသစ်လုံးကြီးတွေကို တီအီး ၁၁ ဟီးနိုးကားကြီးတွေဖြင့် တင်ယူသွားကြသည်ဟုသိရသည်။ ဘကြီးဦးကြာခိုင်က သူကြားတာကိုပြောပြသည်။

"နှင်တို့ရန်ကုန်က ဟိုတယ်ကြီးတွေနဲ့ ကုန်တိုက်ကြီးတွေရှေ့မှာ အလှထားဖို့အတွက် ဆင်ရုပ်၊ ခြင်္သေ့ရုပ်ကြီးတွေ ထုမယ်လို့ပြောပြီး တင်ယူသွားကြတာပဲ"

ဒါဆိုလျှင် လွန်ခဲ့သည့်နှစ်ပေါင်းတစ်ရာကျော်က အင်္ဂလိပ်မင်းစိုက်ခဲ့သည့် ကုက္ကိုပင်ကြီးတွေ ဆင်ရုပ်၊ ခြင်္သေ့ရုပ်တွေ ဖြစ်သွားကြပြီဖြစ်လို့ ဝမ်းသာရမလိုဖြစ်သွားသည်။ ရွာထိပ်မှနေပြီး ရွာလမ်းတလျှောက်ကို လှမ်းမျှော်ကြည့်လိုက်လျှင် အရိပ်အာဝါသ လုံးဝ မရှိတော့သည့် နေပူရှိန်ပြင်းပြင်းထိန်ထိန်လင်းနေသည့်မြင်ကွင်းထဲမှာ လျှပ်စစ်ဓာတ်မီးတိုင်ယိုင်နဲ့ ကျိုးကျဲတွေ မညီမညာ ထိုးထိုးထောင်ထောင်နှင့် လျော့ရဲရဲ ပျော့တွဲတွဲ လျှပ်စစ်မီးကြိုးတွေကို လှမ်းမြင်ရသည်။ ညနေ ၆ နာရီမှ ည ၁၀ နာရီအထိ တစ်ရက်ခြား မီးလာသည်။ ရေနံဆီမီးခွက်နှင့် ကညင်ဆီတိုင်ဘဝမှ လျှပ်စစ်မီးရသည့်အဆင့်သို့ တိုးတက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည်။ ဒါသည်ပင် နိုင်ငံတိုးတက်ဖွံ့ဖြိုးလာလို့ လမ်းပန်းဆက်သွယ်ရေးကောင်းလာသည့် အကျိုးဆက်၏သာဓကတွေပင်ဖြစ်သည်။

ဟိုတုန်းကရှိခဲ့ဖူးသည့် သဲကုန်းရွာနှင့် ရှောက်ကုန်းရွာကသာလာယံဇရပ်တွေ၊ ရေတွင်းတွေလည်းမရှိတော့တာကိုတွေ့ရသည်။ သာလာယံဇရပ်တွေက သွပ်တွေကိုခွာယူကြသည်။ တိုင်တွေကိုချွတ်ယူကြသည်။ ရေတွင်းရေကန်တွေကို ပြုပြင်မည့်သူတူးဖော်မည့်သူမရှိလို့ တိမ်ကောပျောက်ကွယ်ကုန်သည်။ ရေတွင်းနေရာမှာ အမှိုက်မျိုးစုံ စုပုံထားသည့် အမှိုက်ကျင်းကြီးအဖြစ်မြင်တွေ့ရသည်။ ဒါသည်လည်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည့်အတွက် မလိုအပ်တော့လို့ပျောက်ကွယ်သွားကြတာဖြစ်နိုင်သည်။

ရွာကအခြေအနေနှင့် ဒေသပတ်ဝန်းကျင်တို့သည် ကြောက်ခမန်းလိလိ သိသိသာသာပြောင်းလဲခဲ့ကြပြီဖြစ်သည်။ ရွာကထွက်ခွာသွားစဉ်က ဆွဲလဲ(ဆည်းလည်း) သံလေးတွေပေးပြီး နှုတ်ဆက်ခဲ့သည့်ရွာဦးစေတီတော်သည် ငြိမ်သက်စွာတိတ်ဆိတ်နေသည်။ ဒါတွေသည်လည်း ရွာအခြေတိုးတက်ဖွံ့ဖြိုးလာခြင်း၏ သာဓကတွေများ ဖြစ်နေပြီလားဟုတွေးမိသည်။

မိမိ၏ဆရာအရင်းဖြစ်သည့် မူလရွာဦးကျောင်းဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက် ဆက်ခံသည့်ဆရာ





တော်လက်ထက်ကစပြီး ရှေးယခင်က နာရီတိုင်းခေါက်လေ့ရှိသည့် တုံးမောင်းကို မခေါက်တော့ဟုသိရသည်။ ပျံတော်မူဆရာတော်ဘုရားကြီးကတော့ နံနက်အရုဏ်တက် ၄ နာရီကစပြီး ည ၈ နာရီအထိ ဝတ်မပျက် နှစ်ပေါင်းငါးဆယ်လောက်တုံးမောင်းခေါက်ခဲ့သည်။ တောမလေ့၊ ရွာမလေ့ ယဉ်ကျေးမှုတွေပါ ပျောက်ကွယ်ခဲ့ပြီဟု သတိရလိုက်ပါသည်။

ရွာကိုရောက်ပြီးနောက် ရွာထဲကိုလျှောက်သည်။ ရွာထဲက ရှားရှားပါးပါးကျန်နေသေးသည့် ရှေးဟောင်းအဆောက်အဦး(အိမ်အိုအိမ်ဟောင်း)တွေကို လိုက်ကြည့်သည်။ အိမ်အိုအိမ်ဟောင်းတွေထဲက အိမ်အိုတစ်လုံးမှာ အသက်ရှင်လျက်ရှိနေသေးသည့် ကွမ်းတောင်ကိုင်အဟောင်းကြီးကို မုဆိုးမအဘွားကြီးအဖြစ်နဲ့ တွေ့ရသည်။ မိမိထက်သာတယ်ထင်ပြီး ယူခဲ့သည့် သူ့လင် မူလတန်းကျောင်းဆရာကြီး ကွယ်လွန်ခဲ့ပြီဟုသိရသည်။ အိမ်အိုအိမ်ဟောင်းကြီးရဲ့ အိမ်ရှေ့ကပြင်မှာထိုင်ပြီး လမ်းဘက်ကို ကြည့်နေသည်။ မျှော်လင့်ချက်၊ ရည်ရွယ်ချက်ကင်းမဲ့သည့်အသွင်ဖြင့် သေမည့်နေ့ကို ထိုင်စောင့်နေသည့်ပုံတွေ့ရသည်။ မိတ်ဟောင်း ဆွေဟောင်းဆိုတာထက် ရှေးဟောင်းပစ္စည်းတစ်ခုကို စိတ်ဝင်စားလို့ ကြည့်ချင်တဲ့သဘောဖြင့် အိမ်ထဲဝင်ကြည့်သည်။ မိမိကို သေသေချာချာ မမှတ်မိတော့သော်လည်း မိမိဝတ်ထားသည့် အဝတ်အစားနှင့် မိမိကိုယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဆွတ်ဖျန်းလာခဲ့သည့် အမွေးအကြိုင်တွေကြောင့် ရန်ကုန်မြို့က ရောက်ရှိနေသည့် ဒီရွာသားကြီးကျွန်တော်ဆိုတာကို သိသွားသည်။ တရင်းတနှီး နှုတ်ဆက်လိုက်ပါသည်။

"မခင်အေး နေကောင်းတယ်မဟုတ်လား"

"ကောင်းပါတယ်၊ ကောင်းတယ်ဆိုလည်း အသက်ကြီးလာတော့ အဘက်ဘက်က ချို့ယွင်းလာတယ်၊ ကိုက်ခဲတယ်၊ နာကျင်တယ်၊ မူးဝေတယ်၊ နားလေးတယ်၊ မျက်စိမှုန်တယ်၊ အစုံပဲ"

သူပြောတော့မှ သူ့ကိုသတိထားပြီးကြည့်မိသည်။ လွန်ခဲ့သည်နှစ်ပေါင်းငါးဆယ်ကျော်က ရွာကွမ်းတောင်ကိုင်ဘွဲ့ကို ရနိုင်လောက်အောင် လှခဲ့သည့်အလှတွေ ဘာမျှမရှိတော့ပါလားဟု သတိထားလိုက်မိပါသည်။ ပိတုန်းရောင်နက်မှောင်နေခဲ့သည့် ဆံပင်တွေဖြူနေသည်။ သမင်မမျက်လုံးလိုကြည်ပြီး တောက်နေခဲ့သည့်မျက်လုံးတွေက အရောင်မှိန်နေသည်။ ဖိုးလမင်းလို ဝိုင်းစက်လှပနေခဲ့သည့် မျက်နှာသည် ပါးရေ နားရေ တွန့်နေသည်။ ဖော့ဖရောင်းလို သွယ်ပြောင်းလှပခဲ့သည့် လက်ချောင်းတွေသည် သစ်ကိုင်းခြောက်တွေလို ကြည့်လို့မကောင်း ဖြစ်နေသည်။ အချိုးအဆစ်ပြေပြစ်ပြီး တောင့်တင်းဖြောင့်စင်းခဲ့သည့် ရင်သား၊ ခါး နှင့် တင်ပါးတွေသည် ပြားချပ်ပိန်ကုန်းနေကြတာ တွေ့ရသည်။





ရွာကွမ်းတောင်ကိုင်ဟောင်းကြီး ဒေါ်ခင်အေးကို မေးချင်သည့် မေးခွန်းတစ်ခု ရှိနေသည်။ မေးသင့် မမေးသင့် စဉ်းစားနေသည်။ မေးခွန်းကမရေမရာ၊ ကလေးကလား မေးခွန်း ဖြစ်လို့ မိမိရဲ့အသက်အရွယ်၊ ဂုဏ်သိက္ခာနှင့် မိမိရဲ့ လက်ရှိအခြေအနေတို့ကြောင့် မေးလို့သင့်တော်မလားစဉ်းစားသည်။

ဟို . . . လွန်ခဲ့သည့်နှစ်ပေါင်းငါးဆယ်၊ မခင်အေး အသက် ၁၆ နှစ်အရွယ်မှာ၊ မခင်အေးနဲ့ သက်တူရွယ်တူ ယောကျ်ားတစ်ယောက်ဟာ မခင်အေးနဲ့ အခုလို အနီးကပ်ထိုင်ပြီး စကားပြောခွင့်ရဖို့ဆိုတာ အသာထားလို့ မခင်အေးတို့ အိမ်ရှေ့ကတောင် ဖြတ်မလျှောက်ရဲဖြစ်ခဲ့ရသည်။ ဖြတ်လျှောက်လျှင် မခင်အေးကို ပိုးပန်းချင်လို့အကွက်ဆင်ပြီး လျှောက်တယ်လို့ အထင်ခံရမည်ဖြစ်သည်။

အခုတော့ မခင်အေးက နွမ်းပါးနိမ့်ကျနေစဉ်မှာ မိမိက အထက်စီးရနေလို့ နှုတ်ရဲပါးစပ်ရဲ မခန့်လေးစား စော်ကားမော်ကားလာလုပ်သည်လို့ အထင်ခံရမှာကိုလည်း စိုးရိမ်ရသည်။ မေးချင်သည့် မေးခွန်းကလည်း အဆင့်အတန်းနိမ့်သည်။ သူ့အတွက်လည်း အကျိုးမရှိ၊ ကိုယ့်အတွက်လည်းအကျိုးမရှိသည့် မေးခွန်းဖြစ်သည်။ ဒါပေမဲ့ မေးကိုမေးချင်နေသည်။ သူ့အဖြေကို ကြားချင်လို့ဖြစ်သည်။ အဆင့်အတန်းမရှိ အောက်တန်းကျသည့်မေးခွန်းကို မေးမှာဖြစ်လို့ သူ့အတွက်လည်း အရှက်မရဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရလေအောင် ပတ်ဝန်းကျင်အခြေအနေကို အလျင်မေးရသည်။

"တစ်ယောက်တည်းပါလား၊ သားသမီးတွေ၊ မြေးတွေ ဘယ်သွားနေကြလဲ"

"သမီးနဲ့သားမက်က ပဲနှုတ်ဖို့လယ်ထဲသွားတယ်၊ မြေးတွေက ကျောင်းသွားကြတယ်"

သူ့လင်က သေတာ ၅ နှစ်လောက်ရှိပြီဖြစ်လို့ လောလောဆယ် သူတစ်ယောက်တည်းရှိတာ သေချာသည်။ မေးချင်သည့် မေးခွန်းကို လွတ်လပ်စွာ မေးလို့ရပြီဖြစ်သည်။

"မခင်အေးကို တစ်ခုမေးချင်တယ်၊ မရှက်ဘဲ ပွင့်ပွင့်လင်းလင်းဖြေစေချင်တယ်"

"ဘာများလဲဟဲ့"

"တို့ငယ်ငယ်တုန်းက နင့်ကိုငါ တစ်ဘက်သက်ကြိုက်နေခဲ့တယ်ဆိုတာ နင်သိလားဟင်"

အသက်ကြီးမှ ရည်းစားစကားအပြောခံရသလိုဖြစ်ပြီး အနည်းငယ်ရှက်သွားသည့် လက္ခဏာတွေ့ရသည်။ နောက်တော့ နှစ်ယောက်တည်းပါလားဆိုတာကို သတိရသွားဟန်တူသည်။ ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမောပြန်ဖြေသည်။

"နင့်ဟာနင် တစ်ဘက်သတ်ကြိုက်နေတာကို ငါဘယ်လိုလုပ်ပြီး သိနိုင်မှာလဲဟဲ့"





"ငါနင့်ကို ကြိုက်နေတဲ့အမှုအရာ ပြပါတယ်၊ နင်က ဂရုမစိုက်တဲ့ပုံမျိုး မျက်နှာလွှဲလွှဲသွားတယ်လေ"

"အဲဒီတုန်းက နင်က ကိုရင်ဝတ်နဲ့လေ၊ နင့်ကို ဂရုစိုက်ကြည့်လျှင် ငါ ငရဲကြီးမှာပေါ့"

ဟာ . . . ဟုတ်ပေသားပဲဟု သတိရလိုက်သည်။ အသက် ၁၇ နှစ်သားအရွယ် လူပျိုပေါက်ကလေးဖြစ်လာသည်အထိ ကိုရင်ဝတ်ဖြင့်နေခဲ့ရသည်။ ဆွမ်းခံထွက်တိုင်း ရွာကွမ်းတောင်ကိုင် မခင်အေးကို ပိုးပန်းသည့်အမူအရာဖြင့် ကြည့်ခဲ့သည်။ မခင်အေးက အကြည့်မခံဘဲ မျက်နှာလွှဲလွှဲသွားခဲ့သည်။ အတော်ခံစားခဲ့ရသည်။ မိမိသည် ခေတ်ပညာမတတ်သည့်အပြင် မိဘတွေဆင်းရဲလို့ မခင်အေးက မိမိကိုမကြိုက်တာလို့ ထင်ခဲ့မိသည်။ မခင်အေးကို စိတ်နာခဲ့သည်။

အဲဒီတုန်းက နွေရာသီရဲ့ နေ့တစ်နေ့မှာဖြစ်သည်။ ဘုန်းကြီးကျောင်းရဲ့ နောက်ကျောမှာရှိသည့် တောင်ပေါ်ရွက်ကြွေတောက အဖော်မဲ့သည့်ဥဩငှက်ကလည်း အော်မြည်နေသည်။ အထီးကျန်ဝေဒနာကို ခံစားနေရသည့် ကိုရင်ကလေး မိမိကလည်း ညဦးယံမှာ အိပ်မပျော်လို့ ဖရောင်းတိုင်ထွန်းပြီး ရည်းစားစာ ရေးနေသည်။ ရည်းစားစာ ရေးနေသော်လည်း ဘယ်သူ့ကို ပေးမည်ဆိုတာ မဆုံးဖြတ်ရသေးဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နက်ဖြန် ဆွမ်းခံထွက်လျှင် အဆင်ပြေသည့် အခြေအနေမှာ ဖြစ်နိုင်ခြေရှိသည့် ကောင်မလေးကို ပေးမည်ဟု ရည်ရွယ်ပြီး ရေးနေခြင်းဖြစ်သည်။

ကိုယ်ရောစိတ်ပါ မူမမှန်ဖြစ်နေသည့် မိမိကို အမြဲမပြတ် အကဲခတ် စောင့်ကြည့်နေသည့် ဆရာတော်သည် မိမိရေးနေသည့် ရည်းစားစာကို ဖမ်းမိပြီးဆွဲယူ သိမ်းဆည်းသွားလေတော့သည်။ ဆရာတော်သည် သူ့ကြက်သရေခန်းတံခါးကို ပိတ်လိုက်ပြီး မိမိရေးသည့်စာကို ဖရောင်းတိုင်မီးဖြင့် ဖတ်ပေလိမ့်မည်။ ခံစားချက်အပြည့်ဖြင့် ရေးထားသည့်စာတွေကို တွေ့ပေတော့မည်။

(အစီန္တေယျ၊ အပ္ပမေယျ များလှဘုန်းဟူ သုံးလူ့ထွဋ်တင်ဘုရားရှင်အဆက်ဆက်က ချခဲ့ကြဖူးသောရေစက်၊ ပန္နက်ခဲ့ကြဖူးသော သစ္စာတော်အဟုန်တို့ကြောင့် လူတို့ဘုံမှာကြုံလာရပြန်ပါသော သက်ထားအလှ၊ ချစ်နှမလေးသိသာရန်မှာ)

ဆရာတော်က ဘုရားရှိခိုး စာကူးရေးတာလို့ထင်ပြီး မရိုက်သော်လည်း ကိုယ့်ဟာကိုယ်ရှက်ပြီး ကျောင်းကထွက်ပြေးခဲ့သည်။ ဆရာတော်ကိုကြောက်တာရယ်၊ ရွာကွမ်းတောင်ကိုင်ကိုစိတ်နာတာရယ်ကြောင့် ရွာကိုစွန့်ခွာပြီးထွက်သွားခဲ့တာ နှစ်ပေါင်းငါးဆယ်ကြာခဲ့ပြီဖြစ်သည်။





ဟိုတုန်းက ကွမ်းတောင်ကိုင် မခင်အေးရဲ့အနားမှာ အခုလိုနီးနီးကပ်ကပ် ထိုင်ခွင့်ရဖို့ဆိုတာအသာထားလို့ အိမ်ရှေ့က တောင်ဖြတ်မလျှောက်ရဲခဲ့သည့် မိမိသည် မခင်အေးကို မေးချင်တာတွေ မေးမိသည်။

"အဲဒီတုန်းက ငါဟာ ကိုရင်မဟုတ်ဘဲ လူပျိုလေးဆိုလျှင် နင် ပြန်ကြိုက်မလားဟင်"

"နင့်ထက်သာတာတွေရှိနေတော့ နင့်ကို ကြိုက်ချင်မှကြိုက်မှာပေါ့ဟဲ့၊ အဲဒီတုန်းက နင်ကလည်း ဘာမှမပြောခဲ့တော့ ငါ ဘာမှမသိခဲ့ဘူး၊ အခုမှ နင်ပြောလို့သိရတာ အဲဒီတော့ နင့်ကိုလည်း ငါက တစ်ခုမေးချင်တယ်"

"မေးလေ ဘာမေးချင်လဲ"

"ဟိုတုန်းက နင် ငါ့ကို ကြိုက်ခဲ့တယ်ဆိုတော့ အခုရော ကြိုက်သေးရဲ့လား"

"ဟီးဟီး ဟီးဟီး ဘယ်လိုပြောရမလဲမသိဘူး၊ နေတောင် အတော်မြင့်သွားပြီ"

လက်ပတ်နာရီကို ငုံ့ကြည့်ပြီး နေကိုမော့ကြည့်လိုက်သည်။ ပြန်ပါဦးမည်ဆိုသည့် သဘောဖြစ်သည်။ ဒေါ်ခင်အေးက သရော်ပြုံး ပြုံးလိုက်သည်။ အခုတော့ ငါ့ကို မကြိုက်တော့ဘူး မဟုတ်လားဟု စိတ်ထဲကမေးနေတာ သိသာသည်။ အလှအပ



www.burmeseclassic.com

www.burmeseclassic.com

ကိုမက်တဲ့ အချစ်စစ်အချစ်မှန်မဟုတ်သော အပေါစားမေတ္တာသမား၊ ဘာကိုမှ အလေးအနက်မထားသူလို့ သိသွားပြီဖြစ်သည်။

" နေမြင့်လေ အရှုံးရင့်လေ ဖြစ်နေဦးမယ်၊ သွားတော့သွားတော့"

ဒေါ်ခင်အေးက မောင်းထုတ်နေပြီဖြစ်လို့ သူ့ခြံထဲက ထွက်လာခဲ့သည့် အချိန်မှာတော့ တကယ့်ကို နေက အတော်မြင့်နေပြီဖြစ်သည်။ မိမိ တည်းခိုနေသည့် အဒေါ်အိမ်က ထမင်းစားဖို့ စောင့်နေတော့မည်ဖြစ်သည်။ နှစ်ပေါင်းငါးဆယ်ကြာခဲ့ပြီမို့ အရာရာတိုင်းဟာ ပြောင်းလဲခဲ့ပြီဆိုတာကို သတိပြုလိုက်မိပါသည်။

ကလျာ

၂၀၀၇ ခုနှစ်၊ နိုင်ဝင်ဘာလ။



# လေထဲမှာစိုက်ထားသောကျောက်တိုင်

ကိန္နရီချောင်းရွာ၏ ရွာဦးရွာထိပ်မှာရှိသည့် ကုန်းကမူလေးပေါ်မှာ တုံးဖြူဖြူသင်္ကန်းကပ်လှူထားသည့် စေတီတစ်ဆူရှိသည်။ စေတီ၏အနီးမှာ အမိုးသာရှိပြီး အကာမရှိသည့် ဇရပ်တစ်ဆောင်ရှိသည်။ ဇရပ်အို၏ခေါင်းရင်းမှာ ထန်းပင်အိုတစ်ပင်ရှိသည်။

စေတီတော်၏ ထုံးဖြူသင်္ကန်းကို နောက်ဆုံးအကြိမ်ကပ်လှူခဲ့တာ နှစ်ပေါင်းအတော်ကြာခဲ့ပြီလို့ယူဆသည်။ စေတီတော်၏ကိုယ်လုံးတော်မှာ ရေညှိတွေတက်နေတာတွေ့ရသည်။ ထီးတော်သည်လည်း အရောင်အဆင်းမထွက်တော့သည့်အပြင် စိန်ဖူးတော်သည် ငှက်မြတ်နားအထက်နားလောက်က ကျိုးကျနေသည်။ ထီးတော်မှာချိတ်ဆွဲထားကြသည့် ဆည်းလည်းခေါင်းလောင်းလေးတွေမှာ လှုပ်ခါတီးခတ်နိုင်အောင် ချိတ်ဆွဲထားသည့် ညောင်ရွက်ကလေးတွေ သံချေးတက်ပြီး မလှုပ်နိုင်ကြတော့လို့ အသံမထွက်နိုင်ဖြစ်နေကြသည်။ စေတီတော်၏



www.burmeseclassic.com

www.burmeseclassic.com



ခြေရင်းမှာ မြက်ရိုင်းပင်တွေနှင့် တောဗီးဇပ်ပင်တွေ ပေါက်နေသည်။

ဒီစေတီတော်ကို ဘယ်ခေတ်ဘယ်အခါက ဘယ်သူတည်ခဲ့မှန်း မသိဖြစ်နေသည်။ ယနေ့ အသက်ခြောက်ဆယ်ကျော် ကျွန်တော်တို့ကိုမွေးဖွားပြီး စတင်မှတ်မိသည့်အချိန်မှာ ဒီစေတီတော် ရှိနေပြီးဖြစ်သည်။ အဲဒီတုန်းကတော့စေတီတော်၏ ဆည်းလည်းလေးတွေ အသံမြည်ကြတုန်းရှိသေးသည်။ ထီးတော်မှာလည်း ရွှေရောင်တွေရှိသေးသည်။ ထုံးသင်္ကန်းကလည်း ဆွတ်ဆွတ်ဖြူနေသေးသည်။ ယနေ့ ထန်းပင်အိုကြီးသည်လည်း အဲဒီတုန်းက ထန်းပင်ပျိုဘဝဖြင့် အားကောင်းမောင်းသန် မာန်အပြည့်ဖြင့် ဇရပ်ပျိုကို အုပ်မိုးထားခဲ့သည်။ အခုတော့ ထန်းပင်ကအို၊ ဇရပ်ကပြိုပျက်၊ စေတီကညိုညစ် ဖြစ်နေခဲ့ပါပြီ။

ဒီကုန်းကမူလေးပေါ်မှာပဲ စေတီတော်နှင့် မလှမ်းမကမ်းက တစ်နေရာမှာ ကျောက်စာတိုင်တစ်တိုင် မတ်ခိုင်ခိုင်တည်ရှိနေသည်။ ကျောက်စာတိုင်သည်လည်း ထိန်းသိမ်းစောင့်ရှောက်ပြုပြင်မည့်သူမရှိလို့ မည်းညက်ပွဲရွဲ့နေသည်။ ကျောက်တိုင်စိုက်ထူစဉ်က အလှအပအဖြစ်ကာရန်ထားခဲ့သည့် သစ်သားခြံစည်းရိုးလေးကလည်း လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ခန့်ကပင် တစ်စစီ လဲကျပျက်စီးသွားခဲ့ပြီဖြစ်သည်။





ကျောက်စာတိုင်သည် လေးမြောင့်သဏ္ဌာန်အဖျားသွယ်ချွန်သောပုံဖြစ်ပြီး ခြောက်ပေခန့်မြင့်သည်။ နှစ်ပေခန့်ဗျက်ကျယ်သော မျက်နှာပြင်လေးဘက်ပါရှိသည်။ စေတီတော်ဘက်ကို မျက်နှာမူထားသော မျက်နှာပြင်မှာ ဒီကျောက်စာတိုင်၏သမိုင်းကို ရေးထိုးထားသည်။

စေတီတော်ကို ဘယ်သူတည်ထားကိုးကွယ်ခဲ့မှန်း မသိကြသော်လည်း ဒီကျောက်စာတိုင်ကိုဘယ်သူ့အတွက် ရည်ရွယ်ပြီး ဘယ်သူတွေက စိုက်ခဲ့ကြတယ်ဆိုတာကို ကိန္နရီချောင်းတစ်ရွာလုံးကသိခဲ့ကြသည်။ ဆရာကြီးဦးထွန်းငွေအတွက် ဝမ်းသာဂုဏ်ယူခဲ့ကြသလို ကျောက်စာတိုင်ကို စိုက်ထူဂုဏ်ပြုကြသည့် ဆရာကြီး၏ တပည့်တွေကိုလည်း ကျေးဇူးတင်ခဲ့ကြသည်။ ဆရာ၏ကျေးဇူးကို သိတတ်သည့် တပည့်လိမ္မာတွေအဖြစ် ချီးကျူးခဲ့ကြတာကို မှတ်မိသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၁၉၅၅ ခုနှစ်လောက်မှာ နိုင်ငံတော်အစိုးရက ပြည်တော်သာစီမံကိန်းကို အကောင်အထည်ဖော်ခဲ့သည်။ ပြည်တော်သာခေတ်ပညာရေးလိုအပ်ချက်အရ ပြည်တော်သာကျောင်းဆရာတွေ အများအပြားလိုအပ်လာသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီနှင့် ရပြီးကာလမှာ ၇-တန်းအောင်သူများကို မူလတန်းကျောင်းအုပ်ရာထူးအထိ ခန့်



www.burmeseclassic.com

www.burmeseclassic.com



ထားမည်။ ၇-တန်းမအောင်သော်လည်း ၇-တန်းအထိပညာသင်ဖူးသူကို မူလတန်းပြဆရာ ခန့်မည်ဟု သတင်းထွက်လာသည်။

အဲဒီသတင်းထွက်လာတော့ ကိန္နရီချောင်းရွာက လူလတ်ပိုင်းအရွယ်တွေ လှုပ်လှုပ်ရွရွဖြစ်ကုန်ကြသည်။ ၇-တန်းအောင်သူတွေရော မအောင်သူတွေပါ ပြည်တော်သာကျောင်းဆရာဖြစ်ချင်ကြလို့ လျှောက်လွှာတွေတကိုင်ကိုင်ဖြင့် မြို့ကိုပြေးကြသည်။ ကျောင်းဆရာအလုပ် လျှောက်ကြသည်။

အဲဒီခေတ်က ၇-တန်းအောင်တယ်၊ မအောင်ဘူးဆိုတာ ပြစရာဘာအထောက်အထားမှမရှိလို့ အခက်တွေ့ကြတော့သည်။ အင်္ဂလိပ်မင်းလက်ထက်မှာ ကျောင်းဆရာကြီးဖြစ်နေခဲ့သည့် ဆရာကြီးဦးထွန်းငွေ၏ ထောက်ခံချက်သည် အလွန်အရေးပါအရာရောက်ပြီး တန်ဖိုးရှိနေတော့သည်။ ဒီတော့မှ ဆရာကြီးဆီမှာ ပညာသင်ခဲ့ကြသည့် တပည့်ဟောင်းတွေ ဆရာကြီးဆီကို ပြေးလာကြတော့သည်။

"ဆရာကြီး ကျွန်တော် ခုနစ်တန်းအောင်ခဲ့တယ်နော်"

"ဟေ. . . ငါလည်း မမှတ်မိတော့ပါဘူးကွယ်"

"အောင်တယ်ဆရာကြီးရဲ့၊ ဆရာကြီးက အောင်တယ်လို့ ထောက်ခံပေးလျှင်ပြီးပြီ"





"အေး အေး၊ လုပ်ပေးရမှာပေါ့ကွယ်"

ဆရာကြီးက တပည့်တွေ၏ဘဝ အဆင်ပြေရေးအတွက် အကူအညီပေးလိုက်သည်။ ဘာမှအပန်းမကြီး၊ မောင်ဘယ်သူဘယ်ဝါ၊ မ ဘယ်သူဘယ်ဝါသည် ကျွန်ုပ်၏ကျောင်းမှ ၇-တန်းအောင်ခဲ့တာ မှန်ကန်ကြောင်းထောက်ခံပါသည်လို့ရေးပြီးလက်မှတ်ထိုးပေးလိုက်ရုံသာဖြစ်သည်။ အဲဒီလိုတပည့်ပေါင်းနှစ်ဆယ် အစိပ်ခန့်လက်မှတ်ထိုးပေးခဲ့ရသည်။

"ဆရာကြီး ကျွန်တော့်ကို မှတ်မိလား"

"ဟေ နင်ဘယ်သူလဲ"

"ကျွန်တော်ဆရာကြီးရဲ့တပည့်လေ၊ သဖန်းကုန်းရွာက မောင်ခွေးလေ"

"အိမ်း တပည့်တွေကများ၊ အသက်ကကြီးလာတော့ မမှတ်မိဘူးကွဲ့"

"အနီးအနားရွာတွေက နွားလှည်းနဲ့ကျောင်းတက်ခဲ့ကြတဲ့အုပ်စုမှာ ကျွန်တော်ပါတယ်လေ"

"ဟုတ်လား၊ ကြာတော့လည်း မမှတ်မိတော့ဘူးကွယ်"

"ကျွန်တော်လည်း ၇-တန်းအောင်ခဲ့ပါတယ် ဆရာကြီး၊ ကျောင်းဆရာလျှောက်ချင်လို့ပါ"

"အော် . . . ထောက်ခံစာလိုချင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဆရာကြီး၊ ဆရာကြီးရဲ့ကျေးဇူးကို မမေ့ပါဘူး"

"ရပါတယ်ကွယ် . . . ကိုယ့်တပည့်တွေပဲ၊ လုပ်ပေးရမှာပေါ့"

ဆရာကြီးက မောင်ခွေးသည် ကျွန်ုပ်၏တပည့်ဖြစ်ပြီး ၇-တန်းအောင်ခဲ့သူဖြစ်ကြောင်း ထောက်ခံပါသည်ဟုလက်မှတ်ထိုးပေးလိုက်သည်။ မောင်ခွေးက ဆရာကြီးကိုလက်အုပ်ချီကန်တော့သွားသည်။ ကျောင်းဆရာဖြစ်ပြီးတော့မှ စပယ်ရှယ်လာကန်တော့မည်ဟုဆိုသည်။

"ဆရာကြီး သမီးကိုမှတ်မိလား၊ ဖက်ပုတ်စမ်းရွာက အေးခင်လေ"

"ငါ့တပည့်မတွေကများတော့ နာမည်နဲ့လူနဲ့တွဲပြီး မမှတ်မိတော့ဘူးကွဲ့"

"သမီးရယ်၊ လှခင်ရယ်၊ အေးရင်ရယ် သုံးယောက်တွဲလေ၊ ဖက်ပုပ်စမ်းရွာက ခြေလျင်လျှောက်လာပြီး ကျောင်းတက်ခဲ့တဲ့အုပ်စုထဲမှာ ပါတယ်လေ"

"အေး အေး ဟုတ်မှာပေါ့ကွယ်၊ ကြာတော့လည်း မေ့ကုန်ပြီကွယ်"

"သမီးတို့ ခုနစ်တန်းဖြေခါနီးမှ သူပုန်တွေက စာသင်ကျောင်းကို မီးရှို့ပစ်လိုက်လို့ စာမေးပွဲမဖြေလိုက်ရဘူး၊ စာတွေ





ကျက်ထားလို့ အကုန်ရနေတယ်၊ ဖြေရလျှင် အောင်မှာသေချာတယ်၊ သမီးတို့လည်း ကျောင်းဆရာမ လျှောက်ချင်လို့ပါ ဆရာကြီး"

"သမီးတို့ ခုနှစ်တန်း မအောင်သေးဘူးဆိုတော့ ငါက ဘယ်လိုထောက်ခံပေးရမလဲကွဲ့"

"ဘယ်သူသိတာမှတ်လို့ဆရာကြီးရယ်၊ ဆရာကြီးက အောင်တယ်ဆိုလျှင်ပြီးတာပဲ"

အဲဒီလိုဖြင့် ဆရာကြီးက ဗလာစာအုပ်ကစာရွက်လွတ်ကိုဆွဲဆုတ်ပြီး ကျွန်ုပ်၏တပည့်တွေဖြစ်သည့် အေးခင်၊ အေးရင်၊ လှခင်တို့သည် ကျွန်ုပ်၏ကျောင်းမှ ၇-တန်းအောင်မြင်ခဲ့ကြသူတွေဖြစ်ပါသည်ဟုရေးပြီး လက်မှတ်ထိုးပေးလိုက်သည်။

အဲဒီတုန်းက ဆရာကြီးဦးထွန်းငွေ ထောက်ခံပေးလိုက်သူတွေအားလုံး ပြည်တော်သာကျောင်းဆရာတွေ ဖြစ်ကြပြီး ဘဝအဆင်ပြေသွားကြသည်။ တစ်ချို့ဆိုလျှင် မူလတန်းပြဆရာ၊ ဆရာမတွေအဖြစ်မှ မူလတန်းကျောင်းအုပ်၊ အလယ်တန်းပြဆရာ၊ ဆရာမတွေဖြစ်သွားကြသည်။

ကျောင်းဆရာ၊ ဆရာမလျှောက်ရန် လိုအပ်နေသည့် ၇-တန်းအောင်ထောက်ခံစာကို ဆရာကြီးလက်မှတ်ထိုးပေးစဉ်က အားလုံးပင် လက်အုပ်ချီကန်တော့သွားကြသည်။ နောင်အခါ ကျောင်းဆရာ၊ ဆရာမဖြစ်တော့မှ ဆရာကြီးကို ကျေးဇူးဆပ်



www.burmeseclassic.com

www.burmeseclassic.com



ပါမည်ဟုပြောသွားကြသူချည်းဖြစ်သည်။ ဆရာကြီးသည် တပည့်တွေဆီက ဘာကိုမျှမမျှော်လင့်ဘဲ မေတ္တာဖြင့် ကူညီခဲ့တာဖြစ်သည်။

မြန်မာပြည်သမိုင်းနှင့်အတူ ကိန္နရီချောင်းရွာက ဆရာကြီး ဦးထွန်းငွေ၏ သမိုင်းကလည်းရှိင်းခဲ့သည်။ မြန်မာပြည်လွတ်လပ်ရေးရသောအခါ လွတ်လပ်ရေးဟာအတုကြီးပါဆိုပြီး နိုင်ငံရေးသူငယ်နာမစင်သူတွေက လက်နက်ကိုင် တောခိုကြသည်။ ကွန်မြူနစ်တဲ့၊ ရဲဘော်ဖြူတဲ့၊ အလံနီတဲ့၊ ရောင်စုံသူပုန်တွေ ပေါ်ပေါက်လာခဲ့သည်။

တောခိုလာကြသည့် ရောင်စုံသူပုန်တွေအနက် ကွန်မြူနစ်တွေ ကိန္နရီချောင်းရွာမှာအခြေစိုက်ပြီး ပါတီဗဟိုကော်မတီဌာနချုပ်ရုံးစိုက်သည်။ ကွန်မြူနစ်တွေသည် အချင်းချင်းလည်း မတည့်ဖြစ်လာကြသည်။ ပါတီသန့်စင်တယ်ဆိုပြီး အချင်းချင်း ဖြုတ်ထုတ်သတ်လုပ်ကြသည်။ ဒေသအတွင်းမှာရှိသည့် ငွေကြေးချောင်လည်သူတွေနှင့် လယ်ပိုင်ရှင်၊ မြေပိုင်ရှင်တွေကို ဓနရှင်၊ အရင်းရှင်၊ ဘူဇွာ၊ အခွင့်ထူးခံလူတန်းစားလို့ စွဲချက်တင်ပြီး ဖမ်းဆီးသည်။ လယ်ယာမြေတွေကို သိမ်းယူသည်။ လယ်လုပ်သူသာ လယ်ပိုင်စေရမည်ဆိုပြီး မြေယာဝေခြမ်းရေးလုပ်သည်။





အဲဒီမှာ ဆရာကြီးဦးထွန်းငွေလည်း အဖမ်းခံရသည်။ အိုစာမင်းစာအဖြစ် ချွေးနှီးစာဖြင့် ဝယ်ယူထားခဲ့သည့် လယ်ယာမြေ အသိမ်းခံလိုက်ရသည်။ မြေရှင်၊ ဓနရှင်၊ ခေတ်ပညာတတ်၊ လူတန်းစားပျက် ဘူဇွာဟု နာမည်တပ်ပြီး ပိုင်ဆိုင်သမျှ စီးပွားဥစ္စာတွေကို သိမ်းယူတာ ခံလိုက်ရသည်။ အိမ်နှင့်ခြံသာ ကျန်တော့သည်။

လယ်မလုပ်သည့်လယ်ပိုင်ရှင်တွေရဲ့ လယ်တွေကို ကွန်မြူနစ်က သိမ်းယူပြီး မြေယာမဲ့တွေကို ဝေခြမ်းပေးရာမှာ ဆရာကြီး ဦးထွန်းငွေ၏ လယ်တွေကို ရသွားသူတွေထဲမှာ ဆရာကြီး၏ တပည့်တွေလည်းပါသည်။ ဆရာကြီးရဲ့လယ်ယာမြေတွေကို ထွန်ယက်နေကြသော်လည်း ဆရာကြီးကို စပါးတစ်စေ့တောင် ပေးဖို့သတိမရသူတွေဖြစ်သွားကြသည်။

အဲဒီအချိန်မှာ ကျောင်းဆရာ၊ ဆရာမတွေဘဝဖြင့်ဟန်ကျနေသူတွေကလည်း ဆရာကြီးကို သတင်းလာမေးဖော်တောင်မရကြဘဲ ရာထူးတက်ဖို့ ကျောင်းကောင်းရဖို့အတွက်ပဲ လုံးပမ်းနေကြသည်။ ဆရာကြီးသည် စိတ်ဆင်းရဲပြီး လုံးပါးပါးရာမှ အသက်-၇၀ ကျော်အရွယ်မျှဖြင့် ကွယ်လွန်သွားခဲ့ပါသည်။ ဆရာကြီးကွယ်လွန်သွားသည့်အခါ သားထောက်သမီးခံ မကျန်ရစ်သည့်အတွက် ဆရာကြီးကတော်သည် အိမ်အိုကြီးထဲမှာတစ်ယောက်တည်း ကျန်နေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးကွယ်လွန်သွားပြီးနောက် ငါးနှစ်လောက်အကြာမှာ ကျောင်းဆရာ၊ ဆရာမဖြစ်နေကြသည့် တပည့်ဟောင်းတွေက ဆရာကြီးကိုဂုဏ်ပြုသည့်အနေဖြင့် အမှတ်တရကျောက်စာတိုင်စိုက်ထူရန် စီစဉ်ကြတာဖြစ်သည်။ ဆရာကြီးမရှိတော့မှ ဆရာကြီး၏ကျေးဇူးကို သိရှိသတိရကြပြီး အမှတ်တရကျောက်စာတိုင်စိုက်ထူကြရန် စိတ်ကူးပေါ်လာကြခြင်းဖြစ်သည်။

ခြောက်ပေမျှသာမြင့်သည့် ကျောက်တိုင်စိုက်ထူရန်အတွက် ဒေသထွက်ကျောက်တွေက အလကားရသည်။ ဘိလပ်မြေတစ်အိတ်ကို တစ်ဆယ်ကျပ်မျှသာပေးရသည်။ ဘိလပ်မြေငါးအိတ်ခန့်သာကုန်သည်။ ခြံဝင်းခတ်တာအပါအဝင် စုစုပေါင်းကုန်ကျစရိတ် သိပ်ပြီးမများတာ သေချာသည်။

ကျောက်တိုင်ဖွင့်ပွဲကို ကျောက်တိုင်စိုက်ထူထားရာ ဘုရားကုန်းတော်ပေါ်မှာပင်ပြုလုပ်ကြသည်။ ကျောက်စာတိုင်ဖွင့်ပွဲသို့ ဆရာကြီးဦးထွန်းငွေ၏ တပည့်ဟောင်းတွေဖြစ်ကြသည့် ပြည်တော်သာခေတ် ကျောင်းဆရာ၊ ဆရာမတွေအားလုံးတက်ရောက်ကြသည်။

တက်ရောက်လာကြသည့် ကျောင်းဆရာတွေ အချင်းချင်း မသိမသာ စိတ်ဝမ်းကွဲနေတာသိသာသည်။ အကြမ်းအားဖြင့် အုပ်စုသုံးစုကွဲနေသည်။ အမှန်တကယ် ၇ တန်းအောင်





ခဲ့ကြလို့ အလယ်တန်းပြ၊ မူလတန်းကျောင်းအုပ်ဖြစ်နေသူတွေက တစ်အုပ်စု၊ ၇-တန်းမအောင်ခဲ့သော်လည်း ဆရာကြီးက ထောက်ခံပေးလို့ ကျောင်းဆရာဖြစ်လာပြီး၊ မူလတန်းပြအဆင့်ဖြင့်သာရှိနေသောသူတွေက တစ်အုပ်စု၊ ကျောင်းဆရာဖြစ်ပြီးမှ လက်ရှိမယားကြီးကိုပစ်ထားပြီး ကျောင်းသူနှင့်ညားသူ၊ လုပ်ဖော်ကိုင်ဖက်ကျောင်းဆရာမအပျိုနှင့်ညားသူတွေက တစ်အုပ်စုဆိုပြီး အုပ်စုသုံးစုကွဲနေသည်။ ကျောက်စာတိုင်ဖွင့်ပွဲပြုလုပ်ရန်ယာယီပြုလုပ်ထားသည့် မဏ္ဍပ်ထဲမှာ သူ့အုပ်စုနှင့်သူ ထိုင်နေကြသည်။

ကျောက်စာတိုင်၏ ဘုရားဘက်ကို လှည့်ထားသည့်မျက်နှာပြင်မှာ ဆရာကြီးဦးထွန်းငွေ၏ ကိုယ်ရေးအထုပ္ပတ္တိအကျဉ်းကို ရေးထိုးထားသည်။ အောက်ဆုံးမှာတော့ ဆရာကြီး၏ကျေးဇူးကိုသိတတ်သည့် တပည့်ဟောင်းများက ဆရာကြီးကိုကျေးဇူးဆပ်သည့်အနေဖြင့် ဤကျောက်စာတိုင်ကို စိုက်ထူပါသည်ဟု ရေးထိုးထားသည်။

ကျောက်စာတိုင်ဖွင့်ပွဲမှာ အခမ်းအနားအစီအစဉ်အရ ဆရာကြီး၏တပည့်ဟောင်းတွေထဲက အလယ်တန်းပြကျောင်းဆရာဖြစ်နေသူတစ်ယောက်က အဖွင့်အမှာစကားပြောသည်။ ဆရာကြီး၏ ကျေးဇူးတရားတွေကို အကျယ်တဝင့်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး၏ကျေးဇူးကို အားရအောင်မဆပ်လိုက်ရလို့ ဝမ်းနည်းကြောင်း ငိုသံပါကြီးဖြင့်ပြောရာ တက်ရောက်လာကြသည့် ပရိသတ်တွေပါ မျက်ရည်လည်လာကြသည်။

"ကျွန်တော်တို့ဟာ ဆရာကြီးကျွေးခဲ့တဲ့ ထမင်းကိုစားနေကြတာပါ။ ဆရာကြီးကို ကျေးဇူးမတုန့်ပြန်နိုင်ခင်မှာ ဆရာကြီးကွယ်လွန်သွားခဲ့အတွက် ယူကြုံးမရဖြစ်ရပါတယ်၊ ဆရာကြီးသာ အသက်ထင်ရှားရှိနေမယ်ဆိုလျှင် ဆရာကြီးရဲ့ ကျေးဇူးတွေကို အားရအောင်ဆပ်ချင်ပါတယ်၊ ဆရာကြီးအပေါ်မှာ တာဝန်မကျေလိုက်တဲ့ ကျွန်တော်တို့တပည့်တွေကို ဆရာကြီးရောက်ရှိနေရာ ဘုံဘဝမှ ခွင့်လွှတ်ပါလို့ ကျွန်တော် ရှိခိုးတောင်းပန်ပါတယ်၊ ဟင့် ဟင့် ရွှတ် ဖတ်"

ဟင့် ဟင့် ဆိုတာက ရှိုက်ငိုတာဖြစ်သည်။ ရွှတ်ဆိုတာ ကနှပ်ညှစ်တာဖြစ်သည်။ ဖတ်ဆိုတာကညှစ်ထားသည့် လက်ထဲက နှပ်ကို လွှင့်ပစ်လိုက်သည့်အသံဖြစ်သည်။ အဲဒီအချိန်မှာပဲ ပရိသတ်ထဲက အော်ငိုသံကြီးထွက်ပေါ်လာသည်။

"ကိုထွန်းငွေရေ . . . ရှင့်ကျေးဇူးနဲ့ ချမ်းသာချောင်လည်နေကြတဲ့ ရှင့်တပည့်တွေက ရှင့်အတွက်လေထဲမှာကျောက်တိုင်ကြီး စိုက်လိုက်ကြပြီ၊ ကျွန်မကတော့ အိမ်နှင့်ခြံကိုရောင်းပြီး ဘိုးဘွားရိပ်သာကို သွားရတော့မယ်တော့ ဟော့ ဟော့ ဟီး ဟီး"





ကျောက်စာတိုင်ဖွင့်ပွဲ ပရိသတ်ထဲမှာရောက်ရှိနေသည့် ဆရာကြီးကတော် အဖွားအိုအော်ငိုလိုက်သည့်အသံဖြစ်သည်။ တက်ရောက်လာကြသည့် ပရိသတ်တွေအားလုံးကပင် ကျောက်စာတိုင်ကို လှမ်းကြည့်လိုက်ကြသည်။ ဆရာကြီးကတော်ပြောသည့် လေထဲမှာစိုက်ထားသည့် ကျောက်တိုင်ဆိုသည့်စကားကို စဉ်းစားနေကြလေသည်။

ကလျာ

၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ။



www.burmeseclassic.com

www.burmeseclassic.com

# လောကီစျာန်နှင့်မထိုက်သည့်စရိုက်များ

ကျွန်တော်သည် ခုတလောမှာ စာကြီးပေကြီးတွေကို ဖတ်နေသည်။ စာကြီးပေကြီးဆိုတာ ပိဋကတ်တော်မြန်မာပြန်တွေကို ဖတ်နေတာဖြစ်သည်။ စာကြီးပေကြီးတွေကို ဖတ်နေတာ အကြောင်းရှိသည်။ ကျွန်တော်သည် စာမဖတ်ဘဲ စာရေးနေသူဖြစ်တယ်လို့ပြောကြသူတွေ ပါးစပ်ပိတ်ပြီး ငြိမ်သွားအောင်နှင့် သူတို့ အထင်ကြီးလေးစားလာအောင် ရည်ရွယ်သည်။

ရေ၏အတိမ်အနက်ကိုသိချင်လျှင် ကြာရိုး၊ ကြာစွယ်ကို ကြည့်လို့သိနိုင်သည်။ မြေဆီမြေဩဇာကောင်း၊ မကောင်း သိနိုင်ရန်ပေါက်နေသည့် မြက်ပင်တွေကိုကြည့်ပြီးသိနိုင်သည်။ အမျိုးဇာတိယုတ်သည်၊ မြတ်သည်ကိုသိနိုင်ရန်၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာကိုကြည့်၍ သိနိုင်သည်။ ပညာရှိပညာမဲ့ဆိုတာကိုသိနိုင်ရန် ထိုသူ၏နှုတ်ထွက်၊ စကားထွက်ကို နားထောင်၍ သိနိုင်သည်။



စာရေးဆရာတစ်ယောက် စာဖတ်၊ မဖတ်ဆိုတာကို သိနိုင်ရန် ထိုဆရာရေးသည့်စာကို ဖတ်ကြည့်ပြီးသိနိုင်သည်။

စာရေးဆရာတွေထဲမှာ စာထဲကစာတွေကိုဖတ်ပြီး ရေးနေသူတွေရှိသည်။ ယခုခေတ်မှာ အင်တာနက်ထဲကစာတွေကိုဖတ်ပြီး ရေးနေသူတွေရှိသည်။

မိမိနှင့်မိမိ၏ ပတ်ဝန်းကျင်က ဘဝတွေကိုကြည့်မြင်ပြီး ဘဝထဲက အကြောင်းအရာတွေကိုသိမြင်ပြီး စာရေးနေသူတွေရှိသည်။

ကျွန်တော့်ကို စာမဖတ်ဘဲ စာရေးနေသူလို့ ထင်ထားသူတွေထဲမှာ ဆရာအောင်သင်းနှင့်ဆရာဒေါက်တာခင်မောင်ညိုပါသည်။ ဆရာအောင်သင်းကဆိုလျှင် ကျွန်တော့်ကို ပေါ်တင်ကြီး မေးဖူးသည်။

"ဘိုစိုး မောင်ရင် စာဖတ်သလား"

"ဖတ်ပါတယ် ဆရာ"

"ဘာစာတွေဖတ်သလဲ"

"သမိန်ပေါသွပ်၊ တွတ်ပီ၊ အရိုင်း၊ ရုပ်ပြောင်ဂျာနယ်၊ မင်္ဂလာဇင်း အစုံဖတ်ပါတယ်"

"အင်္ဂုတ္တိုရ် ပါဠိတော်မြန်မာပြန်ကို ဖတ်စမ်းကွာ"

ပျင်းစရာကောင်းလိုက်တာဟု တွေးမိသည်။ ဆရာအောင်သင်းသည် ကျွန်တော့်ဆရာဖြစ်ခဲ့ဖူးသည်။ တက္ကသိုလ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်နေတုန်းက ကျွန်တော်က မြန်မာစာကျောင်းသား ဖြစ်သည်။ ဆရာအောင်သင်းက မြန်မာစာကထိက၊ ဌာနမှူး ဖြစ်သည်။ အားနာတာနဲ့ ဖတ်ပါ့မယ်လို့ပြောလိုက်သည်။

"ဟုတ်"

၃၈-လမ်း ဈေးအနီးက ပလက်ဖောင်းပေါ်မှာ ဆရာ ဒေါက်တာခင်မောင်ညို၊ ဆရာကောင်းသန့်နှင့် အသားဖြူဖြူရုပ် ဖြောင့်ဖြောင့် အမျိုးသားတစ်ယောက်တို့ လက်ဖက်ရည် ထိုင် သောက်နေကြသည်။ ဆရာခင်မောင်ညိုနှင့် ဆရာကောင်းသန့် တို့ကို တွေ့လို့သူတို့ဝိုင်းမှာ ဝင်ထိုင်လိုက်သည်။ ဆရာခင်မောင် ညိုက အသားဖြူဖြူရုပ်ဖြောင့်ဖြောင့်ဆရာနှင့် မိတ်ဆက်ပေး သည်။

"အဏ္ဏဝါကြီး ဒါ ဆရာမိုး ဖောလိုးမီး"

ကျွန်တော်က ဆရာမိုးကိုကြားသာကြားဖူးသော်လည်း မတွေ့ဖူးလို့ မမြင်ဖူးဖြစ်နေသည်။ ဆရာမိုးကတော့ ကျွန်တော့် ကိုသိသည်ဟုပြောသည်။ ဆရာမိုးသည် နိုင်ငံခြားကပြန်ရောက်စ ဆိုလားမသိ၊ အသားတွေဖွေးဖြူနေသည်။ ဆရာခင်မောင်ညိုက ကျွန်တော့်ပခုံးကို ပုတ်ပြီးဆရာမိုးကိုပြောပြသည်။

"ကိုယ့်လူက စာရေးကောင်းဗျ၊ စာမဖတ်တာကခက် နေတယ်"





ဆရာခင်မောင်ညိုက သူ့ဝါသနာအတိုင်းပြောပြီး ရယ် သည်။ ကျွန်တော်ကလည်း သဘောတူလို့ပြုံးနေလိုက်သည်။

ဆရာအောင်သင်းနှင့် ဆရာခင်မောင်ညိုသည် ကျွန်တော်စာမဖတ်တာကို ဘာကြောင့်သိနေကြတာလဲ၊ ဆရာ ကြီးနှစ်ယောက်နှင့် ကျွန်တော်သည် ငယ်သူငယ်ချင်းလည်း မဟုတ်၊ အိမ်နီးချင်းလည်းမဟုတ်၊ အနေဝေး၍ အတွေ့နည်း ပါလျက် ဆရာတွေသည် ကျွန်တော်စာမဖတ်တာကို သိနေကြ သည်။ စာရေးဆရာတစ်ယောက် စာဖတ်တယ်၊ မဖတ်ဘူးဆို တာကို သူရေးတဲ့စာတွေကို ဖတ်ကြည့်ပြီးသိနေကြတာဖြစ်မည်။ ကျွန်တော်သည် စာအုပ်တွေထဲကစာတွေကိုမရေးဘဲ ဘဝထဲက စာတွေကိုရေးနေခြင်းဖြစ်သည်။ ဒါကြောင့် သူတို့သိနေကြတာ ဖြစ်မည်။

အခုတော့ ဆရာတွေက စာဖတ်စေချင်လို့ ကျွန်တော် စာတွေဖတ်သည်။ ဖတ်တာမှ ဆရာအောင်သင်းက ဖတ်စေချင် သည့် အင်္ဂလိပ်တို့၏ ပါဠိတော်မြန်မာပြန်အပြင် ဓမ္မပဒ၊ ငါးရာ့ငါး ဆယ်၊ သံဝေဂဝတ္ထုဒီပနီတွေကို ဖတ်သည်။

ပိဋကစာတွေထဲမှာ မကြာခဏတွေ့ရသည့် ဈာန် အကြောင်းကို စိတ်ဝင်စားလာသည်။ ဈာန်ဝင်စားသည်။ ဈာန်မှ ထသည်။ ဈာန်ဖြင့်ကြွသွားသည်။ ဈာန်၏အစွမ်းသတ္တိဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မြေလျှိုး မိုးပျံသည်ဆိုသည့်စကားတွေကို စာအုပ်ထဲမှာတွေ့တွေ့နေရသည်။ ဈာန်ဆိုတာဘာလဲ သိချင်လာသည်။ ဈာန်နှင့်ပတ်သက်သည့် အနက်အဓိပ္ပာယ်တွေကို စာအုပ်တွေမှာ ရှာသည်။

ဈာန်ဆိုသည်မှာ အာရုံကိုကြံတတ်၊ ကပ်၍ရှုတတ်သောကြောင့်လည်းကောင်း၊ ကုသိုလ်တရားတို့ကို ပိတ်ပင်တတ်သော နိဝရဏတရားတို့ကို ပယ်ဖျက်တတ်သောကြောင့်လည်းကောင်း ဈာန်ဟုခေါ်သည်ဟု ရေးထားတာတွေ့သည်။

ဈာန်သည် ရူပဈာန်နှင့်အရူပဈာန်ဟူ၍ ဈာန်အပြားနှစ်ပါးရှိသည်ဟုဆိုသည်။ မြေလျှိုးမိုးပျံနိုင်သော အစွမ်းသတ္တိနှင့် အာရုံတစ်ခုကို စူးစိုက်ရှုတတ်သော တရားတို့ဖြစ်သည်ဟုလည်း တွေ့ရပြန်သည်။

ဈာန်သည် ဈာနဆိုသော ပါဠိကလာသည်။ အာရုံကို ကပ်၍ရှုခြင်း၊ မြေကသိုဏ်း၊ ရေကသိုဏ်း၊ မီးကသိုဏ်း၊ စသော အာရုံတွေကို ကပ်၍ရှုခြင်း၊ ဝိပဿနာ၏အခြေဖြစ်ခြင်းဟုလည်း တွေ့ရပြန်သည်။ ဈာန်သည် ပထမဈာန်မှ ပဉ္စမဈာန်အထိ အဆင့်ဆင့်ရှိပြန်သဖြင့် ဈာန်သဘောတွေ ရှုပ်ထွေးလာသည်။

ကျွန်တော်စိတ်ဝင်စားတာ နိဝရဏတရားတွေကို ပယ်သတ်နိုင်သည့် လောကုတ္တရာဈာန်မဟုတ်၊ မြေလျှိုးမိုးပျံနိုင်သည့်





လောကီဈာန်ကို လိုချင်သည့်အတွက် ကသိုဏ်းအဆင့်လောက်ကိုသာ စိတ်ဝင်စားသည်။ ကသိုဏ်းပဲဖြစ်ဖြစ်၊ တရုတ်သိုင်းပဲဖြစ်ဖြစ်၊ လေထဲမှာပျံလို့ရအောင် လေ့ကျင့်ချင်သည်။ လေထဲမှာဖြစ်စေ၊ မိုးပေါ်မှာဖြစ်စေ ပျံတက်လှုပ်ရှားသွားလာလို့ ရပြီဆိုလျှင်တော်ပြီ၊ ယခုလို လောင်စာဆီ ဈေးကြီးလို့ သယ်ယူပို့ဆောင်ရေး စရိတ်စကတွေ ခေါင်ခိုက်နေစဉ်မှာ ဈာန်ရအောင် လေ့ကျင့်လို့ရလျှင် လေ့ကျင့်ချင်သည်။ ရုပ်မြင်သံကြား ဖန်သားပြင်မှာ နေ့စဉ်မြင်တွေ့နေရသည့် တရုတ်သိုင်းကားတွေမှာတော့ မိန်းမတောင် မိုးပေါ်ပျံတက်နိုင်ကြတာ တွေ့ရသည်။ ကျွန်တော်ရော ဘာကြောင့်မဖြစ်နိုင်ရမည်နည်း။ လေ့ကျင့်လျှင် သူတို့လို ဖြစ်နိုင်သည်။

ပြောမည်သာပြောတာပါ၊ ကျွန်တော်သာ တကယ်ဈာန်ရလို့ မိုးပေါ်ပျံတက်နိုင်လျှင် လုပ်ချင်တာတွေများလွန်းလို့ ကျွန်တော့်စရိုက်နှင့် ကိုက်ပါ့မလားလို့တွေးမိသည်။ အဲဒီလို တန်ခိုးသတ္တိမျိုးကိုသာရမည်ဆိုလျှင် ကျွန်တော်သည်ထင်ရာတွေ စွတ်လုပ်မိမည်ဖြစ်သည်။ ကောင်းတာတွေရော၊ မကောင်းတာတွေရော ပါလာမည်။

ရွှေတိဂုံဘုရား၏ စိန်ဖူးတော်ကိုအနီးကပ်ဖူးမည်။ ကန်ထရိုက်တိုက်ခန်း၏ အပေါ်ဆုံးထပ်ကအိပ်ခန်းတွေကို ပြတင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါက်နားအထိကပ်သွားပြီးကြည့်မည်။ အိမ်နီးချင်းနိုင်ငံတွေကို ဗီဇာမပါဘဲ ဝင်ထွက်လုပ်မည်။ မျက်စိနောက်လို့ကြည့်မရသူ၏ ခေါင်းပေါ် ကဖြတ်ပျံပြီး အညစ်အကြေးစွန့်ချတာမျိုးအထိ လုပ်နိုင်သည်။ ကြားဖူးသည့်ဇာတ်လမ်းတစ်ခုကို သတိရလာသည်။

ရှေးသရောအခါ ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး စိုးစံအုပ်ချုပ် မင်းလုပ်တော်မူသည်။ ဗာရာဏသီပြည်က သူဌေးသား၊ သူကြွယ်သားသမီးတွေဖြစ်ကြသည့် သိဒ္ဓိဗလ သတိုးသား၊ ပညာနန္ဒသတိုးသားနှင့် သုဝဏ္ဏရူပါသူဌေးသမီးတို့ တက္ကသိုလ်ပြည်က ဒိသာပါမောက္ခဆရာကြီးထံမှာ ပညာသင်ကြသည်။

ပညာနန္ဒသတိုးသားသည် ပညာပါရမီရှင်ဖြစ်သည့်အားလျော်စွာ ပညာအရာမှာထူးချွန်စွာအောင်မြင်ပြီး တက္ကသိုလ်က ဘွဲ့ရခဲ့သည်။ သိဒ္ဓိဗလသတိုးသားမှုကား သာမန်အဆင့်ဖြင့်သာအောင်မြင်ပြီး ကျောင်းပြီးခဲ့သူဖြစ်သည်။ သိဒ္ဓိဗလသတိုးသားသည် ပိုက်ဆံချမ်းသာလျှင် ပညာတတ်ရန်မလိုဟု ယုံကြည်ခံယူထားသူဖြစ်သည်။ ယုံကြည်ချက်ကို ဖွင့်ပြောသည်။

"တန်ခိုး ပါဝါ အာဏာရှိပြီး ပိုက်ဆံချမ်းသာဖို့ အရေးကြီးတယ်၊ ပညာတတ်ဖို့ အရေးမကြီး"

"ပညာတတ်သူသာလျှင် အမှားနှင့်အမှန်ကို ဝေဖန်ပိုင်းခြားပြီး ဆင်ခြင်တုံတရားဖြင့် အရာရာကိုအဆုံးအဖြတ်ပေးနိုင်တယ်မဟုတ်လား အဆွေတော်"





"ပညာတတ်သူဟာ ပိုက်ဆံချမ်းသာသူနှင့် အာဏာရှိသူရဲ့ အခိုင်းအစေသာဖြစ်တယ်"

"ချမ်းသာသူနှင့်အာဏာရှိသူက ပညာရှိသူကို ချီးမြှင့်မြောက်စားတာမဟုတ်ဘူးလား"

"ဘာပဲဖြစ်ဖြစ်၊ ချမ်းသာသူနှင့် အာဏာရှိသူခိုင်းစေတာကို ပညာရှိသူက အခကြေးငွေယူပြီး လုပ်ပေးရတာပါပဲ"

"အခကြေးငွေယူတာဟာ ပညာတန်ဖိုးကိုယူတာဖြစ်တယ်၊ အခကြေးငွေ ဘယ်လောက်ပဲပေးပေး၊ ပညာရှိဟာ မဟုတ်တာ၊ မမှန်တာကို မလုပ်ဘူး"

"ကျုပ်ကတော့ ပိုက်ဆံချမ်းသာဖို့၊ တန်ခိုး ပါဝါရှိဖို့ကိုသာ လိုလားတယ်"

ကျောင်းနေဖက် သူငယ်ချင်းနှစ်ယောက်တို့သည် သဘောချင်းမတိုက်ဆိုင်ဖြစ်နေကြသည်။ နှစ်ယောက်လုံးကပင် ကျောင်းနေဖက်သူငယ်ချင်း အပျိုမ သုဝဏ္ဏရူပါကို မေတ္တာသက်ဝင် ချစ်ခင်စုံမက်နေကြသည်။ လက်ထပ်ခွင့်တောင်းဆိုနေကြသည်။ သူဌေးသမီးသုဝဏ္ဏရူပါသည် နာမည်နှင့်လိုက်အောင် ရွှေအဆင်းကဲ့သို့ဝင်းဝါပြီး ချောမောလှပသူဖြစ်သည်။ လက်ထပ်ခွင့်တောင်းဆိုနေကြသည့် သတိုးသားနှစ်ယောက်အနက် ဘယ်သူ့ကို ရွေးရမှန်းမသိဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပညာနန္ဒသတိုးသားက ပညာကိုတန်ဖိုးထားသူဖြစ်သည်။ မင်းမှုထမ်းဝင်လုပ်သည်။ အသက်ကြီးပြီဖြစ်သည့် သက်တော်ရှည်ဝန်ကြီး၏ကိုယ်ရေးအရာရှိအမတ်အဖြစ် အတွင်းတော်မှာ ဝင်ရောက်ခစားရသည်။ သက်တော်ရှည်အမတ်ကြီး ကွယ်လွန်လျှင် သက်တော်ရှည်ဝန်ကြီးဖြစ်ရန် အလားရှိသူဖြစ်သည်။ ဘာပဲဖြစ်ဖြစ်၊ သိဒ္ဓိဗလပြောသလို အာဏာရှိသူ၏ လခစား ဖြစ်သွားလေသည်။

သိန္ဒိဗလကမူ ပညာအရာမှာသာမန်အဆင့်သာရှိသူဖြစ်သည့်အပြင် မင်းမှုထမ်းအလုပ်ကို ဝါသနာမပါသည့်အတွက် ချမ်းသာအောင်သာကြိုးစားသည်။ မိဘလက်ငုတ် အရောင်းအဝယ်အလုပ်ကို ဆက်လုပ်သည်။ တန်ခိုးပါဝါတစ်ခုခုရနိုင်အောင် ကြိုးစားသည်။ လောကီချာန်ကိုရပြီး မြေလျှိုးမိုးပျံနိုင်သည့် တန်ခိုးသတ္တိရှိနိုင်သည့်အရာကိုရှာသည်။ ဒါမှ ပညာနန္ဒထက်သာပြီး သုဝဏ္ဏရူပါ၏ မေတ္တာကို ရနိုင်မည်ဟုယုံကြည်ထားသည်။ ဒီအခြေအနေမှာ သတင်းစကားတစ်ခုကို ကြားရသည်။

"မြေလျှိုးမိုးပျံနိုင်သည့် အစွမ်းသတ္တိရှိတဲ့ ပြဒါးရှင်လုံးရောင်းရန်ရှိသည်"

"ဘယ်၊ ဘယ်၊ ဘယ်မှာရမလဲ၊ ဝယ်မယ်၊ ဘယ်လောက်ပဲ ပေးရ ပေးရ၊ ဝယ်မယ်"





"ကျွန်ုပ်နှင့် လိုက်ခဲ့ပါ"

ဆောင်သိဒ္ဓိပြဒါးရှင်လုံး အရောင်းအဝယ်ပွဲစားခေါ်ဆောင်ရာသို့ လိုက်ပါသွားသည်။ မြို့တော်၏အပြင်ဘက်က တောင်ခြေတောစပ်မှာရှိသည့် ကျောက်ဂူကြီးတစ်ခုမှာဖိုထိုးနေသည့် အဂ္ဂိယဆရာကြီးတစ်ဦးထံခေါ်သွားခြင်းခံရသည်။ ဆရာကြီးသည် မဖီးမသင်ဘဲထားသည့် ဆံပင်ဖြူဖြူရှည်ရှည်ကြီးကို ဖားလျားချထားသည်။ မုတ်ဆိတ်မွေးဖြူဖြူရှည်ရှည်ကို ပွတ်သပ်ရင်း ခြေကလိမ်ချိတ်ထိုင်နေသည်။

"ဆရာကြီး ပြဒါးရှင်လုံးဝယ်နိုင်သူကို ခေါ်လာပါပြီ"

"ဘယ်သူဝယ်နိုင်သလဲ"

"ကျွန်တော်ဝယ်နိုင်ပါတယ်"

"ငွေသားနဲ့မရောင်းပါ၊ ရွှေစင် ရွှေသားနဲ့သာ ရောင်းမယ်"

"မြေလျှိုးပြီးမိုးပေါ်ပျံနိုင်သည့် ပြဒါးရှင်လုံးကိုသာရမည်ဆိုပါလျှင်၊ ရွှေစင်ရွှေသား တောင်းသလောက်ကို ပေးပြီးဝယ်ပါမည်"

"ကျွန်ုပ်တောင်းသလောက် ရွှေစင်ရွှေသားကိုပေးနိုင်သူ သင်ဘယ်သူလဲ"

"ဗာရာဏသီမြို့က အချမ်းသာဆုံး သူကြွယ်သား သိဒ္ဓိဗလဆိုတာ ကျွန်တော်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အော်. . . ကုဋေကြွယ် သူဌေးသားပေကိုး၊ သင့်ရဲ့ ကိုယ်အလေးချိန်နှင့်ညီမျှတဲ့ ရွှေစင်ရွှေသားချိန်ပေးမှ ရောင်းမယ်"

"ကျွန်တော့်ရဲ့ ကိုယ်အလေးချိန်ဟုတ်လား၊ ဘာကြောင့် ဒါလောက်တောင်ဈေးကြီးပါသလဲ၊ တကယ်ရောစွမ်းသလားသိလိုပါတယ်"

"ကျွန်ုပ်အသက် သုံးဆယ်အရွယ်ကစပြီး ပြဒါးကိုမသတ်ဘဲ အရှင်လုံးလို့ရအောင် ကြိုးစားခဲ့တာနှစ်ပေါင်း ခြောက်ဆယ်ကြာမှ အောင်မြင်တယ်၊ အခု ကျွန်ုပ် အသက်ကိုးဆယ်ပြည့်ခဲ့ပြီ။ ပြဒါးရှင်လုံးဟာ ကျွန်ုပ်အတွက် မလိုအပ်တော့ဘူး။ ဒီ ပြဒါးရှင်လုံးကို ရောင်းပြီး သာသနာပြုအလုပ်တွေလုပ်မယ်။ ကျုပ်ရဲ့ ပြဒါးရှင်လုံး စွမ်းသလား မစွမ်းလားဆိုတာဟောဒီမှာကြည့်"

မုတ်ဆိတ်ဖြူ အင်္ဂယာဆရာကြီးသည် ကြယ်သီးမတပ်ဘဲဝတ်ထားသည့် တိုက်ပုံအင်္ကျီ၏အတွင်းအိတ်ထဲက တစ်စုံတစ်ခုကိုနှိုက်ယူပြီး ပါးစပ်ထဲထည့်ငုံလိုက်သည်။ ထိုင်နေလျက်မှ ကျောက်ဂူကြီး၏အပြင်ကို လက်ညှိုးထိုးလိုက်ရာ ထိုင်လျက်သားကြွတက်ပြီး ကျောက်ဂူအပြင်ကို ဈာန်ဖြင့် ကြွသွားလေတော့သည်။





ကျောက်ဂူအပြင်ကို ရောက်သောအခါ မိုးပေါ်ကိုလက်ညှိုးထိုးလိုက်ရာ ထိုင်လျက်အပေါ်ကို တက်သွားလေတော့သည်။ ကောင်းကင်မှာ တစ်ပတ်ဝဲပြီး ပြန်ဆင်းလာသည်။ ထိုင်လျက်အနေအထားဖြင့်ပင် ကျောက်ဂူထဲဝင်လာပြီး သူမူလထိုင်နေခဲ့သည့် နေရာမှာပင်ပြန်ထိုင်သည်။ ပါးစပ်ထဲကပြဒါးရှင်လုံးကိုထွေးထုတ်ယူလိုက်ပြီး တိုက်ပုံအင်္ကျီအတွင်းအိတ်ထဲကို ပြန်ထည့်သိမ်းလိုက်သည်။

"ကဲ ဘယ်နှယ့်လဲ"

"ယုံပါပြီ ဆရာကြီး၊ ရွှေစင်ကိုယ်လေး ပေးဝယ်ပါ့မယ်ခင်ဗျာ"

"ကောင်းပြီ၊ ကျုပ်ကတော့ ရော့ပတ္တမြား၊ ရော့နဂါးစနစ်ပဲကြိုက်တယ်"

"စိတ်ချပါ ဆရာကြီး"

အဲဒီလိုဖြင့် သိဒ္ဓိဗလသတိုးသားသည် မြေလျှိုးမိုးပျံနိုင်သည့် ပြဒါးရှင်လုံးကို ပိုင်ဆိုင်သွားလေသည်။ ဗာရာဏသီမြို့ပေါ်မှာ မျက်စိနောက်စရာ ပျံသန်းသွားလာနေတာကို မြို့သူမြို့သားတွေမြင်တွေ့နေကြရသည်။ သိဒ္ဓိဗလ၏အစွမ်းသတ္တိတွေအကြောင်းကို သုဝဏ္ဏရူပါသတိုးသမီးတောင် ကြားသိသွားပြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သိဒ္ဓိဗလသည် ပြဒါးရှင်လုံး ထိုပါးစပ်ထဲမှာငုံပြီး မိုးပေါ်မှာချည်းပျံနေတော့သည်။ ဗာရာဏသီမြို့ရဲ့အမြင့်ဆုံး တိုက်တွေရဲ့အပေါ်ဆုံးထပ်က ပြတင်းပေါက်တွေအားလုံးကို သွားချောင်းကြည့်ပြီးဖြစ်သည်။ ဗြဟ္မဒတ်မင်း၏ မိဖုယားငယ်တွေနေသည့် ခုနှစ်ဆောင်ဘုံဆောင်အဆင့်တွေက လေသာပြတင်းတွေကိုတောင် ရောက်ပြီးပြီဟုသိရသည်။

တစ်နေ့မှာတော့ ထုံးစံအတိုင်း ကောင်းကင်မှာ လျှောက်သွားနေစဉ် ကောင်းကင်ခရီးမှ ဈာန်ဖြင့်ကြွလာသော ရသေ့တစ်ပါးကိုတွေ့သည်။ ရသေ့ကို လက်အုပ်ချီပြီး မေးလျှောက်သည်။

"ကျွန်းခန့်သာလို့ မာပါစဘုရား"

"မာပါတယ်ဒကာ၊ အဘယ်ဈာန်တရားကို ပွားများအားထုတ်လို့ လောကီဈာန်ကိုရပါသလဲ"

"လောကီဈာန်မဟုတ်ပါဘုရား၊ ပြဒါးရှင်လုံး၏အစွမ်းဖြင့် ပျံသန်းနေတာပါဘုရား"

"အော် . . . ပြဒါးရှင်လုံးဆိုတဲ့ အဆောင်တန်ခိုးကြောင့် မိုးပေါ်ပျံသန်းနိုင်တာကိုး၊ အဲဒါဆိုလျှင် သတိထားပါ ဒကာ၊ သိဒ္ဓိတန်ခိုးတွေထဲမှာ ဆောင်သိဒ္ဓိ နှင့် အောင်သိဒ္ဓိ ဆိုတာရှိတယ်၊ ဆောင်သိဒ္ဓိဟာမမြဲဘူး၊ စိတ်မချရဘူး၊ အဆောင်မရှိ





တော့တဲ့အခါ တန်ခိုးသတ္တိမရှိတော့လို့ အစွမ်းမပြနိုင်တော့ဘူး၊ အောင်သိဒ္ဓိကသာလျှင်မြဲတယ်၊ စိတ်ချရတယ်၊ ယခုကျုပ်ရထားတဲ့ လောကီဈာန်သည်ပင်လျှင် ကိလေသာတဏှာကို ပယ်သတ်ပြီးသော အောင်သိဒ္ဓိမဟုတ်သေးသည့်အတွက် သတိကြီးစွာထားပြီး သတိ၊ သမာဓိတရား ပွားများနေရတယ်၊ သတိတစ်ချက်ပျက်တာနဲ့ ဈာန်အင်္ဂါ ပျက်စီးသွားနိုင်တယ်တကာ"

"ဒါဆိုလျှင်တော့ ရှင်ရသေ့လည်း သတိထားပါဘုရား၊ နန်းတော်အပေါ်က ဖြတ်မကြွနဲ့ဘုရား၊ မိဖုရားငယ်တွေ အနေအထိုင် အရမ်းပက်စက်တယ်ဘုရား၊ ဘုံခုနှစ်ဆင့်အမြင့်မှာ လေသာပြတင်းကိုဖွင့်ပြီး ကိုယ်လုံးတီးနီးပါးဝတ်လက်စလစ်နှင့် လေညှင်းခံနေတတ်ကြတယ်ဘုရား၊ အမြင်မတော်တာတွေမြင်ပြီး အရှင်ဘုရားရဲ့ဈာန်အင်္ဂါ ပျက်မှာစိုးလို့ပါဘုရား"

"သာဓု သာဓု သာဓု ကျေးဇူးတင်ပါတယ် ဒကာ"

"ဒါထက် စကားမစပ်၊ ဆွမ်းကိစ္စပြီးခဲ့ပါပြီလားဘုရား၊ မွန်းတိမ်းလုပြီ ဘုရား"

"ဆွမ်းဘုဉ်းပေးပြီးခဲ့ပါပြီဒကာ၊ သက်တော်ရှည်ဝန်ကြီးရဲ့ အပါးတော်မြဲ ပညာနန္ဒအမတ်နှင့် သုဝဏ္ဏရူပါသူဌေးသမီးတို့ရဲ့ မင်္ဂလာပွဲက ပင့်ဖိတ်လို့ မင်္ဂလာဆွမ်းဘုဉ်းပေးပြီး ပြန်ကြွလာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . ."

ပြဒါးရှင်လုံးတန်ခိုးဖြင့် မြေလျှိုးမိုးပျံနိုင်သည့် တန်ခိုးရှင် သိဒ္ဓိဗလသည် ဟာ. . . လို့ အော်လိုက်သည်နှင့်တပြိုင်နက် ပါးစပ်ထဲက ငုံထားသည့်ပြဒါးရှင်လုံး ထွက်ကျသွားပြီးအကောင် လိုက်ပြုတ်ကျသွားလေတော့သည်။

မိမိကအသက်တမျှချစ်ကြိုက်နေရသည့် သုဝဏ္ဏရူပါနှင့် မိမိ၏ပြိုင်ဘက် ပညာနန္ဒတို့ လက်ထပ်လိုက်ကြပြီဆိုသည့် သတင်းကို ကြားသိလိုက်ရသည့်အတွက် သတိလက်လွတ်ဖြစ်သွားသည်။ ဟာ. . . ကနဲ လန့်အော်လိုက်မိသည့်အတွက် ပြဒါးရှင်လုံး ပါးစပ်ထဲကထွက်ကျသွားပြီး ဈာန်လျှောကာ သေပွဲဝင်ရခြင်းဖြစ်သည်။

ရှင်ရသေ့က ခရီးဆက်ကြွရင်း စဉ်းစားမိသည်။ အဆောင်တန်ခိုးဖြင့် မိုးပျံနေတဲ့အကောင်၊ အဆောင်မရှိတော့ သေရောပေါ့ဟုတွေးမိသည်။ မိမိကိုလည်းနန်းတော်အပေါ်က ဖြုတ်မကြွနဲ့လို့မှာသွားသေးသည်။ မိဖုရားငယ်တွေ အနေအထိုင် ပက်စက်လို့ မဖွယ်မရာတွေမြင်တွေ့ပြီး ဈာန်လျှောနိုင်သည်ဟု သိပေးစကားပြောသွားခဲ့သည်။

ဒီတော့မှ ရှင်ရသေ့သည် နန်းတော်အပေါ်က ဖြတ်ကြွချင်စိတ်ဖြစ်ပေါ်လာသည်။ သူပြောတာ ဟုတ်သလား သိချင်လာ





သည်။ ကောင်းကင်ယံဈာန်ခရီးကို နန်းတော်ဆောင်ဘက်ကို လှည့်လိုက်သည်။ ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးတို့၏ အဆောင်တွေကို ကွင်းရှောင်ပြီး ဘုံဆောင်နန်းမြင့်ခုနစ်ဆင့်၏ လေသာပြတင်းတစ်ခုကို စောင်းငဲ့ကြည့်လိုက်သည်။

နန်းဆောင်၏ သလွန်ညောင်စောင်းပေါ်မှာလဲလျောင်းနေသည့် မိဖုရားငယ်တစ်ပါးကို မြင်လိုက်သည်နှင့် ရှင်ရသေ့သည် အသည်းထဲကအေးကနဲဖြစ်ပြီး ပြုတ်ကျသွားတော့သည်။ တော်သေးသည် သတိရှိသူဖြစ်လို့ ဈာန်ကို ပြန်လည်ဆင်ခြင်လိုက်ရာ မြေပေါ်ကိုမကျမီ အရှိန်ကိုထိန်းလိုက်နိုင်သည်။ မြေပေါ်ကို ဖြေးဖြေးကျသွားသည်။ ကျောင်းသင်္ချိုင်းကို ရောက်ရန် ၅ မိုင်လောက်ကျန်သေးသည့် ခရီးကို ခြေလျင်လျှောက်ကြွသွားရလေတော့သည်။

ဒီပုံဝတ္ထုကိုသတိရပြီး ကျွန်တော်စဉ်းစားသည်။ လောကီဈာန်သည် ကျွန်တော့်စရိုက်နှင့် လုံးဝမကိုက်သောအရာဖြစ်သည်။ သိဒ္ဓိဗလနှင့် ရှင်ရသေ့တို့တောင် ဒီလိုဖြစ်တယ်ဆိုလျှင် ကျွန်တော်သာဆိုပါက အတုံးလိုက်ပြုတ်ကျပြီး အရိုးတခြားအသားတခြားဖြစ်နိုင်သည်။ မဟုတ်တဲ့နေရာတွေနှင့် တားမြစ်နယ်မြေတွေထဲဝင်ရောက် ပျံသန်းလို့ရဟတ်ယာဉ်ဖြင့်လိုက်ဖမ်းတာခံရနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

လောကမှာလူပုဂ္ဂိုလ်တစ်ချို့သည် တန်ခိုးပါဝါနှင့်မထိုက်တန်တာတွေ့ရသည်။ တန်ခိုးပါဝါကို မဟုတ်တဲ့နေရာမှာ အသုံးချ တတ်ကြသည်။

ကျွန်တော်ဆိုလျှင် လောကီချာန်နှင့် လုံးဝမထိုက်တန်သောသူဖြစ်သည်ဟု မိမိကိုယ်မိမိသိနေသည်။ ကျွန်တော့်စရိုက်နှင့် လောကီချာန် လုံးဝ မထိုက်တန်သည့်အပြင် အထက်ဖော်ပြပါပုံပြင်သည်လည်း ပုဂံရာဇဝင်ထဲက ပရိက္ကယား၊ စောယွန်း၊ ရွှေအိမ်စည်မင်းသမီး၊ ချာန်ရရသေ့မြတ်တို့နှင့် လုံးဝ မသက်ဆိုင်ကြောင်း သိစေအပ်ပါသည်။

ကလျာ

၂၀၀၉ ခုနှစ်၊ မတ်လ။



# အမှိကောင်း

အမှိကောင်း၏ အဓိပ္ပာယ်ကိုမပြောမီ အမှိဆိုသည့် အရာဝတ္ထု၏ ပုံသဏ္ဌာန်နှင့် အနှစ်သာရကိုအလျင် ရှင်းပြမှဖြစ်မည်။ အမှိဆိုတာ ပုဂ္ဂိုလ်၊ သတ္တဝါနှင့် အရာဝတ္ထုတို့ မြဲစွာ ရပ်တည်နိုင်ဖို့အတွက် ထောက်ကူကျားကန်ထားသည့် ပုဂ္ဂိုလ်၊ သတ္တဝါနှင့် အရာဝတ္ထုတို့ပင်ဖြစ်သည်။ တစ်နည်းဆိုရသော် ရပ်တည်နိုင်ရန် ကျောထောက်နောက်ခံပြုပေးထားသည့် အရာဖြစ်သည်။ ဒါလောက်ဆိုလျှင် ရှင်းမည်ထင်ပါသည်။

"ဘုရားတောင် အမှိမရှိလျှင် မပွင့်နိုင်ဘူးကွဲ့"

ဒီစကားက ကျွန်တော့်ဘကြီး ဦးကြာခိုင် မကွယ်လွန်မီက မကြာခဏပြောလေ့ရှိသည့် စကားဖြစ်သည်။ သူ့ယောက္ခမဆီက လယ်တစ်တာ အမွေရမည်ထင်ပြီး စောင့်နေတာ မရဘဲကြာနေလို့ လူတွေ့တိုင်းပြောသည့် စကားဖြစ်သည်။

ဘာပဲဖြစ်ဖြစ်၊ ဒီစကားကလည်း ကျွန်တော့်ဘကြီးတစ်ယောက်တည်းက ပြောတာမဟုတ်ဘဲ လူတိုင်းလောက်နီး



www.burmeseclassic.com

www.burmeseclassic.com



နီးက ပြောနေကြသည့်စကားဖြစ်လို့ ကြားရသူတို့က ဘကြီးကို ခွင့်လွှတ်ထားကြသည်။ ဘကြီးက သူ့မှာ လုပ်စရာ လယ် မရှိလို့သာ အလုပ်မလုပ်ဘဲ အိပ်ကာ စားကာ နေရတာပါလို့ ပြောချင်တာလည်းပါသည်။ အဲဒါကိုသိသည့် သူ့ယောက်ဖ ဦးအောင်ဘုက ပြောသည်။

"သိဒ္ဓတ္ထမင်းသားဟာ အမျိုးကောင်းတဲ့ဗောဓိပင်ကြောင့် ဘုရားဖြစ်တာမဟုတ်ပါဘူးကွ၊ ကျင့်ကြံအားထုတ်လို့ဖြစ်တာပါ"

ကျွန်တော်ကတော့ ကျွန်တော့်ဘကြီးဦးကြာခိုင်ဘက်က ရပ်တည်သည်။ ဂေါ်ဝါဓူ သဲစုမက ပွင့်တော်မူသွားကြတဲ့ ဘုရားအဆူဆူတို့ဟာ ကျင့်ကြံတာလည်းကျင့်ကြံတာပေါ့၊ ဒါပေမဲ့ အမျိုးဆိုတဲ့ အပင်တွေကိုမှီပြီး ပွင့်ခဲ့ကြတာသေချာသည်။

ဗောဓိ၊ ကုက္ကို၊ ညောင်ထိုထို လူပျိုဘုရားမရှိပြားတဲ့ ဆိုသည့် ရွှတ်ဆိုသံကို ကြားဖူးကြမည်ထင်ပါသည်။ ဒီနေရာမှာ လူ ပျိုဘုရား၊ လူအိုဘုရားဆိုတာတွေ အသာထား၊ အရေးကြီးတာက မှီခိုခဲ့သည့်အပင်၊ သို့မဟုတ် အရိပ်ခိုခဲ့သည့်အပင်တွေ ရှိတယ်ဆိုတာကိုပြနေသည်။ အပင်တွေမှ နယ်နယ်ရရ အပင်တွေမဟုတ် ဗောဓိပင်၊ ညောင်ပင်၊ ကုက္ကိုပင်၊ အင်ကြင်းပင်၊ ကသစ်ပင်၊ လင်းလွန်းပင် ဆိုတာတွေအောက်မှာ ပွင့်တော်မူခဲ့ကြတာဖြစ်လို့ ဘုရားအဆူဆူ ပွင့်တော်မူတာမှာပင် အမျိုး





ကောင်း၊ အရိပ်ကောင်း လိုအပ်သည်ဆိုသည့် သာဓကပင် ဖြစ်သည်။

ဘုရားဖြစ်တော်မူခြင်းကိစ္စသည် ကျွန်တော်တို့လူသားတွေ၏ ဘဝရှင်သန်မှုကိစ္စနှင့် အလှမ်းကွာလွန်းသည့်အတွက် မနိုင်းအပ်၊ မနိုင်းရာမို့ထားလိုက်ပါ၊ အနီးစပ်ဆုံး ဥပမာကိုသာ ပြချင်ပါသည်။

လူသားတစ်ယောက် ထွန်းပေါက်အောင်မြင်ဖို့အတွက် ရုန်းကန်ကြိုးစားပါသော်လည်း အမျိုးကောင်း၊ အရိပ်ကောင်း၊ အထောက်အကူကောင်းမရှိပါက ခရီးမပေါက်၊ မအောင်မြင်နိုင် ဆိုသည့်သာဓကကို ပြပါဆိုလျှင် ဝေးဝေးလံလံမှာရှာစရာမလိုပါ။ ကျွန်တော့်ကို လက်ညှိုးထိုးပြလိုက်လျှင်ဖြစ်သည်။ ကျွန်တော်သည် ဘဝရပ်တည်နိုင်ဖို့အတွက် ကျားကုတ်ကျားခဲကြိုးစား ရုန်းကန်လျက်မှ အမျိုးကောင်း၊ အရိပ်ကောင်း၊ ကျောထောက်နောက်ခံကောင်းတွေကို ရှာဖွေခဲ့ရသည်။

ကျွန်တော့်ဘဝလမ်း ဖြတ်သန်းခဲ့ရသည့် စခန်းအသီးသီးမှာ ဆိုင်ရာဆိုင်ရာအခန်းကဏ္ဍတွေက ပါဝင်ကူညီခဲ့ကြသည့် အမျိုးကောင်း၊ အရိပ်ကောင်း၊ အထောက်အကူကောင်းတွေရှိခဲ့တာကြောင့် ကျွန်တော်အထိုက်အလျောက် အောင်မြင်သည့် ဘဝဖြင့် ရပ်တည်နေနိုင်တာဖြစ်သည်။ အမျိုးကောင်းအထောက်အကူကောင်းသာမရှိခဲ့ပါက ကျွန်တော်သည် ရန်ကုန်မြို့ကြီးသား



www.burmeseclassic.com

www.burmeseclassic.com



ဘဝ၊ ရေတပ်သားဘဝ၊ သင်္ဘောသားဘဝတွေ ဖြစ်လာမည်မဟုတ်၊ ရခိုင်ပြည်နယ်၊ ငွမြို့နယ်အတွင်းက တောရွာသားလေးဘဝဖြင့် လယ်သမား၊ ယာသမား၊ ငါးရှာလုပ်သား ဖြစ်နေပေလိမ့်မည်။

"တစ်ရွာမပြောင်း သူကောင်းမဖြစ်"

ရှေးလူဟောင်းများ ပြောတာကိုကြားဖူးလို့ မွေးရပ်ရွာကိုစွန့်ခွာပြီး ရန်ကုန်မြို့ကြီးကိုသွားချင်ပါသော်လည်း ရန်ကုန်မြို့မှာအမှီကောင်း၊ အရိပ်ကောင်းမရှိလို့ နှစ်အတန်ကြာအောင်စောင့်လိုက်ရသည်။ ၁၉၅၈-ခုနှစ်ရောက်တော့မှ ရေတပ်သားအစ်ကို၏အရိပ်ကိုခိုးပြီး ရန်ကုန်မြို့ကိုရောက်လာခဲ့သည်။

အစ်ကိုရေတပ်သား၏ အထောက်အပံ့ဖြင့် ပညာသင်ခဲ့သည်။ ရေတပ်ကိုဝင်ခဲ့သည်။ ရေတပ်မှာအမှုထမ်းနေစဉ်အကူအပံ့ အမှီအထောက်မရလို့ ရဲဘော်ဘဝမှ တစ်ရစ်တောင်မတက်ဘဲ တပ်ကထွက်ခဲ့ရသည်။

မိမိမှာ သင်္ဘောသားဖြစ်နိုင်သည့် အရည်အချင်းရှိသော်လည်း အကူအညီနှင့် အမှီကောင်းအထောက်အပံ့ကောင်းမရှိလို့ အချိန်ကြာသွားသည်။ ၁၉၈၀-ခုနှစ်လောက်ရောက်တော့မှရေနံရှာဖွေရေးဌာနမှာ ယာယီနေ့စား အတူလုပ်ကိုင်ခဲ့ဖူးသည့်မိတ်ဆွေကြီး ဦးစောမိုက်ကယ်ဒီးကကူညီလို့ သင်္ဘောသားဖြစ်ခဲ့သည်။





သင်္ဘောသားအလုပ်အကိုင်ရှာဖွေရန် စင်ကာပူနိုင်ငံမှာခေတ္တရောက်ရှိနေခိုက်မှာ စင်ကာပူလူဝင်မှုကြီးကြပ်ရေးဌာနကမြန်မာလူမျိုးတွေကို လိုက်ဖမ်းလို့နေစရာ နေရာမရှိဖြစ်ခဲ့ဖူးသည်။ ခြေဦးတည့်ရာပြေးနေစဉ် ရေတပ်ထွက် သူငယ်ချင်းအာအို မောင်ဝင်း၏သင်္ဘောကို ရောက်သွားသောအခါမောင်ဝင်းက နွေးထွေးစွာကြိုဆိုသည့်အပြင် အာအိုပညာတွေကိုသင်ပေးခဲ့သည်။ မောင်ဝင်း၏အရိပ်ကိုသာ ခိုခွင့်မရခဲ့လျှင်စင်ကာပူမှာ ဘဝပျက်ပြီး မြန်မာပြည်ကို ပြန်လာရမည်ဖြစ်သည်။

ကျွန်တော့်ဘကြီး ဦးကြာခိုင်ပြောခဲ့သည့် စကား('ဘုရားတောင် အမှီမရှိလျှင် မပွင့်နိုင်ဘူးကွဲ့') ဆိုသည့်စကားကိုကျွန်တော် ထောက်ခံသည်။ တစ်ချို့က ဒီစကားသည် ကိုယ်တိုင်ကြိုးစားလိုစိတ်မရှိသည့် ဝီရိယနည်းသူတို့ ပြောသောစကားဟုဆိုကြသည်။ ဉာဏ်နှင့်ဝီရိယ မရှိပါက ဘုရားဖြစ်ဖို့မဆိုထားနှင့်ဘတ်စ်ကားစပယ်ယာဖြစ်နိုင်ဖို့ပင် မလွယ်ဟုဆိုသည်။ စပယ်ယာသည် ဒရိုင်ဘာထက် ဝင်ငွေပိုကောင်းသည်ဟု ပြောကြသည်။

ဒီနေရာမှာကံ၊ ဉာဏ် နှင့် ဝီရိယအကြောင်းကို သတိရလာသည်။ ဉာဏ်နှင့်ဝီရိယသည် ဘဝအဆက်ဆက်က ဖြည့်ဆည်းခဲ့သော ပညာပါရမီ နှင့် ဝီရိယပါရမီတို့၏ အကျိုးဆက်ဖြစ်ဖွယ်ရှိသည်။ ဘဝတစ်ခု အောင်မြင်ခြင်း ကျဆုံးခြင်းတို့သည်



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းခြင်း၊ ကံမကောင်းခြင်းတို့နှင့် ဆက်စပ်ပတ်သက်နေသည်။ အောင်မြင်လျှင် ကံကောင်းသည်။ ကျဆုံးလျှင် ကံဆိုးသည်ဟု ပြောကြသည်။ ကံမရှိလျှင် ဉာဏ်ရှိတိုင်းမခွဲသည်ဟုလည်း ဆိုကြပြန်သည်။

ဒါကို ထောက်ခြင်းဖြင့် ဘဝတစ်ခုရှင်သန်ရပ်တည်နိုင်ရေးမှာ ကံသည် အတော်အရေးပါသော အရာဖြစ်နေသည်။ ဘဝရှင်သန်ရပ်တည်နိုင်ဖို့အတွက် အမှီကောင်းတစ်ခုရရှိနိုင်ရေးသည် ကံကောင်းခြင်း၊ ကံမကောင်းခြင်းအပေါ်မှာ တည်သလိုဖြစ်နေသည်။ ကံကောင်းလို့ ကူညီမည့်သူပေါ်လာသည်။ ကံမကောင်းလို့ ကူမည့်သူမရှိ၊ ကယ်မည့်သူမရှိ ဖြစ်နေသည်စသည်ဖြင့် ပြောကြသည်။

ဒါဆိုလျှင် ဘဝမှာ ကံသည် အတော်အရေးပါ အရာရောက်သလိုဖြစ်နေသည်။ ကံကိုလေ့လာကြည့်ဖို့လိုသည်။ ကံသည်ပါဠိစကား ကမ္မ ကလာတာဖြစ်သည်။ ပြုလုပ်ခြင်းဟု အဓိပ္ပာယ်ရသည်။ ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည်။ မကောင်းကာလုပ်လျှင် မကောင်းတာဖြစ်မည်။ စေတနာသည် ပင်ကံဟုလည်းပြောကြပြန်သည်။ စေတနာကောင်းလျှင် ကံကောင်းသည်။ စေတနာမကောင်းလျှင် ကံမကောင်းဟုလည်း ပြောကြပြန်သည်။





ပါဠိတတ်ကျွမ်းသူတစ်ယောက်က ဘယ်ကရမှန်းမသိ၊ ဘယ်ဘုတ်အုပ်မှာ ပါမှန်းမသိ၊ ဘယ်ဆရာတော် ဟောမှန်းမသိရသည့် ပါဠိတစ်ကြောင်းကို ရွတ်ပြသည်။

"စေတနာ ဟံ ဘိက္ခဝေ၊ ကမ္မံဝဒါမိ"

"ချစ်သား ရဟန်းတို့ ကံဆိုတာ စေတနာပါပဲလို့ ငါဘုရားဟောတော်မူတယ်"

ဘုရားဟောတဲ့ စကားဟုတ်သလား၊ မဟုတ်လားမသိ၊ သူရွတ်ပြတာကို နားထောင်နေရသည်။ ကိုယ်က သူ့လောက်မတတ်တော့ သူပြောသမျှကို ယုံနေရသည်။

စေတနာကောင်းလျှင် ကံကောင်းသည်ဆိုသည့်ကိစ္စနှင့်ပတ်သက်ပြီး သံသယဖြင့် လက်ခံနေရသည်။ စေတနာကောင်းလို့ ကံကောင်းသူတွေရှိမည်။ စေတနာမကောင်းလို့ ကံမကောင်းသူတွေလည်းရှိမည်။ ဒါကိုလက်ခံပါသည်။ သို့သော် လက်တွေ့ဘဝမှာ စေတနာကောင်းပါလျက် ကံမကောင်းသူတွေရှိနေသည်။ အလားတူပင် စေတနာမကောင်းသော်လည်း ကံကောင်းပြီး ကြီးပွားချမ်းသာနေသူတွေရှိနေသည်။ တစ်ခုခု မှားနေတာဖြစ်မည်။

စေတနာကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ အမှီခိုကောင်း၊ အရိပ်ကောင်း ကျောထောက်နောက်ခံကောင်း ရရှိပြီး ကြီးပွားချမ်းသာနေသူတွေအကြောင်းကို သတိရလာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အကိုးအကား စာပေကျမ်းဂန်တွေမှာ ရှာဖွေကြည့်သည်။ တွေ့ပါသည်။

ဘုရားအလောင်းတော်၏ ဖြစ်တော်ပေါင်းတွေကို ရေးသားထားသည့် ဇာတ်ကြီးဆယ်ဘွဲ့ပါ မဟောသဓာဇာတ်တော်မှာ ပညာရှိအမတ် မဟော်သဓာပညာရှိလုလင်ကို မနာလိုသည့် မှူးမတ်တွေက မင်းမျက်သင့်စေလို၍ ကုန်းချောကြသည်။ အကောက်ကြံကြသည်။ မဟောသဓာကို ဝိဒေဟရာဇ်မင်းကြီးကိုယ်တိုင်က အကာအကွယ်ပေးထားသည့်အတွက် အလုပ်မဖြစ်ဘဲ မဟောသဓာအမတ်ဟန်ကျနေသည်။ အေးဆေးပဲ လုပ်စားနေလို့ရသည်။

ဘုရားရှင်လက်ထက်တော်အခါက ဝေသာလီပြည်မှာ ပြည့်တန်ဆာလုပ်စားသူ အမ္ဗပါလီ အမည်ရှိ အမျိုးသမီးတစ်ယောက်ရှိသည်။ ဝေသာလီမြို့လယ်ခေါင်မှာ ပေါ်တင်ကြီးလုပ်စားနေသည်။ အတိုင်းတိုင်းအပြည်ပြည်က အမ္ဗပါလီ နှင့်ပျော်ပါးလိုသည့် မင်းညီမင်းသားတွေ၊ သူဌေးသား၊ သူကြွယ်သားတွေဖြင့် တရုန်းရုန်း စည်ကားနေသည်။

အမ္ဗပါလီကြောင့် လူဝင်မှုဌာနမှာလည်း ပြည်ဝင်ခွင့်ဗီဇာကြေးတွေရနေသည်။ အကောက်ခွန်ဌာနမှာလည်း ဝင်ငွေတွေတိုးနေသည်။ အမ္ဗပါလီ၏ ဆောင်ကြာမြိုင်အိမ်တော်အနီးမှာ ဈေးရောင်းနေကြသည့် လမ်းဘေးဈေးသည်တွေလည်း





ရောင်းကောင်းနေသည်။ ဝေသာလီပြည်မှာ ဝင်ငွေကောင်းနေသည်။

ဘုရင့်ရဲမက်တွေက ပြည့်တန်ဆာပုဒ်မဖြင့် ဖမ်းဆီးအရေးယူနိုင်ရန် အမ္ဗပါလီ၏အိမ်တော်ကို ရုတ်တရက်စီးနင်းဝင်ရောက်ပြီး စစ်ဆေးသည်။ အဲဒီမှာ ပြဿနာတက်တော့သည်။ ရဲမက်စစ်သည်တော်တွေ ဖြုံသွားကြသည်။ လန့်ပြီး ဖျားကုန်ကြသည်။ အမ္ဗပါလီပြည့်တန်ဆာမ၏ အိမ်တော်ဧည့်ခန်းမှာ ချိတ်ဆွဲထားသည့် ပုံတူဆေးရေးပန်းချီကားကြီးကိုမြင်ပြီး လန့်ဖျားသွားကြတာဖြစ်သည်။ ဝေသာလီပြည်မှာ အလွန်သြဇာအာဏာကြီးပြီး ခေါထက်သည့် လိစ္ဆဝီမင်းသား နှင့် အမ္ဗပါလီ ပြည့်တန်ဆာမတို့ အတူတွဲထိုင်၊ ဖက်ကိုင်၊ နမ်းရှုံ့နေသည့် ပုံတူပန်းချီကားကို မြင်သွားကြတာဖြစ်သည်။

လိစ္ဆဝီမင်းသားကြီး၏ ခွင့်ပြုချက်မရဘဲ အမ္ဗပါလီ၏အိမ်တော်ဧည့်ခန်းထဲအထိ ဝင်ရောက်လာကြပါတယ်လို့ အမ္ဗပါလီက တိုင်လိုက်လို့ကတော့ နှစ်ရှည်အကျဉ်းကျခံကြရမှာ သေချာသည်။ ကြောက်လန့်ပြီး ပြန်ဆင်းပြေးခဲ့ကြရသည်။

အမ္ဗပါလီပြည့်တန်ဆာမသည် မကောင်းတာလုပ်စားနေသော်လည်း လိစ္ဆဝီမင်းသားတွေရဲ့ အရိပ်ကိုခိုရသည့် အမှီခိုကောင်းရနေသည့်အတွက် ဟန်ကျနေသည်။ စာပေကျမ်းဂန်တွေထဲမှာ ရှာဖွေတွေ့ရှိရသည့် သာဓကတစ်ခုဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေသာလီပြည်မှာ အမ္ဗပါလီပြည့်တန်ဆာမထားရှိခြင်းကြောင့် တိုင်းပြည်ဝင်ငွေကောင်းတာကိုအားကျသည့် ရာဇဂြိုလ်ပြည်က ပညာရှိအမတ်တွေက ရာဇဂြိုလ်ပြည့်ရှင်ဘုရင် ဗိမ္ဗိသာရမင်းကြီးကို အကြံပြုလျှောက်တင်သည်။

"ဝေသာလီပြည်မှာ ကိုယ်ခန္ဓာအချိုးအဆစ်ပြေပြစ်ပြီး ရုပ်ရည်ချောမောလှပသည့် ပြည့်တန်ဆာမထားရှိခြင်းကြောင့် တိုင်းပြည်ဝင်ငွေတိုးပြီး စည်ပင်ဝပြောနေပါသည် ဘုရား၊ ကျွန်တော်မျိုးတို့ရဲ့ ရာဇဂြိုလ်ပြည်ကြီးကိုလည်း ဝေသာလီပြည်ကဲ့သို့ စည်ပင်ဝပြောပြီး ဝင်ငွေတိုးအောင် ပြုလုပ်သင့်ကြောင်း ခြေဖဝါးတော်မြတ်အောင် ရှိသေစွာ လျှောက်တင်ပါသည်ဘုရား"

ပညာရှိအမတ်က ပါးနပ်လိမ္မာသည်။ ရှင်မင်းကြီးရဲ့ တိုင်းပြည်မှာလည်း ပြည်တန်ဆာခန်းဖွင့်ပါလား ဘုရားလို့ မလျှောက်ဝံ့သည့်အတွက် ပါးနပ်စွာလျှောက်သည်။

"ဟေ. . . တယ်ဟန်ကျပါလားကွဲ့၊ ဒါဆိုလျှင် ငါ့တိုင်းပြည်မှာလည်း ပြည့်တန်ဆာမချောချောလှလှ တစ်ယောက်ထားစေ မင်းကြီးများ"

"အမိန့်တော်မြတ်အတိုင်းပါဘုရား၊ မင်းကြီးအမြော်အမြင်ကြီးမားပါပေတယ်၊ ကျွန်တော်မျိုးတို့ အခုမကြာချက်ချင်း အမှုတော်မယွင်းအောင် ဆောင်ရွက်ပါမည်ဘုရား"





မင်းကြီး၏ အမိန့်တော်ရသည်နှင့်တပြိုင်နက် ရာဇဂြိုလ်ပြည်မှာရှိသည့် လှယဉ်ကျေးမယ်တွေနှင့် မော်ဒယ်ဂဲတွေထဲက အလှဆုံး၊ အချောဆုံး၊ အချိုးအဆစ် အပြေပြစ်ဆုံးဖြစ်သည့် သာလာဝတီသတို့သမီးကို နိုင်ငံတော်ပြည့်တန်ဆာ(စတိတ်ပရော်စတိကျူ့စ်)အဖြစ် ရွေးချယ်လိုက်ကြသည်။

ပြည့်တန်ဆာမ သာလာဝတီကြောင့် ရာဇဂြိုလ်သည်လည်း ဝေသာလီကဲ့သို့ပင် အချိန်တိုတိုအတွင်းမှာ စည်ပင်ဝပြောလာသည်။ ဝင်ငွေတိုးလာသည်။ စစ်သည်ရဲမက်တွေက သာလာဝတီကို ပြည့်တန်ဆာပုဒ်မဖြင့် အရေးယူရဲဖို့ဆိုတာ အသာထားလို့ သာလာဝတီရဲ့ အိမ်တော်အနားကို ပင်မကပ်ဝံ့ ဖြစ်နေကြသည်။ ယုတ်ညံ့သည့် ပြည့်တန်ဆာအလုပ်ပင်ဖြစ်သော်လည်း လုပ်ငန်း၏ စပွန်ဆာ ဘက်ဂရောင်းက ဗိမ္ဗိသာရမင်းကြီးကိုယ်တိုင်ဖြစ်နေလို့ ဘယ်သူမှ မထိရဲမကိုင်ရဲ ဖြစ်နေသည်။

သာလာဝတီမှာ ဘယ်သူနှင့်ရမှန်းမသိရသည့် သားတစ်ယောက်နှင့် သမီးတစ်ယောက်ရှိသည်။ သားတစ်ယောက်က နောင်အခါမှာ နန်းတွင်းအထွေထွေရောဂါအထူးကုသမားတော်ကြီးဖြစ်လာသည့် ဆရာဇီဝက ဖြစ်သည်။ သမီးက နိုင်ငံကျော် အချောအလှ ပြည့်တန်ဆာမ သီရိမာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဇီဝကသည် ဗာရာဏသီတက္ကသိုလ်က အက်ဖ် အာစီအစ်လိုဘွဲ့မျိုး ရထားသည့်အပြင် အထွေထွေရောဂါ အထူးကု ဘုရင့်သမားတော်ဖြစ်လို့ ဘယ်သူကမျှ ပြည့်တန်ဆာမရဲ့သားလို့ မပြောရဲဖြစ်နေကြသည်။

သီရိမာကိုလည်း ပြည့်တန်ဆာမရဲ့သမီး ပြည့်တန်ဆာမလို့ ဘယ်သူမျှမပြောဝံ့ကြသည့်အပြင် သီရိမာနှင့် ပျော်ပါးချင်သည့် မင်းညီမင်းသားတွေ၊ သူဌေးသား၊ သူကြွယ်သားတွေ မိမိ၏ အလှည့်ရောက်အောင် တန်းစီပြီး တိုကင်ယူနေကြရသည်။ သီရိ မာ၏အိမ်မှာ ဆွမ်းခံသည့်ကိုယ်တော်တစ်ပါးတောင် သီရိမာကိုမြင်ပြီး ရူးမလိုကြောင်မလိုဖြင့် လူထွက်ချင်သည်ဆိုလို့ မြတ်စွာဘုရားက တရားဟောလိုက်ရသည်။

သာလာဝတီ၊ သီရိမာ နှင့် ဆရာဇီဝကတို့၏ ကျော ထောက်နောက်ခံ နှင့် အမှိုကောင်းသည် ဗိမ္ဗိသာရမင်းကြီးကိုယ် တိုင်ဖြစ်နေသည်။ ပြိုလဲကျဆုံးရန်မပူရသောဘဝတွေဖြစ်သည်။

အမှိုခိုကောင်းနှင့်ပတ်သတ်ပြီး ဒီထက်ပိုမိုကောင်းမွန် ခိုင်မာသည့် အထောက်အထားကို ဝိဋကတော်မှာရှာသည်။ တွေ့ပါသည်။ တွေ့တာမှ မြတ်စွာဘုရားကိုယ်တော်တိုင် ဟော ကြားတာဖြစ်နေသည်။ သုတ္တန်ပိဋကတော်လာ အင်္ဂုတ္တိုရ်ပါဠိ တော်မြန်မာပြန်စာအုပ်၏ စာမျက်နှာ (၁၇၁)မှာတွေ့သည်။





တိကနိပါတ် ပထမပဏ္ဏာသက၏ ၅ ခုမြောက်ဖြစ်သော စူဠဝဂ်မှာ ၁၁ ခုမြောက်ဖြစ်သည့်မဟာစောရသုတ်(သူခိုးကြီး)ဆိုတာကို တွေ့ရသည်။

(ချစ်သားရဟန်းတို့ အင်္ဂါသုံးမျိုးဖြင့်ပြည့်စုံသော သူခိုး ကြီးသည် အိမ်ကိုဖောက်၏။ ရွာကိုတိုက်ခိုက်၏။ လမ်းခရီးမှာ စောင့်၍လုယက်၏။ အင်္ဂါသုံးမျိုးဟူသည်ကား သွားလာ ကူးခတ်ရန် ခက်ခဲသောမြစ်ကိုသော်လည်းကောင်း၊ တောင်ကိုသော်လည်းကောင်းအမှီရ၏။ မင်းကိုသော်လည်းကောင်း၊ မင်း၏ အမတ်ကြီးကိုသော်လည်းကောင်း အမှီရ၏။ ဤအင်္ဂါသုံးမျိုး တည်းဟူသော အမှီကောင်းတို့ကြောင့် သူခိုးကြီးသည် အိမ်ကို ဖောက်၏။ ရွာကိုတိုက်ခိုက်၏။ လမ်းခရီးမှစောင့်၍လုယက်၏)

မြတ်စွာဘုရားကိုယ်တော်တိုင် အင်္ဂုတ္တိုရ်ပါဠိတော်မဟာ စောရသုတ်မှာ ဟောကြားခဲ့တာဖြစ်သည်။ အမှီကောင်းနှင့် ပတ်သက်ပြီး အကောင်းဆုံးအထောက်အထားဖြစ်သည်။

ကလျာ

၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ။



www.burmeseclassic.com

www.burmeseclassic.com

# ထက်ရပ်ရွာဆီက
# လက်ပတ်နာရီအကြောင်း

အော် . . . ဘာလိုလိုနဲ့ နှစ်ပေါင်းငါးဆယ်တောင်ကျော်ခဲ့ပါရောလားလို့ သတိထားလိုက်မိသည်။ နှစ်တွေကြာညောင်းလို့ ခေတ်တွေ၊ စနစ်တွေလည်းပြောင်းခဲ့သည်။ အခြေအနေတွေနှင့် တန်ဖိုးတွေလည်းပြောင်းခဲ့သည်။ ရုပ်ဝတ္ထုတွေလည်း ပြောင်းလဲခဲ့ကြပြီ။ ကျွန်တော်တောင် အသက်ခြောက်ဆယ်ပြည့်ခဲ့ပြီပဲလို့ သတိရလိုက်သည်။ အထက်ဇီးခုံ(ဆီးခုံ)ရွာက လက်ပတ်နာရီပိုင်ရှင် ကိုဖိုးခင်လည်းကွယ်လွန်ခဲ့ပြီဖြစ်သည်။

ကျွန်တော့်မွေးရပ်ရွာ ကိန္နရီချောင်းရွာကြီးရဲ့ သူကြီးအပိုင်ထဲမှာပါသည့် ရွာသိမ်၊ ရွာငယ် ဆယ်ရွာလောက်ရှိသည်။ သဖန်းကွင်း၊စေတီကွင်း၊ဖိုးထောင်ကွင်း၊ ပုန်းညက်ပင်၊ လက်ပန်ခုံ၊ ဇီးခုံဆိုသည့်ရွာတွေဖြစ်သည်။ အဲဒီရွာတွေကို ကျွန်တော်တို့ကိန္နရီချောင်းရွာကြီးက လူကြီးမင်းဦးရွှေဆိုင်ကအုပ်ချုပ်သည်။ ရွာသိမ်ရွာငယ်တွေမှာ ဆယ်အိမ်ခေါင်းအဆင့်အုပ်ချုပ်သူသာရှိသည်။



ဒီရွာတွေမှာ ထူးခြားတာကဇီးခုံရွာဖြစ်သည်။ အထက်ဇီးခုံရွာနှင့် အောက်ဇီးခုံရွာဆိုပြီး နှစ်ရွာရှိနေသည်။ အထက်ရွာနှင့် အောက်ရွာကလည်း လယ်တစ်တာသာခြားသည်။ တစ်ရွာမှ တစ်ရွာကို အော်ခေါ်လှမ်းကြားရသည်။ အောက်ရွာကကြက်တွန်သံ၊ ခွေးဟောင်သံ၊ နွားငေါက်သံ၊ ကလေးငိုသံတွေကို အထက်ရွာကကြားနေရသည်။

ဟို . . . ရှေးရှေးတုန်းကတော့ အောက်ဇီးခုံရွာဆိုတာ မရှိခဲ့ဟုကြားဖူးသည်။ မူလဇီးခုံရွာ၏ အောက်ဘက်ကလယ်ကွင်းကြီး၏ အခြားတစ်ဘက်မှာရှိသည့် နွားစားကျက်မြက်ကုန်းကျယ်ကြီးကို ပိုင်ရှင်က အကွက်ဖော်ပြီး အိမ်ဆောက်ချင်သူတွေကို ရောင်းချခဲ့ရာမှ ရွာသစ်တစ်ခုဖြစ်လာခဲ့တာဟုသိရသည်။

ရွာသစ်ဖြစ်လာသော်လည်း ဇီးခုံရွာလို့ပင်ခေါ်ခဲ့ကြသည်။ မူလရွာဟောင်းနှင့် ရွာသစ်တို့သည် လယ်တစ်တာခြားနေသည့်အပြင် မူလရွာဟောင်းက အရှေ့ဘက်ဖြစ်သည့် အထက်ဘက်မှာရှိသည့်အတွက် အထက်ဇီးခုံရွာလို့ခေါ်ကြသည်။ အဲဒီတော့ အနောက်ဘက်ဖြစ်သည့် အောက်ဘက်မှာရှိသည့် ရွာသစ်ကို အောက်ဇီးခုံရွာလို့ခေါ်ကြသည်။ ကိုယ့်ဆယ်အိမ်ခေါင်းနှင့်ကိုယ် အုပ်ချုပ်ကြသည်။ သူကြီးကတော့ ကိန္နရီချောင်းရွာက သူကြီးကပင် အုပ်ချုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဇီးခုံရွာနှစ်ရွာဖြစ်လာတာက ပြဿနာမဟုတ်သော်လည်း အထက်ကျောင်းနှင့် အောက်ကျောင်းဆိုပြီး ဘုန်းကြီးကျောင်းနှစ်ကျောင်း ဖြစ်လာတာက ပြဿနာစတော့သည်။ အထက်ကျောင်းဆရာတော်က သုဓမ္မာဂိုဏ်း၊ အောက်ကျောင်းဦးဇင်းက ရွှေကျင်ဂိုဏ်းဆိုပြီး ကွဲကြတော့သည်။ ကိုးကွယ်ကြသည့် ဘုန်းကြီးကျောင်းနှစ်ကျောင်း ဂိုဏ်းဂဏမတူရာက အစပြုပြီး အထက်ရွာနှင့် အောက်ရွာတို့ မသိမသာ ပြိုင်ဖို့ဖြစ်လာတော့သည်။

သင်္ကြန်မှာ အထက်ရွာကမုန့်လုံးရေပေါ် ဆိုလျှင်၊ အောက်ရွာက သူတို့ထက်မုန့်အလုံးကြီးအောင် မုန့်လုံးကြီးကြော်လုပ်သည်။ အထက်ရွာက ရှင်လောင်းလှည့်ရာမှာ၊ နွားလှည်းသုံးလျှင် အောက်ရွာကမြင်းတွေဖြင့်လှည့်သည်။ အဲဒီတော့ အထက်ရွာက နောက်ထပ်ရှင်ပြုတစ်ခုထပ်လုပ်ပြီး ဆင်တွေဖြင့် ရှင်လောင်းလှည့်ပြသည်။

အောက်ရွာက ကျောင်းဝင်းထဲမှာ စေတီတစ်ဆူတည်သည်။ အထက်ရွာကပို၍ကြီးသည့် စေတီတစ်ဆူနှင့် ရုပ်ပွားတော်တစ်ဆူ အဆစ်ထည့်တည်လိုက်သေးသည်။ ဘုရားပွဲလုပ်ကြတော့ အထက်ရွာကယောက်ျားမင်းသမီးနှင့် အရပ်ဇာတ်ကသည်။ သူတို့ထက်သာအောင်လုပ်ရန်အတွက် ဒီအကွက်ကိုစောင့်နေသည့် အောက်ရွာကဘုရားပွဲမှာ ရန်ကုန်ဇာတ်ကိုငှား





ပြီးပွဲလုပ်သည်။ အဲဒီလိုဖြင့်အထက်ဇီးခုံရွာနှင့် အောက်ဇီးခုံရွာတို့ မသိမသာပြိုင်နေခဲ့ကြသည်။ ဒီလိုပြိုင်နေကြသော်လည်း စိတ်ဆိုး၊ မာန်ဆိုးဖြင့် ခိုက်ရန်၊ ဒေါသဘယ်တော့မှ မဖြစ်ကြတာ ချစ်စရာကောင်းသည်။ ချစ်ချစ်ခင်ခင် နေထိုင်ကြသည်။

အထက်ရွာနှင့်အောက်ရွာတို့သည် ဆက်လက်ပြိုင်ဆိုင်နေကြဦးမည်ဖြစ်သည်။ ဒီနှစ်မှာစပါးအထွက်ကလည်းကောင်း၊ သီးနှံနှင့်သားငါးကလည်းပေါသဖြင့် ရွာသူရွာသားတွေ ငွေရွှင်နေကြသည်။ အထက်ရွာက သီတင်းကျွတ်မီးထွန်းပွဲဆိုလျှင် အောက်ရွာကလည်းမီးထွန်းပွဲလိုက်လုပ်သည်။ အောက်ရွာက ကထိန်ပွဲဆိုလျှင် အထက်ရွာကလည်း ကထန်ပွဲလိုက်လုပ်သည်။

"ဒီနှစ် တပေါင်းလမှာ အထက်ရွာဘုရားပွဲက ရွှေမန်းတင်မောင်ဇာတ်ကြီးကို ရှုံသွင်းမယ်ဆိုပါလား"

"သွင်းပါစေ၊ ငါတို့ အောက်ရွာဘုရားပွဲက စိန်အောင်မင်းကို ဗလာပွဲ သွင်းပြလိုက်ဦးမယ်"

အဲဒီလို လေဖြင့်ပြိုင်တာလည်းရှိသည်။ ရွှေမန်းဦးတင်မောင်၏ ရွှေမန်းသဘင်နှင့် ဦးစိန်အောင်မင်း၏ တန်းမြင့်မဟာသဘင်က ရခိုင်ပြည်နယ်ထဲမှာရှိသည့် ချောင်ကြိုချောင်ကြားက ဇီးခုံရွာကို လာမည် မလာဘူးဆိုတာ မသိရသေးဘဲ၊ လေဖြင့်ပြိုင်နေကြတာဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ဦးစိန်အောင်မင်းကတော့ အောက်ဇီးခုံရွာမှာ ဗလာပွဲကပေးရတော့မလို ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အထက်ရွာနှင့် အောက်ရွာတို့ မသိမသာပြိုင်နေကြသော်လည်း အထက်ရွာက အဘက်ဘက်က အနည်းငယ်သာတယ်ဆိုတာကို အချင်းချင်းသိနေကြသည်။ ရွာဟောင်းဖြစ်လို့ အိမ်ကြီး အိမ်ကောင်းတွေ ပိုများသည် ။ သာသနိက အဆောက်အအုံတွေ ခန့်ထည်ကြီးမားသည်။ သက်တော်ရှည်ဆရာတော်ဘုရားကြီး သီတင်းသုံးနေသည်။ ဆယ်အိမ်မှူးအဆင့်ထက်ကြီးသော ရာအိမ်မှူးအုပ်ချုပ်သည်။ လယ်ပိုင်၊ ကိုင်းပိုင်တွေနှင့် ကုန်စုံဆိုင်ပိုင်ရှင်တွေ ပိုများသည်။

အောက်ရွာကတော့ အထက်ရွာလောက်အိမ်ခြေမများသည့်အပြင် ဆယ်အိမ်မှူးသာ အုပ်ချုပ်ခွင့်ရသည့်အတွက် တစ်ပန်းရှုံးနေသည်။ ဒါပေမဲ့ အောက်ရွာကလည်း အနိုင်မခံ၊ အရှုံးမပေးချင်လို့ အထက်ရွာကို နေရာတကာမှာလိုက်ပြိုင်နေသည်။

ကိန္နရီချောင်းရွာ သူကြီးသမီး၊ ကွမ်းတောင်ကိုင်မလှတင်၊ မျက်စိမှေးပြီး နှာခေါင်းသံဖြင့် စကားပြောတာကို အထက်ဇီးခုံရွာက အပျိုတွေက လိုက်လုပ်ကြသည်။ တစ်ရွာလုံးကအပျိုတွေ မျက်စိမှေးပြီးနှာခေါင်းသံဖြင့် စကားပြောကုန်ကြသည်။

အောက်ဇီးခုံရွာက အပျိုတွေကလည်း အားကျမခံလိုက်လုပ်ကြပြန်သည်။ မင်္ဂလာဆောင်တွေနှင့် အလှူပွဲတွေမှာ မျက်စိလေးတွေမှေးပြီး နှာခေါင်းသံဖြင့်စကားပြောကြတာ





အရမ်းလှသည်။ ချစ်စရာသိပ်ကောင်းသည်။ လူပျိုကာလသားတွေရဲ့ဟတ်ကို ထိကုန်ကြသည်။ အနှိပ်သည် အဖွားအို ဒေါ်ရွှေအုံကပြောသည်။

"မျက်စိမှေးပြီး နှာခေါင်းသံပါတာဟာ လှသလား၊ ချစ်စရာကောင်းသလားမသိဘူး၊ ငါကတော့ မျက်စိမှေးရှုံသာမက၊ ပိတ်ပြီးကန်းနေတဲ့အပြင်၊ နှုတ်ခမ်းကလည်း အာခေါင်အထိကွဲနေလို့ နှာခေါင်းသံပါရုံဘယ်ကမလဲ၊ စကားကိုမပီလို့ ဒီဘဝမှာ လင်ကိုမရလေဘူး"

နှောင်နှစ်အတော်ကြာလာတော့ အထက်ရွာနှင့် အောက်ရွာက လှချင်တဲ့အပျိုတွေ မျက်တောင်ညောင်း၊ နှာခေါင်းညောင်းလာကြလို့ ပုံမှန်ပြန်ဖြစ်သွားကြသည်။ နောက်တစ်မျိုး ဘာပြိုင်ရလျှင်ကောင်းမလဲ စဉ်းစားနေကြတာဖြစ်မည်။

နောက်တစ်မျိုး ပြိုင်ကြတာက ယောကျ်ားတွေ ဖြစ်သည်။ အထက်ဇီးခုံရွာသား၊ သူဌေးသား ဖိုးခင်က ရွှေသွားစိုက်လိုက်တာဖြစ်သည်။ ဇီးခုံရွာကို ဘယ်ကရောက်လာမှန်းမသိရသည့် သွားဘက်ဆိုင်ရာကျွမ်းကျင်သူ တရုတ်ကြီးတစ်ယောက်ရောက်လာသည်။ သွားရောဂါအမျိုးမျိုးကို ကုသပေးသည်။ သွားကို မနာအောင်နှုတ်ပေးသည်။ ပြန်စိုက်ပေးသည်။ သွားအတုပြုလုပ်ပေးသည်။ ရွှေသွားစိုက်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇီးခုံရွာမှာ သွားရောဂါဖြစ်နေသူမရှိသော်လည်း ရွှေသွားစိုက်မည့်သူတွေရှိလို့ အထက်ဇီးခုံရွာမှာ ရက်အတော်ကြာအောင် သွားစိုက်ဆရာကြီး နေသွားရသည်။ အထက်ဇီးခုံရွာက ယောကျ်ားတွေရော မိန်းမတွေရော ရွှေသွားစိုက်ကြသည်။ လူပျိုတွေရော၊ အပျိုတွေပါ ရွှေသွားစိုက်ကြသဖြင့် တစ်ရွာလုံး ပြုံးနေကြသည်။

ရွာထဲက အပျိုတွေ လူပျိုတွေက၊ ရွှေသွားတလက်လက်ဖြင့် ဝင်းထိန်နေသောအခါ ရွှေပို၊ ရွှေစမရှိလို့ အခက်တွေ့နေသူတွေက အမေ့ နားဋ္ဌောင်းတစ်ဘက်ကို ဖြုတ်ယူကြသည်။ နားဋ္ဌောင်းကို ရွှေသွားဖြစ်အောင်လုပ်ကြသည်။ အဖွားကြီးခမြာ နားတစ်ဘက်ဟောင်းလောင်းဖြင့် နေရသည်။

ရွှေသွားစိုက်ထားပါက ရွှေအရည်အသွေးကောင်းလျှင် အရောင်တလက်လက် ထွက်နေသည်။ အမျိုးသမီးတွေဆိုလျှင် နှုတ်ခမ်းနီဆိုးထားလျှင်ဖြစ်စေ၊ ကွမ်းဝါးထားလျှင်ဖြစ်စေ၊ နှုတ်ခမ်းနီရဲရဲနှင့် ရွှေသွားအရောင်ဝင်းပြောင်ပြောင်သည် အရမ်းလှသည်။ ရွှေသွားစိုက်ထားတာကို မြင်စေချင်လျှင် ပြုံးရယ်ပြနေဖို့တော့လိုသည်။ အထက်ဇီးခုံ ရွာသူရွာသားတွေ အမြဲတမ်း ပြုံးရယ်နေကြတော့သည်။ လယ်သမားကြီး တစ်ယောက်က ပြောသည်။





"ဟိုတုန်းကတော့ တို့ရွာကရွာသူရွာသားတွေဟာ တန်ဆောင်မုန်း၊ နတ်တော်၊ စပါးပေါ်ချိန်ကျမှ ပြုံးနိုင်၊ ရယ်နိုင်ကြတယ်၊ အခုတော့ တစ်ဆယ့်နှစ်လလုံး၊ နေ့ရော၊ ညပါ ပြုံးရယ်နေကြတာ ဟန်ကျတယ်ဟေ့၊ စိတ်ချမ်းသာတာပေါ့"

အထက်ဇီးခုံရွာမှာ ရွှေသွားစိုက်ကုန်ကြပြီဆိုတော့ အောက်ဇီးခုံရွာကလည်း အားကျမခံ ရွှေသွားစိုက်ဖို့အတွက် သွားစိုက်ဆရာ၊ တရုတ်အဘိုးကြီးကိုလာခေါ်သည်။ တရုတ်ကြီးက ရွှေသွားစိုက်မည့်သူ မရှိတော့ဘူးထင်ပြီး ရွာကူးသွားလို့ ၅ မိုင်လောက်ဝေးသည့် ဆူးပုတ်ကုန်းရွာမှာ လိုက်ခေါ်ခဲ့ရသည်။

အောက်ဇီးခုံရွာကို သွားစိုက်ဆရာရောက်လာပြီဆိုတော့ရွာက အပျို၊ လူပျိုတွေရော အအိုတွေပါ ရွှေသွားစိုက်ကြသည်။ အထက်ရွာက ရွှေသွားရှိသူဦးရေထက် မနည်းအောင်စိုက်ကြရသဖြင့် ရွှေအလေးချိန်အတော်ကုန်သွားသည်ဟု သိရသည်။ အထက်ရွာကိုပြိုင်နိုင်သည့် အခြေအနေကိုတော့ ရောက်သွားသည်။ ရွာဦးကျောင်းဆရာတော်က မိန့်သည်။

"ဘုရားကိုတော့ ထုံးသုတ်တယ်၊ သွားကိုတော့ ရွှေချတယ်၊ သေလျှင် ကူးတို့ခ တစ်မတ် ပါးစပ်ထဲထည့်စရာမလိုတော့ဘူးပေါ့ကွယ်"

ဆရာတော်က အထက်ရွာကဒကာ၊ ဒကာမတွေကိုရော အောက်ရွာက ဒကာ၊ ဒကာမတွေကိုပါ အမြင်ကပ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောတာဖြစ်သည်။ စောစောပိုင်းကတော့ ရွာနှစ်ရွာမသိမသာ ပြိုင်ရာမှာ ဆရာတော်ကပါ အလိုတူ အလိုပါနေခဲ့မိတာဖြစ်သည်။ အခုလို လွန်လွန်ကဲကဲဖြစ်လာကြတော့ ဆရာတော်က မျက်စိနောက်လာတာဖြစ်မည်။ ဒါပေမဲ့ အထက်ရွာနှင့် အောက်ရွာကတော့ ပြိုင်နေကြဦးမည်သာဖြစ်သည်။

အထက်ရွာက ရွာသူဌေးသား နှစ်ခုလပ် မုဆိုးဖို ကိုဖိုးခင် လက်ပတ်နာရီ ဝယ်ပတ်သည်ဆိုသည့်သတင်းကို အောက်ရွာကကြားသည်။ ဒီသတင်း မှန်ကန်မှုရှိမရှိသိလို၍ သွားကြည့်ကြသည်။ ဟုတ်မှန်တာကို ကိုယ်တိုင်မြင်တွေ့ခဲ့ကြသည်။

အောက်ရွာသားတွေ အတော်အခံရခက်သွားသည်။ လက်ပတ်နာရီတစ်လုံးကို ကျပ်တစ်ရာဝန်းကျင်ပေးရမည်ဖြစ်သည်။ ရွှေတစ်ကျပ်သားကို တစ်ရာ့ငါးဆယ်မျှသာ ပေးရသော ခေတ်ဖြစ်လို့ လက်ပတ်နာရီ တစ်ရာကျပ်တန်ကို တော်ရုံတန်ရုံလူတွေ ဝယ်မပတ်နိုင်သော ခေတ်ဖြစ်သည်။ ဒါပေမဲ့ အထက်ရွာက ကိုဖိုးခင်က လက်ပတ်နာရီ ဝယ်ပတ်ပြလိုက်ပြီဆိုတော့ အောက်ရွာက တစ်ယောက်တစ်လေက လက်ပတ်နာရီဝယ်ပတ်မှဖြစ်တော့မည်။ ဘယ်သူက ဘယ်ကပိုက်ဆံဖြင့်ဝယ်ပတ်မလဲ၊ စဉ်းစားရတော့သည်။





ရွာကကာလသားခေါင်း ထွန်းမောင်ကို နာရီဝယ်ပတ်ခိုင်းရလျှင် ကောင်းမလားစဉ်းစားကြသည်။ ထွန်းမောင်မှာ ပိုက်ဆံမရှိလျှင် ရွာဦးကျောင်းဂေါပကအဖွဲ့ပိုင်ဥပသကာအလှူခံငွေထဲက ခေတ္တယူပြီးဝယ်ပေးရမလား၊ စပါးပေါ်ချိန်ကျမှ ထွန်းမောင်၏ လယ်ကထွက်သည့် စပါးကိုရောင်းပြီးပြန်ဆပ်ရမလား၊ စဉ်းစားကြသည်။ ဒီနှစ်စပါးဈေးက တစ်တင်းကို ငါးကျပ်လောက်တောင် ဖြစ်နိုင်သည်ဟုမှန်းကြသည်။ စပါးတင်းနှစ်ဆယ်၊ အစိပ်လောက်ရောင်းလိုက်လျှင်၊ နာရီတစ်လုံး ဝယ်နိုင်မည်ဖြစ်သည်။ ကာလသားခေါင်း ထွန်းမောင်၏လယ်က စပါးတင်းသုံးရာလောက်ထွက်သည့် လယ်ဖြစ်သည်။

လက်ပတ်နာရီတစ်လုံး ဝယ်နိုင်လောက်သည့်ငွေကြေးရနိုင်ပြီဆိုလျှင်၊ မြို့တက်ပြီး ဝယ်ရုံသာရှိတော့သည်။ သို့သော် အထက်ရွာက ဖိုးခင် ဝယ်ပတ်ထားသည့် နာရီအမျိုးအစားကို သိဖို့လိုသေးသည်။ ဖိုးခင်၏နာရီအမျိုးအစားထက် ပိုကောင်းပြီးဈေးပိုပေးရသည့် နာရီကိုဝယ်မည်ဟုဆုံးဖြတ်ကြသည်။ အထက်ရွာထက်မိမိတို့ အောက်ရွာက သာဖို့အရေးကြီးသည်။

ကိုဖိုးခင်၏ နာရီအမျိုးအစားနှင့် ဈေးနှုန်းကိုသိဖို့ စုံစမ်းတာလွယ်သည်။ ကိုဖိုးခင်က သူ လက်ပတ်နာရီပတ်နိုင်တာကို သိစေချင်လို့ လူတိုင်းကိုပြပြီးကြွားနေသူဖြစ်သည်။ ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်ဆိုတဲ့ အထက်ရွာမှာတောင်လက်ပတ်နာရီ ဝယ်ပတ်နိုင်သူ ကိုဖိုးခင်တစ်ယောက်တည်းသာ ရှိသည်။ ဒီတော့ ကိုဖိုးခင်က ကြွားချင်လို့ လမ်းလျှောက်တုတ်တရမ်းရမ်းဖြင့် လမ်းသလားနေတော့သည်။

"ဟော့ ထွန်းမောင်၊ ဖိုးခင်ရဲ့နာရီက အိုဂျီဘယ်တဲ့၊ တစ်ရာ့ငါးဆယ်ပေးရတယ်"

"အဲဒီတော့ တို့ရွာက ဘာနာရီဝယ်မလဲ၊ ဘယ်လောက်တန်ဝယ်မလဲ"

"သူတို့ရွာထက်သာတာ ဝယ်မယ်လေ၊ တစ်ရာ့ရှစ်ဆယ်တန် ရိုးမားနာရီ ဝယ်မယ်"

ရွာဦးကျောင်း နဝကမ္မ ဥပသကာငွေထဲက ငွေနှစ်ရာခေတ္တချေးယူပြီး မြို့ကိုတက်သွားကြသည်။ ကျပ်တစ်ရာ့ရှစ်ဆယ်တန် ရိုးမားအမျိုးအစား လက်ပတ်နာရီတစ်လုံး ဝယ်ပြီးပြန်ခဲ့ကြသည်။ ဒီနာရီကို အောက်ရွာက ကာလသားခေါင်း ထွန်းမောင်ကို ပေးပတ်စေသည်။ အထက်ရွာနှင့် ယှဉ်နိုင်သည့်အပြင် သာသွားသည်လို့တောင်ပြောလို့ရသည်။

ဒီသတင်းကိုကြားသွားသည့် သူဌေးသားကိုဖိုးခင်က အောက်ရွာက ဒီလိုလားဆိုပြီးသူ့အိုဂျီဘယ်နာရီကို လျှော့ဈေးဖြင့်ပြန်ရောင်းပစ်လိုက်သည်။ မြို့ကိုတက်ပြီး ရောင်းကုန်ပစ္စည်းဝယ်သည့် သူ့ညီနှင့်နာရီတစ်လုံးဝယ်ခိုင်းလိုက်သည်။ အောက်





ရွာက ထွန်းမောင်ရဲ့နာရီထက်ဈေးကြီးသည့် နာရီကိုဝယ်ခဲ့ရန်မှာလိုက်သည်။ မကြာမီပင် ကိုဖိုးခင်နာရီအသစ် ဝယ်ပတ်နေပြီဆိုသည့်သတင်းကို အောက်ရွာကကြားသိရသည်။

"ဟော့ ထွန်းမောင်၊ ဘာအမျိုးအစားတဲ့လဲ၊ ဘယ်လောက်ပေးရလဲ၊ စုံစမ်းပါဦး၊ ငါတို့ရွာက လိုက်ပြိုင်နိုင်လျှင်လည်း ပြိုင်တာပေါ့ကွာ"

"စုံစမ်းစရာမလိုဘူး၊ ဖိုးခင်က တစ်ရွာလုံးကို လိုက်ပြပြီးပြောနေလို့ သိနေကြပြီ၊ အိုမီဂါအမျိုးအစားတဲ့ ရှစ်ရာ့ငါးဆယ်တောင်ပေးရတာတဲ့၊ ဘယ်လိုလုပ်ကြမလဲ"

ဘယ်လိုမှ မလုပ်နိုင်ဖြစ်သွားကြသည်။ သံတွဲခရိုင်၊ ဂွမြို့နယ်မှာ အိုမီဂါနာရီအမျိုးအစားထက်ကောင်းတဲ့ လက်ပတ်နာရီမရှိလို့ဖြစ်သည်။ အိုမီဂါထက်ကောင်းတဲ့ ရိုးလက်(စ်) နာရီကိုလိုချင်လျှင်၊ ရန်ကုန်မြို့ကို တက်ဝယ်ရမည်။ တစ်ထောင်ကျော်ပေးရမည်။ လမ်းစရိတ်ပါဆိုလျှင် တစ်ထောင့်ငါးရာလောက်ကုန်ကျသွားနိုင်သည်။ နွားတစ်ချဉ်းဝယ်လို့ရသည့် တန်ဖိုးဖြစ်သည်။

"အဲဒီတော့ တို့အောက်ရွာသားတွေ ဘာလုပ်ကြမလဲ"

"ဘာမှမလုပ်နဲ့ အရှုံးပေးလိုက်ရုံပေါ့"

"ဖိုးခင်လက်ပတ်နာရီပတ်ပြီး လမ်းလျှောက် တုတ်တရမ်းရမ်းနဲ့ လမ်းသလားနေတာကြည့်ပြီး မခံချင်လို့ပါကွာ"



www.burmeseclassic.com

www.burmeseclassic.com

"မျက်စိကန်း နေတဲ့အကောင် လက်ပတ်နာရီပတ်တာ ဘာမနာလိုစရာရှိလဲကွ"

ဒီတော့မှ သတိရသွားကြသည်။ ဟုတ်ပေလားပဲဟု တွေးမိသည်။ ဖိုးခင်သည် ရွာသူဌေးသား၊ မြို့ပြန်အင်္ဂလိပ်ကျောင်းသားဆိုသည့်မာနဖြင့် ဘဝင်မြင့်နေသည်။ အရက်သောက်သည်။ ဖဲရိုက်သည်။ မြို့တက်ပြီး အပျော်အပါး လိုက်စားသည်။ မိဘပေးစားသည့်မယားက စိတ်ညစ်ပြီးအဆိပ် သောက်သေသည်။ သူ့သဘောဖြင့်သူ ယူသည့်မယားတွေနှင့်ကွဲသည်။ မုဆိုးဖိုနှစ်ခုလပ် ဖြစ်နေသည်။

ဒါပေမဲ့ အထက်ဇီးခုံရွာမှာတော့ ဖိုးခင်ကလယ်ပိုင်ရှင်၊ ယာပိုင်ရှင်၊ ကုန်မျိုးစုံဆိုင်ပိုင်ရှင်၊ ရွာသူဌေးကြီးမိသားစုရဲ့ သားကြီးဖြစ်လို့ ချမ်းသာသည်။ ဝတ်နိုင်၊ စားနိုင်သည်။ လုပ်ချင်တာ လုပ်နိုင်သည်။ လုပ်ချင်တာတွေ လုပ်သည့်အတွက် အရက်အခိုးနှင့် ကာလသားရောဂါပိုး မျက်စိထဲဝင်ပြီး စုံလုံးကန်းနေသူ ဖြစ်သည်။

မျက်စိကန်းနေသူသည် ဘယ်လောက်အမျိုးအစားကောင်းသည့်လက်ပတ်နာရီကို ပတ်နိုင်သည်ဖြစ်စေ၊ အချိန်ကို သိချင်လျှင် သူများကိုမေးရမည်ဖြစ်သည်။ အောက်ဇီးခုံရွာသားတွေ နေသာထိုင်သာ ဖြစ်သွားကြသည်။

ကလျာ ၊ ၂၀၁၀ ခုနှစ် ၊ မတ်လ။



# ဆုတောင်းမဆုံးစေနဲ့စောကလျာ

ဦးစိုးလှိုင်သည် ကွယ်လွန်သူဇနီး၏ တစ်လပြည့်ဆွမ်းသွပ်အလှူရေစက်ချပြီးတာနဲ့ ဘုရားကိုသွားဦးမည်ဆိုပြီး အဝတ်အစားလဲသည်။ အသက် ငါးဆယ်ကျော်မျှဖြင့် ကွယ်လွန်သွားသည့်ဇနီးကို နှမြောလွန်းလို့၊ အောင့်မေ့လွမ်းတ၊ သတိရလွန်းလို့ သူ့အတွက်ရည်စူးပြီး ဘုရားမှာ ပန်းဆီမီး၊ ရေချမ်း ကပ်လှူမည်။ နောင်ဖြစ်လေရာဘဝတိုင်းမှာ ဒီဇနီးကို သားမယားအဖြစ် ပေါင်းရပါလို၏လို့ ဆုတောင်းမည်ဟု ရည်ရွယ်သည်။

ကွယ်လွန်သူဇနီးကို နှစ်ဘက်မိဘတွေက သဘောတူလို့ လက်ထပ်ယူခဲ့ရသော်လည်း ဆယ်နှစ်ဆယ်မိုး သမီးရည်းစားအဖြစ်ချစ်ခဲ့ရသည့် ချစ်သူကို လက်ထပ်ယူခဲ့ရသလို မြတ်မြတ်နိုးနိုး ပေါင်းသင်းခဲ့သည်။ နှစ်နှစ်ကာကာ၊ အသည်းအသက်တမျှချစ်ခဲ့ရသည်။ မိမိအပေါ်မှာ လင်သားတစ်ယောက်လိုသာမက အစ်ကိုတစ်ယောက်လို ရှိသေလေးစားခဲ့သည့် ဇနီးကို လက်



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ဆုံးရှုံးလိုက်ရလို့ ရင်နင့်အောင်ခံစားရသည်။ ဖြေမဆည်နိုင်အောင်ဖြစ်ရသည်။

ဇနီးဆိုသော်လည်း ဆွေမျိုးတစ်စတော်စပ်သူဖြစ်လို့ ခင်ရေ၊ အချစ်ရေလို့ မခေါ်ဘဲ မိသားစုတွေ၊ ဆွေမျိုးစုတွေ ခေါ်သလို မလေးလို့ပဲ ခေါ်ခဲ့သည်။ မလေးဆိုသည့်နာမည်ကလည်း ကြသပတေးသမီးဖြစ်လို့ နေ့သင့်နံသင့်ဖြစ်နေသည်။ မလေးလို့ခေါ်လို့လည်း ကောင်းသည်။ မလေးဆိုသည့်နာမည်ပင် အတည်ဖြစ်နေတော့သည်။ မိမိနှင့် လက်ထပ်ပြီးတော့မှ မိမိကို ချစ်လို့ဆိုပြီး မိမိ၏နာမည်ထဲက လှိုင်ဆိုသည့် စာလုံးကို သူ့နာမည်နောက်က ထပ်ထည့်သည်။ ဒီတော့ မိသားစုသန်းခေါင်စာရင်းမှာ တရားဝင်နာမည်က မလေးလှိုင် ဖြစ်သွားသည်။ အဲဒီလို ချစ်စရာကောင်းသည့်ဇနီးဖြစ်သည်။

"မလေးကို အစ်ကို သိပ်ချစ်တာပဲကွယ်"

"မလေးလည်း အစ်ကို့ကို အရမ်းချစ်တယ် အစ်ကိုရယ်"

"ယုံပါတယ် မလေးရယ်"

အသက်ငါးဆယ်ကျော်အရွယ်မှာ သွေးတိုးရောဂါဖြင့် မလေး ကွယ်လွန်သည်။ မိသားစုတွေနှင့် တူမတွေ ရင်ကွဲမတတ် ပူဆွေးငိုကြွေးခဲ့ကြသည်။ အလှပြင်ဆရာမကို ပင့်ခေါ်ပြီး အလောင်းပြင်ထားတော့ သေနေတာနဲ့မတူဘဲ အလှပြင်ပြီး





အိပ်နေတာနဲ့တူနေသည်။ အသားဖြူ ရုပ်ချောသူဖြစ်လို့ အလောင်းက ပစ်ရက်စရာမရှိအောင် လှနေသည်။

"မပစ်ရက်ပါလား မလေးရယ် . . ."

နိပတ်တော်ထဲက သူကြွယ်သားလို သေသူဇနီး၏ အလောင်းကို မပုပ်မသိုးအောင် ဆေးစိမ်ပြီး နေ့စဉ်ကြည့်နေချင်သည်။ နိပတ်တော်ထဲက ဇာတ်လမ်းအရတော့ ဆွမ်းခံသည့် ရဟန္တာက သူ့ဇနီးရောက်ရှိနေသည့် ဘုံဘဝမှာ နောက်လင်ဖြင့် ပျော်ပါးနေပုံကိုပြလို့ အလောင်းကို ဖျက်ဆီးပစ်လိုက်သည်ဟု ပါရှိသည်။

မလေးဟာ ဘယ်ဘဝကိုပဲရောက်နေသည်ဖြစ်စေ၊ မိမိကို သစ္စာဖောက်ပြီး နောက်ယောကျ်ားတစ်ယောက်နှင့် ပျော်ပါးနေလိမ့်မည်ဟု လုံးဝ မယုံကြည်။ မလေးသည် မိမိအပေါ်မှာ သံသရာတည်သ၍ သစ္စာရှိနေမည်ဟု ယုံကြည်သည်။ ညားခါစက ဘုရားမှာ ဆုတောင်းခဲ့ကြတာကို ပြန်လည်ကြားယောင်မိသည်။

"သံသရာအဆက်ဆက် ဖြစ်လေရာဘဝတိုင်းမှာ ဒီလင်ကိုသာ ပေါင်းသင်းရပါလို၏"

အဲဒီတုန်းက မိမိကလည်း အားကျမခံ ဒီမယားကိုသာ ပေါင်းရပါလို၏လို့ ရင်ထဲအသည်းထဲက လှိုက်လှိုက်လှဲလှဲ ဆု



www.burmeseclassic.com

www.burmeseclassic.com



တောင်းခဲ့တာကို မှတ်မိသေးသည်။ မလေး ဝမ်းသာလွန်းလို့ ဘုရားရင်ပြင်တော်ပေါ်မှာပင် မိမိ၏ရင်ခွင်ကို ခေါင်းဝင်တိုး ဝှေ့ခဲ့တာကိုတောင် အမှတ်ရမိသေးသည်။ တကယ်ချစ်တာပါ မလေးရယ် . . .။ အခုတော့ အသည်းအသက်နှင့်ထပ်တူ ချစ်ခဲ့ရတဲ့ မလေးကို စွန့်လွှတ်ခဲ့ရတာ တစ်လတောင်ပြည့်ခဲ့ပါရောလား။

မလေးကို အသုဘပို့ပြီး သုသာန်ကအိမ်ကိုပြန်ရောက်လာတဲ့နေ့က ဧည့်ခန်းမှာ ချိတ်ဆွဲထားတဲ့ ဓာတ်ပုံထဲမှာ မလေး ပြုံးရယ်နေပုံကိုကြည့်ပြီး ဦးစိုးလှိုင် မျက်ရည်တွေကျလာတာကို မိသားစုတွေ သတိထားလိုက်မိကြသည်။ ပြုံးအလှပိုင်ရှင်ကြီး မလေးရယ် လောကကြီးမှာ တကယ်မရှိတော့ပါလားကွယ်။ အစ်ကို ဘယ်လိုနေခဲ့ရမလဲ မလေး။

မလေးရဲ့အလောင်းကို မီးသဂြိုဟ်စက်ထဲထည့်လိုက်တော့ မလေး ဝတ်ဆင်ထားသည့် အဖိုးတန်အဝတ်အစားတွေကို ချွတ်ယူထားလိုက်မလားလို့ တာဝန်ရှိသူတွေက မေးသည်။ တစ်သိန်းကျော်တန်သည့် ရွှေကိုင်းမျက်မှန်ကအစ ဘာကိုမျှ မယူပါ။ ဖြစ်လေရာဘဝမှာ ဒီလိုပဲ အဖိုးတန်အသုံးအဆောင်တွေဖြင့် ဝတ်စားဆင်ယင်စေလိုသည်။ ပန်ထားသည့် စိန်နားကပ်ကိုတောင် အလောင်းပြင်စဉ်ကပင် ချွတ်ယူထား၍သာ ပါ





မသွားတာဖြစ်သည်။ မိမိသဘောဆိုလျှင် နောင်ဘဝမှာပင် မလေး ဝတ်စေချင်သည်။

တရဲရဲလောင်နေသည့် မီးလင်းဖိုကြီးထဲကို ခေါင်းထိုးသွင်းတော့မည်ဆိုတော့ တာဝန်ရှိသူတွေက ကျေနပ်ပြီလား။ ဝအောင် ကြည့်ဦးမလားဟု မေးသည်။

“ကြည့်လို့ မဝပါလား မလေးရယ်၊ ထည့်လိုက်ကြပါတော့”

မီးတောက်ကြီးထဲကို မလေးကို တွန်းပို့လိုက်သည့်အချိန်မှာ ဦးစိုးလှိုင်၏တစ်ကိုယ်လုံး မီးလောင်ခံလိုက်ရသလို ပူလောင်သွားသည်ဟု စိတ်တထင်လိုက်သည်။ မီးပူသည့်အပြင် ချွေးပြန်ပြီးအသက်ရှူမဝလို့ မီးသဂြိုဟ်အခန်းတွင်းမှ အပြင်ကိုပြန်ထွက်ခဲ့ရတာကို မှတ်မိသေးသည်။ အပြင်ကိုပြန်ထွက်လာသည့် ဦးစိုးလှိုင်ကို မိသားစုတွေက မူးပြီးလဲကျသွားမည်စိုးလို့ ဝိုင်းဝန်းယပ်ခပ်ပေးကြသည်။ သူ့ဇနီးကို သူဘယ်လောက်ချစ်တယ်ဆိုတာကို တစ်ဆွေလုံး တစ်မျိုးလုံးကလည်း သိနေကြသည်။

မလေးလှိုင်ဆိုတဲ့ မိန်းမချော၊ မိန်းမလှ၊ ဇနီးချော၊ ဇနီးလှတစ်ယောက် ဒီနေ့ကစပြီး လူ့လောကကြီးထဲက ပျောက်ကွယ်သွားရပြီပါလားဆိုသည့်အသိကြောင့် ဆောက်တည်ရာမရ ဖြစ်ခဲ့ရသည်။ အသုဘချသည့်နေ့ ညနေက အိမ်ကိုပြန်ရောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် တစ်ယောက်တည်း လသာဆောင်မှာ ထိုင်နေခဲ့သည်။

မိသားစုက ညစာစားဖို့လာခေါ်တာကို ခေါင်းခါလိုက်သည်။ ညစာကို မလေးနှင့်အတူ စားနေကျဖြစ်သည်။ ဒီနေ့ မိမိတစ်ယောက်တည်း စားရမည်ဖြစ်လို့ မစားတော့ဘူး၊ မဆာသေးဘူး၊ ကော်ဖီတစ်ခွက်သာ ဖျော်ပေးပါလို့ ပြောလိုက်သည်။ အဲဒီနေ့က ညတစ်ဝက်ခန့် မအိပ်ဘဲ လသာဆောင်မှာ ထိုင်နေခဲ့သည်။ ရောက်လေရာဘုံဘဝက အစ်ကို့ကို စောင့်နေပါ မလေးရယ်လို့ စိတ်ထဲကပြောပြီး အိပ်ရာဝင်ခဲ့သည်။ ညသန်းခေါင်ကျော်နေပြီဖြစ်သော်လည်း တော်တော်နဲ့အိပ်မပျော်ခဲ့တာကိုတောင် မှတ်မိနေသည်။

မလေး မိမိကိုခွဲခွာသွားတာ ဒီနေ့ တစ်လတိတိပြည့်ပါရောလားလို့ လွမ်းတလို့ မလေးနှင့်အတူထိုင်ပြီး ဘုရားဝတ်ပြုခဲ့ကြတဲ့ ကြာသပတေးဂြိုဟ်တိုင်ရှိရာ အနောက်ဘက်အာရုံခံတန်ဆောင်းမှာ ပုတီးစိပ်မည်။ တရားထိုင်မည်။ မလေး ကောင်းရာသုကတိဘုံဘဝကို ရောက်ပါစေကြောင်း ဆုတောင်းမည်။

အနောက်ဘက်အာရုံခံတန်ဆောင်းအတွင်းမှာ မထိုင်မီ ကြာသပတေးဂြိုဟ်တိုင် ရုပ်ပွားတော်ကို ပန်းဆီမီး၊ ရေချမ်းကပ်လှူသည်။ မလေး၏ အသက် ၅၅ နှစ် အထိမ်းအမှတ်အဖြစ် ရုပ်ပွားတော်ကို ရေ ၅၅ ခွက်လောင်းသည်။





အနောက်ဘက်အာရုံခံတန်ဆောင်းအတွင်းမှာ မျက်စိမှိတ်ပြီး ပုတီးစိပ်နေသည့် အမျိုးသမီးတစ်ယောက်သာ တွေ့ရသည်။ လူသူရှင်းနေသည့်အတွက် စိတ်ချမ်းသာသွားသည်။ လူများတာ၊ လူရှုပ်တာကို ဦးစိုးလှိုင် မကြိုက်။ အာရုံနောက်သည်။ မျက်စိမှိတ်ပြီး ပုတီးစိပ်နေသည့် အမျိုးသမီးနှင့် မလှမ်းမကမ်းနေရာ၊ တိတိကျကျပြောရလျှင် ၅ ပေလောက်အကွာမှာ နေရာယူပြီး ဘုရားကို ဦးချကန်တော့လိုက်သည်။

ငါးပါးသီလယူသည်။ အစိန္တေယျ ဘုရားရှိခိုးကိုတော့ အသံထွက်ပြီး ရှိခိုးလိုက်သည်။ ဘေးနားက ပုတီးစိပ်နေသည့် အမျိုးသမီးကိုလည်း အနှောင့်အယှက်မဖြစ်ရှိ လေသံဖြင့် ရွတ်ဆိုသော်လည်း သူကြားနိုင်လောက်သည့်အသံ ဖြစ်နေသည်။ ဘုရားရှိခိုး အမျိုးအစားကလည်း ရိုးရိုးမဟုတ်၊ ရှယ်လို့ပြောရမည့် ဘုရားရှိခိုးအမျိုးအစားကို ခိုးသည်။ ဤဘဒ္ဒကမ္ဘာမှာ ပွင့်တော်မူကြပြီးသောဘုရားလေးဆူကိုသာမက၊ မပွင့်သေးသည့် ဗောမိသတ္တ အရိမေတ္တေယျ ဘုရားအလောင်းကိုပါ ရှိခိုးသည်။

ဤကမ္ဘာမတိုင်မီက ဂင်္ဂါ ဝါဠု သဲစုမကပွင့်တော်မူပြီးကြကုန်သော ဘုရားရှင်အပေါင်းကိုလည်းကောင်း၊ နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့ကိုလည်းကောင်း ရှိခိုးပါ၏ဘုရားလို့ အသံထွက်ပြီး ရှိခိုးလိုက်တော့ ဘုရားရှိခိုးက ရိုးရိုးမဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ထူးရှယ်ဖြစ်နေသည့်အတွက် ဘေးနားက မျက်စိမှိတ်ပြီး ပုတီးစိပ်နေသည့် အမျိုးသမီးတောင် မျက်စိဖွင့်ပြီး မိမိဘက်ကို ကြည့်သည်လို့ ထင်လိုက်မိသည်။

ဘုရားရှိခိုးပြီးတော့ မိမိတစ်နိုင် တရားထိုင်မည်ဟု တင်ပလ္လင်ခွေနေရာပြင်လိုက်သည်။ ကိုယ်တိုင် ရိပ်သာကို မဝင်ဘူးသေးသော်လည်း ကြားဖူးနားဝရှိတာလေးဖြင့် ဝင်လေသိ၊ ထွက်လေသိ ရှုမှတ်သည်။ သတိကို နှာသီးဖျားမှာ ကပ်ထားသည်။

ဝင်လေ၊ ထွက်လေကိုသိနေတော့ ဘုရားမှာ ကပ်လှူထားကြသည့် ပန်းမျိုးစုံအနံ့တွေနှင့် အမွှေးတိုင်ကို မီးရှို့ထားသည့် မီးခိုးအနံ့တွေကို သိနေသည်။ မီးငြိမ်းသွားသည့် ဖယောင်းတိုင်တွေကထွက်လာသည့် ညှော်နံ့တွေကို မလွဲမရှောင်သာ၍ ဖြေးဖြေးရှူသွင်းရသည်။ ခပ်ပြင်းပြင်း မှုတ်ထုတ်ပစ်သည်။ ဝင်လေ၊ ထွက်လေကို သိနေသည်။

လေပြေလေညှင်း၏ တစ်ကျော့ပြန် အငွေ့မှာ အတော်အတန် အဆင့်အတန်းရှိသည့် ရေမွှေးနံ့သင်းသင်းကို ရှူရှိုက်လိုက်ရသည်။ ရေမွှေးသည် အကောင်းစားကြီးမဟုတ် သော်လည်း ပြည်တွင်းဖြစ်ရေမွှေး မဟုတ်တာ သေချာသည်။ ပြင်သစ်သို့မဟုတ် ဥရောပနိုင်ငံလုပ် ရေမွှေးဖြစ်သည်။ ရေမွှေး ဆိုတာက





ဘယ်နိုင်ငံကပင်လုပ်သည်ဖြစ်စေ၊ ကိုယ်ကြိုက်သည့် အနံ့ကိုသုံးကြတာဖြစ်လို့ အဖိုးတန်တယ်၊ မတန်ဘူးလို့ ပြောရမှာခက်သည်။ ဒီရေမွှေးအနံ့ကတော့ အတော်အဆင့်အတန်းရှိသည့်အပြင် ဈေးကြီးမှာသေချာသည်။ ပဲရစ်ရေမွှေး ဖြစ်နိုင်သည်။

အနံ့ကောင်းတော့ ခပ်ပြင်းပြင်းရှူသွင်းပြီး အနံ့ပျောက်သွားမှာစိုးလို့ ဖြေးဖြေး ပြန်မှုတ်ထုတ်သည်။ ဝင်လေ နှင့်ထွက်လေကို သိနေသည်။ ဒီအနံ့ ဘယ်ကလာသလဲ သိချင်လို့မျက်စိကိုအသာဖွင့်ပြီး ပတ်ဝန်းကျင်ကို မသိမသာ ကြည့်သည်။ ဘယ်သူမှမရှိ။ ပုတီးစိပ်နေသည့် အမျိုးသမီးတစ်ဦးတည်းသာရှိသည်။ သေချာသည်။ ဒီအနံ့သည် သူဆွတ်ဖျန်းလာသည့်ရေမွှေးဖြစ်သည်။ အဆင့်မနိမ့်ပါလားလို့ သတိထားမိသည်။ ဝင်လေကို ဝအောင်ဆွဲရှူလိုက်သည်။ နှာခေါင်းမှ လည်းချောင်း၊ ရင်ခေါင်းကိုဖြတ်ပြီး ချက်တိုင်အထိ ရောက်သွားသည်။ ပြန်မှုတ်ထုတ်ရမှာ နှမြောလို့ ဖြေးဖြေးပဲ ပြန်ထုတ်လိုက်သည်။ ကောင်းလိုက်တဲ့အနံ့ဟု တွေးမိသည်။ ရေမွှေးနှင့်အတူ ဆွတ်ဖျန်းထားသည့်သူ၏ ကိုယ်သင်းနံ့လေးပါ ရောပါနေသဖြင့် ဝင်လေကို ပိုသိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



တရားရှုမှတ်တာ ၁၅ မိနစ်၊ မိနစ် ၂၀ လောက်တောင် ကြာသွားသည်။ ရှုမှတ်တာကိုရပ်ပြီး ဘုရားဝတ်ပြုရန် ကရိယာ ပုဒ်ပြင် (မယ်ကြုံ့) ထိုင်လိုက်သည်။ ဤသို့ပြုရ ကုသလကို အမျှဝေလိုက်သည်။

"ဒါန၊ သီလ၊ ဘာဝနာ၊ ယခုပြုရကုသလ အဖြာဖြာကို ၃၁ ဘုံမှာကျင်လည်ကြပါကုန်သော ဝေနေယျ သုခိတ ဒုက္ခိတ သတ္တဝါမှန်သမျှ ရကြပါစေ အမျှဝေပါသည်၊ အမျှရ၍ ချမ်းသာကြပါစေ၊ အထူးသဖြင့် လွန်ခဲ့သည့်တစ်လတိတိက ဘဝတစ်ပါးသို့ပြောင်းသွားသော ချစ်ဇနီး မလေးလှိုင် ရောက်ရာဘုံဘဝမှ အမျှရ၍ သာဓုခေါ်နိုင်ပါစေ၊ အားလုံး ကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့ . . ."

"သာဓု သာဓု သာဓု ပါတော် . . ."

ဦးစိုးလှိုင် အံ့သြသွားသည်။ အံ့သြသွားတာ တခြားကြောင့်မဟုတ်။ သူအမျှဝေတာကို သာဓုခေါ်လိုက်သူဟာ သူ့ဘေးနားမှာ ပုတီးစိပ်နေသည့် အမျိုးသမီးဖြစ်နေလို့ဖြစ်သည်။ အမျိုးသမီးကို သေသေချာချာကြည့်လိုက်တော့ ဦးစိုးလှိုင် ရင်ခုန်သွားသည်။

အမျိုးသမီးသည် အသက်အရွယ်၊ ရုပ်ရည်ပါ ကွယ်လွန်သူ ဇနီး မလေးမှိုင်နှင့် ခပ်ဆင်ဆင်တူလို့ ရင်ခုန်သွားတာဖြစ်





သည်။ ပုတီးစိပ်ပြီးပြီဖြစ်လို့ ပုတီးကိုရစ်ခွေပြီး စလင်းဘက် လက်ကိုင်အိတ်ထဲကို ထည့်သိမ်းနေသည်။ ဦးစိုးလှိုင်ကို ပြုံးပြပြီးကြည့်သည်။ ဆွတ်ဖျန်းထားသည့် ရေမွှေးအနံ့ကိုသာမက လူကိုပါ ကြိုက်သွားပြီလို့ သတိထားလိုက်မိသည်။

"အစ်ကိုနဲ့ ကျွန်မနဲ့ ဘဝချင်းတူနေပြီထင်တယ်"

"ဘာကြောင့်များပါလိမ့်ဗျာ"

"အစ်ကိုမေတ္တာပို့ အမျှဝေတာမှာ လွန်ခဲ့တဲ့ တစ်လတိတိက ကွယ်လွန်ပြီး ဘဝကတစ်ပါးပြောင်းသွားသော ချစ်ဇနီးလို့ ကြားလိုက်လို့ပါ"

"ဟုတ်ပါတယ်၊ ကျွန်တော့်ဇနီး ဆုံးပါးသွားတာ ဒီနေ့တစ်လပြည့်လို့ပါ"

"အဲဒါကြောင့် အစ်ကိုနှင့်ကျွန်မတို့ ဘဝချင်းတူနေပြီထင်တယ်လို့ ပြောတာပါ၊ ကျွန်မခင်ပွန်းလည်း ကွယ်လွန်သွားတာ ဒီနေ့တစ်လပြည့်တယ်၊ ဒါကြောင့် သူ့မွေးနံ့ဒေါင့်မှာ ဝတ်ပြုဆုတောင်းဖို့လာတာပါ"

"အော် . . . ဒီကညီမရဲ့ခင်ပွန်းကလည်း ကြာသပတေးသားပဲလား"

"ဟုတ်တယ်၊ နာမည်က ဦးမျိုးမြင့်လှိုင်တဲ့"

www.burmeseclassic.com



"ဟယ် . . . တိုက်ဆိုင်လိုက်တာ . . .၊ အစ်ကို့ဇနီးကလည်း ကြာသပတေးသမီးပဲ၊ နာမည်က မလေးလှိုင်တဲ့၊ နာမည်ရင်းကတော့ မလေး၊ အစ်ကိုနဲ့ အကြောင်းပါတော့မှ အစ်ကို့နာမည် စိုးလှိုင်ဆိုတော့၊ သူ့နာမည်ကို မလေးလှိုင်လို့ ပြောင်းလိုက်တယ်"

"ဟောတော် . . .၊ တူလိုက်တာ အစ်ကိုစိုးလှိုင်ရယ်၊ ကျွန်မရဲ့နာမည်ရင်းက စောကလျာ၊ မောင်နဲ့လက်ထပ်ပြီးတော့မှ မောင့်နာမည်လှိုင်ကိုထပ်ဖြည့်ပြီး စောကလျာလှိုင်လို့ နာမည်ပြောင်းလိုက်တယ်၊ အစ်ကိုနဲ့ ပဋ္ဌာန်းဆက်ပါတယ်ထင်တယ်"

"ဟုတ်တယ်နော် . . .၊ အံ့သြစရာကောင်းလောက်အောင် တူညီတိုက်ဆိုင်တာပဲ"

ပဋ္ဌာန်းဆက်ပါသူနှစ်ယောက်တို့ မိတ်ဆွေဖြစ်သွားကြပြီး တစ်ယောက်အကြောင်းတစ်ယောက် ပြောပြဖြစ်ကြသည်။ ဦးစိုးလှိုင်က မလေးကို မိဘပေးစားလို့ လက်ထပ်ယူခဲ့သည်။ မလေး အသက် ၅၅ နှစ်မှာ သွေးတိုးရောဂါဖြင့် ရုတ်တရက် ကွယ်လွန်သည်။ မိမိထက် ၅ နှစ်မျှ ငယ်သူဖြစ်လို့ နှမြောမိကြောင်း၊ ကောင်းရာသုဂတိဘုံဘဝကို ရောက်ပါစေကြောင်း ဆုတောင်းနေရကြောင်း ပြောသည်။

ဒေါ်စောကလျာလှိုင်ကလည်း တူလိုက်တာ ကိုစိုးလှိုင်ရယ်လို့ အစချီကာ သူ့အကြောင်းကိုပြောပြသည်။ သူ့ခင်ပွန်းကို





မိဘတွေသဘောတူလို့ လက်ထပ်ယူခဲ့ရတာဖြစ်ကြောင်း၊ သူက ရှမ်းစော်ဘွားမျိုးနွယ်အဆက်ဖြစ်လို့ နာမည်ရင်း စောကလျာဖြစ်ကြောင်း၊ ခင်ပွန်းသည် အသက် ၅၀ နှစ်မျှဖြင့် မော်တော်ကား အက်စီဒင့်ဖြစ်ပြီး ရုတ်တရက်ကွယ်လွန်ကြောင်း၊ မိမိထက် ၈ နှစ်မျှကြီးသော်လည်း ကျန်းမာရေးလိုက်စားသူဖြစ်လို့ နုပျိုကြောင်း၊ ခွဲခွာခဲ့ရတာ တစ်လရှိပြီဖြစ်သော်လည်း တစ်နေ့မှ မမေ့မရလို့ သူ့အတွက်ရည်စူးပြီး ကုသိုလ်ပြုဆုတောင်းနေတာဖြစ်ကြောင်း ပြောပြသည်။

မိတ်ဆွေတွေဖြစ်သွားကြပြီဖြစ်လို့ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်တွေ အပြန်အလှန်ပေးကြသည်။ ဘုရားက အတူပြန်ကြရတော့မည်ဆိုတော့ ဘုရားဝတ်ပြုဆုတောင်းကြသည်။ အသံမထွက်ဘဲ ဆုတောင်းကြတာဖြစ်လို့ ဘယ်သူက ဘာ တွေကို ဆုတောင်းတယ်ဆိုတာ မသိနိုင်ဖြစ်နေသည်။ ဒေါ်စောကလျာ ဆုတောင်းပြီးလို့ ရှိခိုးဦးချပြီးသည်အထိ ဦးစိုးလှိုင်က မပြီးနိုင်သေးဖြစ်နေသည်။ ပါးစပ်လှုပ်ပြီး စိပ်ပါလက်ပါ ဆုတောင်းနေသည်။ ဒေါ်စောကလျာ ရှိခိုးဦးချပြီးလို့ ဆယ်မိနစ်လောက်ကြာမှ ဦးစိုးလှိုင် ဆုတောင်းပြီးလို့ ရှိခိုးဦးချသည်။ ဒေါ်စောကလျာက ဦးစိုးလှိုင်ကို ပြုံးကြည့်ပြီးမေးသည်။

"ကိုစိုးလှိုင် ဘုရားဝတ်ပြုဆုတောင်းတာ ကြာလိုက်တာ၊ ဘာတွေ ဆုတောင်းလို့ ဒါလောက်ကြာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးလှိုင်ကလည်း ဒေါ်စောကလျာကို ပြုံးပြီး စိုက်ကြည့်နေသည်။ ဘာဆုတွေတောင်းတယ်ဆိုတာ ပြောရတော့မည်ဖြစ်လို့ ရှက်နေတာဖြစ်မည်။

"ကျွန်တော် ဆုတောင်းတာကို ထုတ်ဖော်ပြောရမှာ ခက်နေတယ်"

"ဆုတောင်းတာပဲတော် ပြောရမှာမခက်ပါဘူး"

"မခက်ပေမဲ့ ရှက်စရာများဖြစ်နေမလားလို့"

"မရှက်ပါနဲ့ ပြောပါ"

"ဒီနေ့ ဒီအချိန်ကစပြီး နောင်ဖြစ်လေရာဘဝတိုင်းမှာ စောကလျာကို ဇနီးမယားအဖြစ်နဲ့ ပေါင်းရပါလို၏လို့ ဆုတောင်းလိုက်မိပါတယ်"

"ဟင် . . . အစ်ကိုစိုးလှိုင်ကလည်း လုပ်ချလိုက်ပြန်ပြီ"

"ကျွန်တော့်ကို စိတ်ဆိုးသွားပြီလား စောကလျာ"

"ဆိုးတယ်"

ဆိုးတယ်လို့ပြောပြီး ထိုးလိုက်သည့် ပြုံးမျက်စောင်းသည် ဦးစိုးလှိုင်၏မျက်လုံးတွေမှတဆင့် အသည်းနှလုံးထဲအထိ ဝင်ရောက်သွားသဖြင့် နှလုံးတုန်ရင်ခုန်သွားသည်။

ဘုရားရင်ပြင်တော်ကိုပတ်ကြရင်း ဒေါ်စောကလျာက လက်ပွေ့အိတ်ထဲက ခေါက်ထီးလှလှကိုဖွင့်ဆောင်းတော့ ဦးစိုးလှိုင်က သူ့ထီးရိုးကောက် မည်းမည်းကြီးကို မဖွင့်တော့ဘဲ





ဒေါ်စောကလျာ၏ထီးရိပ်ကို ဝင်ခိုလိုက်သွားသည်။ ထီးပိုင်ရှင်ကလည်း ဦးစိုးလှိုင်ကို လုံအောင်ဆောင်းပေးပြီး လျှောက်ရင်း ရင်ပြင်တော်ပေါ်က ဆင်းလာကြသည်။ ဦးစိုးလှိုင်က လက်ကနာရီကိုမြှောက်ကြည့်လိုက်သည်။

"၁၂ နာရီတောင်မထိုးသေးဘူး၊ တစ်ခုခုသွားစားရင်း စကားပြောကြရအောင်၊ မကောင်းဘူးလား"

"ကောင်းသားပဲ၊ ဘယ်ကိုသွားမလဲ"

"ဒဂုံဆိပ်ကမ်းမြို့နယ်က ဗာလင်တိုင်းပဲလေ့စ် အအေးခန်းတည်းခိုရိပ်သာမှာ အစားအသောက်လည်းကောင်းတယ်"

ဒေါ်စောကလျာက နှုတ်ခမ်းကိုစေ့ပြီး ပြုံးပြ ခေါင်းညိတ်လိုက်သည်။ အနီးကိုရောက်လာသည့် တိုင်စီကို တားလိုက်ပြီး တက်ထိုင်လိုက်ပါသွားကြလေသတည်း။

ကလျာ

၂၀၁၀ ခုနှစ်၊ ဩဂုတ်လ။

www.burmeseclassic.com

ရေဒီယိုဆက်သွယ်ရေးအရာရှိ ဦးစိုးမြင့်၏ သင်္ဘောသားလုပ်သက် (၁၈)နှစ်အတွင်းမှာ သင်္ဘောကုမ္ပဏီ (၇)ခု၊ သင်္ဘော (၁၃)စီးတွင် အမှုထမ်းရင်းရောက်ခဲ့ဖူးသည့် နိုင်ငံပေါင်း (၆၅) နိုင်ငံက အတွေ့အကြုံများကို ရေးသားထားပါသည်။

စာရေးသူနှင့် ထိတွေ့ဆက်စပ်ခဲ့ဖူးသည့် သင်္ဘောသားလောကမှ ပုဂ္ဂိုလ်များ၊ သင်္ဘောသား သူငယ်ချင်းများ၊ မိတ်ဆွေများ၏ အမည်များနှင့် ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများကို နေရာဒေသ၊ အချိန်ကာလနှင့်တကွ ဖော်ပြထားပါသည်။




**ထွက်နေပါပြီ**

စာမူခွင့်ပြုချက်-၄၀၀၅၅၆၀၅၀၆။ မျက်နှာဖုံးခွင့်ပြုချက်-၄၀၀၆၅၁၁၅၀၇။

**အဏ္ဏဝါစာပေ**

အမှတ် ၃၅၇(က)၊ ပြည်သာယာလမ်း၊ (၁၆/၃)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ ၅၇၈၆၆၀၊ ၀၉-၅၁၆၆၄၁၂။

ပြန်မပြော နားမထောင် ကိုအဏ္ဏဝါနှင့်
အူကြောင်ကြောင်မမြူတုတ်တို့အကြောင်းပါသည့်
"ရွှေအဲမြူတေ" ဝတ္ထုတိုများ




**ထွက်နေပါပြီ**

စာမူခွင့်ပြုချက်-၇၁၈/၂၀၀၄(၇)။ မျက်နှာဖုံးခွင့်ပြုချက်-၁၂၃၆/၂၀၀၄(၁၁)။

**အဏ္ဏဝါစာပေ**

အမှတ် ၃၅၇(က)၊ ပြည်သာယာလမ်း၊ (၁၆/၃)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ ၅၇၈၆၆၀၊ ၀၉-၅၁၆၆၄၁၂။

www.burmeseclassic.com

www.burmeseclassic.com


ယာကိုချစ်ပြီး လင့်ဝတ္တရားမပျက် လုပ်ကိုင်ကျွေးနေလျှင် အိမ်ထောင်ရေးမှာ
ကိစ္စပြီးပြီလို့ တွက်ထားသူ ယောကျ်ားတစ်ယောက်နှင့်
လင်၏အရေးအပြုကို ခံချင်လို့ လင်ရဲ့အရိုက်ကိုပင် ခံချင်နေသည့်
မိန်းမတစ်ယောက်အကြောင်း




[အသစ်စက်စက်လုံးချင်းဝတ္ထု]

"ကောင်းလိုက်တဲ့ဝတ္ထု"လို့ အသံထွက်ပြီး ရေးထားတဲ့
ဆရာလယ်တွင်းသားစောချစ်၏ အမှာစာနှင့်အတူ
ပန်းချီမောင်မောင်သိုက်၏ လက်ရာအဖုံးဖြင့်
အဏ္ဏဝါစာပေမှ ထွက်နေပါပြီ။

♦ စာမူခွင့်ပြုချက်အမှတ် - ၁၁၉၃/၂၀၀၃(၈)။

အဏ္ဏဝါစာပေ

အမှတ် ၃၅၇(က)၊ ပြည်သာယာလမ်း၊ (၁၆/၃)ရပ်ကွက်၊ သယ်ဉ်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ ၅၇၈၆၆၀၊ ၀၉-၅၁၆၆၄၁၂။

ဦးစိုးမြင့်(အဏ္ဏဝါစိုးမိုး)၏ သင်္ဘောသားလုပ်သက်(၁၃)နှစ်အတွင်း နိုင်ငံပေါင်း(၆၅)နိုင်ငံမှ
ဆိပ်ကမ်းမြို့ကြီးပေါင်း (၁၅၀)ကျော်တို့ကို သင်္ဘောကြီး(၁၃)စီးဖြင့် ရောက်ဖူးခဲ့ရာတွင်
မြင်၊ တွေ့၊ ကြား၊သိ၊ကြုံ၊ တွေ့ခဲ့ရသည့် အကြောင်းအရာတွေကို
သင်္ဘောတစ်စီးစာမျှသာ ရေးသားဖော်ပြနိုင်ခဲ့သည့်
'အဏ္ဏဝါခရီးသည်' စာအုပ်ကြီး၏အဆက်ဖြစ်သည့်




နော်ဝေးစတ္တုအကောင်းစားဖြင့် ရိုက်နှိပ်ထားသည့် စာမျက်နှာ(၇၀၀)ကျော်
မှတ်တမ်းဓာတ်ပုံ(၁၀၀)ကျော်ပါသော (၈×၅)လက်မအရွယ် စာအုပ်ကြီး ထွက်နေပါပြီ။
စာမူခွင့်ပြုချက်-၄၀၁၅၈၃၀၆၁၂။ မျက်နှာဖုံးခွင့်ပြုချက်-၄၀၀၀၃၈၀၁၀၇။

အဏ္ဏဝါစာပေ

အမှတ် ၃၅၇(က)၊ ပြည်သာယာလမ်း၊ (၁၆/၃)ရပ်ကွက်၊ သယ်ဉ်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ ၅၇၈၆၆၀၊ ၀၉-၅၁၆၆၄၁၂။


www.burmeseclassic.com

www.burmeseclassic.com

သင်္ဘောသားကြီး ဦးစိုးမြင့်(အဏ္ဏဝါစိုးမိုး)၏ သင်္ဘောသားလုပ်သက်(၃၇)နှစ်အတွင်း
နိုင်ငံပေါင်း (၆၅)နိုင်ငံမှ ဆိပ်ကမ်းမြို့ ကြီးပေါင်း (၁၅၀)ကျော်တို့ကို သင်္ဘောကြီး(၁၃)စီးဖြင့်
ရောက်ရှိခဲ့ရာတွင် မြင်တွေ့ ကြားသိ ကြုံတွေ့ခဲ့ရသည့် အကြောင်းအရာတွေကို
သင်္ဘော(၆)စီးစာမျှသာ ရေးသားဖော်ပြနိုင်ခဲ့သည့် 'အဏ္ဏဝါခရီးသည်' နှင့်
'ဝင်လသယ်ရောနှောင်ကြိုး' စာအုပ်ကြီးတို့၏ ဇာတ်သိမ်းပိုင်းဖြစ်သည့် စာအုပ်ကြီးထွက်ပါပြီ။





စက္ကူအကောင်းစားဖြင့် ရိုက်နှိပ်ထားသည့် စာမျက်နှာ(၇၃၀)ကျော်
မှတ်တမ်းဓာတ်ပုံ(၁၃၀)ကျော်ပါသော (၈×၅)လက်မအရွယ် စာအုပ်ကြီး ထွက်နေပါပြီ။
စာမူခွင့်ပြုချက်-၄၀၀၁၆၁၀၂၀၈။ မျက်နှာဖုံးခွင့်ပြုချက်-၄၀၀၁၇၉၀၂၀၈။

**အဏ္ဏဝါစာပေ**

အမှတ် ၃၅၇(က)၊ ပြည်သာယာလမ်း၊ (၁၆/၃)ရပ်ကွက်၊ သယ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ ၅၇၈၆၆၀၊ 📱 ၀၉-၅၁၆၆၄၁၂။

## အဏ္ဏဝါစိုးမိုး
## သင်္ဘောသား၏ဂူထဝင်ကလဲ့စား

ရေလမ်းခရီးမှပြန်ရောက်လာသောသင်္ဘောသားကို မနာလိုသူကအမှုဆင်ပြီး
တိုင်ကြားမှုကြောင့် ချစ်သူနှင့်လက်ထပ်မည့်ဆဲဆဲမှာ ဖမ်းဆီးခံရပြီး ထောင်ကျသွား
ခဲ့သည်။ ထောင်ကလွတ်လာသောအခါ သူ့ကို ဘဝပျက်အောင်လုပ်ခဲ့သူတွေကို
အဆင့်အတန်းမြင့်မြင့် ကလဲ့စားချေခဲ့သည်။




စာမူခွင့်ပြုချက် - ၅၀၁၂၈၀၀၈၀၈၊ မျက်နှာဖုံးခွင့်ပြုချက် - ၅၀၁၃၉၂၁၀၀၈
၅၃၃ × ၈၃၃ အရွယ်၊ စာမျက်နှာ (၂၅၀)၊ သရုပ်ဖော်ပုံတစ်ရာကျော်ကို
စက္ကူအကောင်းစားဖြင့် ရိုက်ထားသည့် ဘဝသရုပ်ဖော်စာအုပ်ကြီး

**ထွက်ရှိနေပါပြီ**

**အဏ္ဏဝါစာပေ**

အမှတ် ၃၅၇(က)၊ ပြည်သာယာလမ်း၊ (၁၆/၃)ရပ်ကွက်၊ သယ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ ၅၇၈၆၆၀၊ 📱 ၀၉-၅၁၆၆၄၁၂။


www.burmeseclassic.com

www.burmeseclassic.com

## အဏ္ဏဝါစိုးမိုး

## နှစ်ပေါင်းလေးဆယ်ကြာသောခါဝယ်

မွေးသက္ကရာဇ်မသိ၊ နာမည်မရှိသည့် ကျွန်တော်၏ဘဝကို စတင်မှတ်မိတာ ဂျပန်ခေတ်၊ ဗုံးခိုကျင်းထဲမှာဖြစ်သည်။ ငယ်စဉ်က ပညာမသင်ခဲ့ရသည့် ကလေးဘဝ၊ ဘုန်းကြီးကျောင်းသားလေးဘဝ၊ ကိုရင်လေးဘဝ၊ ပြည်တော်သာခေတ် ကိုရင်လူထွက်ဘဝ၊ တော်လှန်ရေးကောင်စီခေတ် ရေတပ်သားဘဝ၊ ကုန်သွယ်ရေး ခေတ် လမ်းဘေးဈေးသည်ဘဝတွေကိုဖြတ်သန်းရင်း နှစ်ပေါင်းလေးဆယ် ကြာပြီးနောက် မြန်မာနိုင်ငံ၏ စူပါစတားသင်္ဘောသားကြီး ဖြစ်သွားခဲ့သည့်အကြောင်း




စာမူခွင့်ပြုချက် - ၄၀၁၁၅၃၁၀၀၈၊ မျက်နှာဖုံးခွင့်ပြုချက် - ၄၀၁၁၆၇၁၁၀၈
၅" × ၈" အရွယ်၊ စာမျက်နှာ (၄၇၀)၊ မှတ်တမ်းဓာတ်ပုံပေါင်း
သုံးဆယ်ကျော်ကို နော်ဝေးစက္ကူအကောင်းစားဖြင့်ရိုက်ထားသည့်

ဘဝမှတ်တမ်းစာအုပ်ကြီး

### ထွက်ရှိနေပါပြီ

### အဏ္ဏဝါစာပေ

အမှတ် ၃၅၇(က)၊ ပြည်သာယာလမ်း၊ (၁၆/၃)ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ ၅၇၈၆၆၀၊ ၀၉-၅၁၆၆၄၁၂။

## အဏ္ဏဝါစိုးမိုး

## ပိန်ကုတ်တရလုလင်

ကိန္နရီချောင်း၊ ရွာဦးကျောင်း၏တောင်ပေါ်နောက်ကျော၊ မှတ်သုန်သစ်တောကြီးထဲမှာရှိသည့် ကျောက်ထရံဘုရားသိုက်ထဲက အလွန်ချော အလွန်လှသည့် ဥစ္စာစောင့် မရူပါဝတီနှင့် ဘုန်းကြီးကျောင်းသား မောင်ပိန်တို့၏ အချစ်ဇာတ်လမ်း





စာမူခွင့်ပြုချက် - ၅၀၁၇၈၁၁၁၀၈၊ မျက်နှာဖုံးခွင့်ပြုချက် - ၅၀၁၆၇၆၁၂၀၈
၅" × ၇" အရွယ်၊ စာမျက်နှာ (၁၄၀)၊ နန်းချိဆရာစိုးအောင်၏မျက်နှာဖုံးဖြင့်

### ထွက်ရှိနေပါပြီ

### အဏ္ဏဝါစာပေ

အမှတ် ၃၅၇(က)၊ ပြည်သာယာလမ်း၊ (၁၆/၃)ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ ၅၇၈၆၆၀၊ ၀၉-၅၁၆၆၄၁၂။

www.burmeseclassic.com


www.burmeseclassic.com
အဏ္ဏဝါစိုးမိုး
ဆုတောင်းမဆုံးစေနဲ့စောကလျာ
လက်ရွေးစင်ဝတ္ထုတိုများ
ဆုတောင်းမဆုံးစေနဲ့စောကလျာ - အဏ္ဏဝါစိုးမိုး
BURMESE CLASSIC .com
www.burmeseclassic.com